# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ခုနှစ် တွင် စတင် တည်ထောင်သည်။ Established In 1957


**ဂုဏ်တော်ထူးနှင့်ပြည့်စုံတော်မူ**

မြတ်စွာဘုရားသည် စိုးရိမ်ကြောင့်ကြမှုမရှိဘဲ အလွန်ချမ်းသာစွာ အသက်မွေးနိုင်ကုန်၏။ ဆွမ်းအာဟာရ မရသော်လည်း အာဘဿရဘုံရှိ ဗြဟ္မာကြီးများကဲ့သို့ ပီတိဟူသောအစာကို စားသုံး၍နေနိုင်ကုန်၏။ (ထိုသို့ ဂုဏ်တော်ထူးနှင့် ပြည့်စုံတော်မူပေသော မြတ်စွာဘုရားအား ရည်မှန်း၍ ပူဇော်ကန်တော့ရာ၏)

သုခဝဂ်(ဓမ္မပဒ-၂၀၀)


၁၃၇၉ ခုနှစ် တပို့တွဲလဆန်း ၄ ရက်၊ စနေနေ့။ | Saturday, 20 January 2018 | ၉၁၇၅


# မြန်မာနိုင်ငံနှင့် KOICA တို့အကြား ပူးပေါင်းဆောင်ရွက်နေမှုများနှင့် ကျား-မ တန်းတူညီမှုကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၉**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (Korea International Cooperation Agency-KOICA) ဥက္ကဋ္ဌ မစ္စလီမီဂယောင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကိုရီးယားအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီတို့အကြား စိုက်ပျိုးရေး၊ ငါးမွေးမြူရေး၊ အသေးစား ချေးငွေလုပ်ငန်း စသည့် ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နေမှုများနှင့် ကျား-မ တန်းတူညီမှုကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင် တက်ရောက်ခဲ့သည်။ **သတင်းစဉ်**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် KOICA ဥက္ကဋ္ဌ မစ္စ လီမီဂယောင်းတို့ တွေ့ဆုံဆွေးနွေးစဉ်။

**၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အစိုးရ၏ကြွေးမြီဆိုင်ရာ အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြ**


စာမျက်နှာ - ၇


**နေရပ်စွန့်ခွာသူများ ပြန်လည်စိစစ်လက်ခံရေး လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ကူညီထောက်ပံ့ပေးမှု အခြေအနေများ ကြည့်ရှုစစ်ဆေး**


စာမျက်နှာ - ၁၀


**နှစ်ဖက်မြေပြင်တပ်မှူးများ တွေ့ဆုံနိုင်ရန် လုပ်ထုံးလုပ်နည်း မူကြမ်းရေးဆွဲပြီးဖြစ်၍ နှစ်ဖက်အကြံပြုချက်များ ရရှိပါက အတည်ပြုမည်**


စာမျက်နှာ - ၁၀


# သာယာဝတီခရိုင်အတွင်းရှိ စပါးစိုက်တောင်သူများ၏ ရေလိုအပ်ချက်ကို ဖြည့်ဆည်းပေးနေသည့် သုံးဆယ်ရေလှောင်တမံ



မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးရေးအတွက် ရေလိုအပ်ချက်သည်လည်း နှစ်စဉ်လိုအပ်လျက်ရှိသည်။

ယခင်က စပါးစိုက်တောင်သူများအနေဖြင့် မိုးစပါးတစ်မျိုးသာ စိုက်ပျိုးခဲ့ရာမှ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ဆည်၊ တမံများ တည်ဆောက်ပြီးနောက်ပိုင်း မိုးစပါးအပြင် နွေစပါးကိုပါ စိုက်ပျိုးလာကြသည်။

အထူးသဖြင့် ပြောင်းလဲလာသည့် ရာသီဥတုနှင့် မိုးစပါးအထွက်နှုန်း ကျဆင်းလာခြင်းကြောင့် စပါးစိုက်တောင်သူများအနေဖြင့် အထွက်နှုန်းကောင်းမွန်သည့် နွေစပါးသည် အဓိကအားထားစိုက်ပျိုးရာ ဖြစ်လာခဲ့သည်။

“ပဲဈေးကလည်း ဈေးနှုန်းမကောင်း၊ မိုးစပါးကလည်း ထီထိုးသလိုပဲ၊ ၅၀ ရာခိုင်နှုန်းလောက်ပဲ ထွက်တယ်၊ နွေစပါးပဲအားထားစိုက်နေရတယ်၊ နွေစပါးစိုက်ဖို့အတွက် သုံးဆယ်ရေလှောင်တမံက ပေးဝေတဲ့ရေနဲ့ပဲ အားပြုစိုက်နေရတယ်”ဟု သာယာဝတီမြို့နယ် ကြို့ကုန်းကျေးရွာမှ တောင်သူဦးနေဝင်းစိုးက ပြောသည်။

ယခင်က သာယာဝတီမြို့နယ်တွင် ဆည်ရေသောက်စနစ်မရှိခြင်းကြောင့် စပါးစိုက်တောင်သူများ အနေဖြင့် မိုးစပါးစိုက်ပျိုးခဲ့သော်လည်း နွေစပါးစိုက်ပျိုးရန် ရေရရှိရေးအတွက် **စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖**


KBZ BANK
STRENGTH OF MYANMAR
‘BANK OF THE YEAR IN MYANMAR 2017’
Awarded by Financial Times (The Banker)

## ကြေးမုံ

# တိုင်းရင်းသားများအားလုံး၏ ပြည်ထောင်စု

မြန်မာနိုင်ငံသည် ရှေးပဝေသဏီကာလကတည်းကပင် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသည့် ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ စုစည်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံဖြစ်သည်။ ရှေးအစဉ်အဆက် ပြည်ပကျူးကျော်ရန်ကို စုပေါင်းလက်တွဲကာကွယ်ခဲ့ကြပြီး နယ်ချဲ့ဆန့်ကျင်ရေးကာလမှ လွတ်လပ်ရေးရသည့်ကာလအထိ လွတ်လပ်သောနိုင်ငံ ပေါ်ထွန်းရေးအတွက် ပြည်ထောင်စုသားများ လက်တွဲ ပူးပေါင်းဆောင်ရွက်ခဲ့သော သမိုင်းကြောင်းအစဉ်အလာရှိခဲ့သည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်းတွင်မူ တိုင်းရင်းသားညီအစ်ကိုမောင်နှမများကြားတွင် သံသယများ၊ အယူအဆကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့ပြီး ပဋိပက္ခများ ဖြစ်ခဲ့ကြသည်မှာ ယနေ့ထက်တိုင်ဖြစ်သည်။ အမှန်တကယ်တွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ စိတ်ရင်းမှာ တစ်သွေးတည်း၊ တစ်သားတည်း ချစ်ချစ်ခင်ခင် နေထိုင်လိုရင်းဖြစ်သော်လည်း အချို့သော သွေးခွဲသူများကြောင့် သွေးမကွဲသင့်ဘဲ သွေးကွဲရသည့်အဖြစ်များနှင့် ကြုံခဲ့ရသည်။

ဤကမ္ဘာပေါ်ရှိ ပြည်ထောင်စုနိုင်ငံများကိုကြည့်မည်ဆိုလျှင် လူမျိုးစုများစွာ ပေါင်းစည်းနေထိုင်နေကြသည်ကို တွေ့ရမည်ဖြစ်သည်။ စည်းလုံးညီညွတ်သော ပြည်ထောင်စုနိုင်ငံများမှာ အင်အားတောင့်တင်းခိုင်မာပြီး ဖွံ့ဖြိုးတိုးတက်နေသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ စည်းလုံးညီညွတ်မှုပျက်ပြားပြီး ပြည်ထောင်စုပြိုကွဲသွားသောအခါ အင်အားနည်းသော နိုင်ငံငယ်ဘဝနှင့် အင်အားတောင့်တင်းသော နိုင်ငံဘဝကို ပြန်လည်ရောက်ရှိရန် မလွယ်ကူတော့ချေ။

မြန်မာနိုင်ငံသည် ပြည်ထောင်စုနိုင်ငံအဖြစ် ဖြစ်တည်နေသော်လည်း တစ်ပြည်ထောင်အတွင်း မညီညွတ်ခြင်း အကျိုးဆက်အဖြစ် ပဋိပက္ခများဖြစ်ပွားနေသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သည်။ ပြည်ထောင်စုမပြိုကွဲရေးအတွက် ပြည်ထောင်စုကိုချစ်မြတ်နိုးသော ပြည်ထောင်စုသားများက နိုင်ငံတော်ကို ညီညီညွတ်ညွတ် ဝိုင်းဝန်းထိန်းသိမ်း ကာကွယ်စောင့်ရှောက်နေသောကြောင့် ပြည်ထောင်စုနိုင်ငံတော်ကြီးအဖြစ် ယနေ့ထက်တိုင် တည်တံ့ခိုင်မြဲနေခြင်းဖြစ်သည်။

သို့သော် နှစ်ပေါင်းရှည်ကြာဖြစ်ပေါ်ခဲ့သော ပဋိပက္ခအမျိုးမျိုးတို့ကို ဖြေရှင်းနေရသောကြောင့် ပြည်ထောင်စု နိုင်ငံကြီး၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ပြည်ထောင်စုသားများအတွက် အကျိုးစီးပွားဖွံ့ဖြိုးရေးကိစ္စများတွင် အခြားနိုင်ငံများထက် နောက်ကျကျန်ခဲ့သည်။ ပြည်ထောင်စုသားအားလုံး လူတစ်လုံးသူတစ်လုံးဖြစ်အောင် ရုန်းကန်နေရသည်။ မပြေလည်သောဘဝမှ ပြေလည်သောဘဝသို့ရောက်ရှိရေး၊ မဖွံ့ဖြိုးသောဘဝမှ ဖွံ့ဖြိုးသောဘဝသို့ရောက်ရှိရေး၊ မငြိမ်းချမ်းသောဘဝမှ ငြိမ်းချမ်းသော ဘဝသို့ရောက်ရှိရေးအတွက် ဦးစွာ တစ်ဦးအပေါ် တစ်ဦးထားရှိသည့် သံသယများကို ဖျောက်ကြရမည်ဖြစ်သည်။ ယုံကြည်မှုကို တည်ဆောက်ကြရမည်ဖြစ်သည်။

အမှန်တကယ်တွင် အယူအဆ၊ အစွဲအလမ်းများကို ပြေပျောက်အောင်ပြုလုပ်ရသည်မှာ ခက်ခဲလှသည်။ မိမိလူမျိုးတစ်မျိုးတည်းကို သာမကြည့်ဘဲ တိုင်းရင်းသားအားလုံးတို့သည် ညီအစ်ကိုမောင်နှမများဖြစ်သည်ဟူသည့် အသိဖြင့် တစ်ဦးအပေါ်တစ်ဦး ရိုင်းပင်းကူညီ နားလည်စာနာရမည်ဖြစ်သည်။ မရှိအတူရှိအတူ တန်းတူညီမျှ အတူတကွ နေထိုင်ကြရမည်ဖြစ်သည်။ ယင်းသို့ ရှည်ကြာလွှမ်းခြုံတည်ဆောက်နိုင်မှသာ သံသယများပျောက်၍ ယုံကြည်မှုများ တည်ဆောက်နိုင်မည်ဖြစ်သည်။

တိုင်းရင်းသားလူမျိုးများမှာ နယ်စပ်ဒေသများနှင့်တောင်ပေါ်ဒေသများတွင် အနေများသဖြင့် နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးမှာ အရေးကြီးပါသည်။ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရားဥပဒေစိုးမိုးရေးနှင့် ငြိမ်းချမ်းရေးမှာ အရေးကြီးပါသည်။ တရားဥပဒေစိုးမိုးရေးအတွက် ဥပဒေနှင့်အညီ နေထိုင်ရန်လိုအပ်ပါသည်။ ငြိမ်းချမ်းရေးအတွက် ယုံကြည်မှုတည်ဆောက်ရန်လိုအပ်ပါသည်။ ထို့အပြင် တိုင်းရင်းသားများ၏ အခြေခံ လိုအပ်ချက်များကို ဖြည့်ဆည်းပေးမှသာ တိုင်းရင်းသားတို့၏ လူမှုစီးပွားဘဝများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ပြီး အေးချမ်းသာယာဝပြောလာမည် ဖြစ်ပါသည်။

သို့ဖြစ်ရာ ပြည်ထောင်စုနိုင်ငံတော်ကြီး ထာဝစဉ်အဓွန့်ရှည်တည်တံ့ခိုင်မြဲစွာဖြင့် ကမ္ဘာ့အလယ်တွင် ထည်ထည်ဝါဝါ ရပ်တည်နိုင်ရေးအတွက် တိုင်းရင်းသားညီအစ်ကိုမောင်နှမအားလုံး ချစ်ချစ်ခင်ခင်စည်းစည်းလုံးလုံး နေထိုင်ကြရန် လေးစားစွာဖြင့် တိုက်တွန်းအပ်ပါသည်။ ။

# မော်လမြိုင်၌ စူဠဘွဲ့နှင်းသဘင်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ



**မော်လမြိုင် ဇန်နဝါရီ ၁၉**

၂၀၁၇ ခုနှစ် ဓမ္မာစရိယနှင့် ပထမပြန် စာမေးပွဲတွင် မော်လမြိုင် စာဖြေဌာနမှ ဝင်ရောက်ဖြေဆို အောင်မြင်တော်မူခဲ့ကြသော စာအောင်သံဃာနှင့် သီလရှင် စုစုပေါင်း ၆၁၄ ပါးတို့အား စာအောင်ဆုဆက်ကပ်လှူဒါန်းသည့် (၃၈)ကြိမ်မြောက် စူဠဘွဲ့နှင်းသဘင်နှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် မော်လမြိုင်မြို့ လှိုင်ရပ်ကွက် ပရိယတ္တိ ဓမ္မဗိမာန်တော်ကြီး၌ ကျင်းပသည်။

နိုင်ငံတော် သြဝါဒါစရိယ နတ်မှော်ကျောင်းတိုက်၏ ဦးစီးပဓာန နာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမန မထေရ်မြတ်ကြီးထံမှ ပြည်နယ်ဝန်ကြီးချုပ်အမှူးပြုသော ပရိသတ်များက ရှစ်ပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်တော်မူသော အန္တရာယ်ကင်း ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဒေါက်တာအေးဇံက သာသနာရေး ဆိုင်ရာကိစ္စရပ်များကို လျှောက်ထားပြီး ကြွရောက်တော်မူလာကြသော ဆရာတော်ကြီးများအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ဆက်လက်၍ ၂၀၁၇ ခုနှစ် မော်လမြိုင်စာဖြေဌာနမှ ဓမ္မာစရိယနှင့် ပထမပြန်စာမေးပွဲတွင် ဝင်ရောက်ဖြေဆို အောင်မြင်တော်မူခဲ့သော စာအောင် သံဃာတော်များနှင့် သီလရှင်များအား အောင်လက်မှတ်နှင့် စာအောင်ဆုများကို ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နာယက ဆရာတော်ကြီးများ၊ စာအောင်သံဃာတော်များနှင့် သီလရှင်တို့အား ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများနှင့် အလှူရှင်များက ဆွမ်းဆန်စိမ်းများ လောင်းလှူကြသည်။

**ခရိုင်(ပြန်/ဆက်)**



# မန္တလေးရေလမ်းကြောင်း ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဖေဖော်ဝါရီလတွင် စတင်မည်

**မန္တလေး ဇန်နဝါရီ ၁၉**

မန္တလေးဆိပ်ကမ်းတွင် ရေယာဉ်များသွားလာဆိုက်ကပ်ရေး ကောင်းမွန်စေရန်အတွက် ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံကိန်းလုပ်ငန်းစဉ်-၃ ၏ မန္တလေးရေလမ်းကြောင်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေလမ်းထိန်းသိမ်းရေးကို ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဖေဖော်ဝါရီလတွင် စတင်လုပ်ဆောင်မည်ဖြစ်ကြောင်း အဆိုပါလုပ်ငန်း စီမံကိန်းမန်နေဂျာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်မျိုးခိုင်က ပြောသည်။

မန္တလေးရေလမ်းကြောင်းစီမံကိန်းသည် စစ်ကိုင်းတံတားနှင့် မင်းကွန်းအကြားဖြစ်၍ ယင်းစီမံကိန်းတွင် ကမ်းထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းအတွက် ခန့်မှန်းတွက်ချက်မှုများအရ အမေရိကန် ဒေါ်လာ ၁ ဒသမ ၀၇ သန်းဖြင့် ဖေဖော်ဝါရီလတွင်လည်းကောင်း၊ ကွန်ကရစ်ကျောက်ဆူးတောင် တည်ဆောက်ခြင်းလုပ်ငန်းကို အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၃ သန်းဖြင့် ဒီဇင်ဘာလတွင်လည်းကောင်း ဆောင်ရွက်မည်ဖြစ်သည်။

"ရေလမ်းဖွံ့ဖြိုးရေးမှာ Secondary Channel လို့ခေါ်တဲ့ ရေမြှာပေါက်တွေမှာ ရေဝင်နည်းအောင်လုပ်ပြီး Main Channel မှာ ရေများမှ ရေယာဉ်တွေ သွားလာရေးကောင်းမယ်။ မန္တလေးရေလမ်းက အမြဲတမ်းဖွံ့ဖြိုးမှ တစ်နှစ်ပတ်လုံးရေယာဉ်တွေ ဝင်ထွက်နိုင်မှာဖြစ်တယ်။ ရေမြှာပေါက်တွေမှာ ရေဝင်နည်းသွားရင် ရွာတွေမှာ ကမ်းပြိုမှုနည်းပြီး စိုက်ပျိုးမြေပျက်စီးမှုနည်း သွားမယ်" ဟု ၎င်းကပြောသည်။

အဆိုပါရေလမ်းဖွံ့ဖြိုးရေးလုပ်ငန်း လုပ်ဆောင်ရန် သြစတြေးလျနိုင်ငံ International Center For Environment Management (ICEM) ကုမ္ပဏီက ၂၀၁၇ ခုနှစ် ဧပြီလမှ စတင်၍ ပရောဂျက်ဧရိယာအတွင်းရှိ ကျေးရွာများသို့ သွားရောက်၍ ဒေသခံများ၏ သဘောထားနှင့် လိုအပ်ချက်များတွေ့ဆုံမေးမြန်းမှု (ESIA)ကို ၁၀ ကြိမ်ခန့်လုပ်ဆောင်ခဲ့ပြီးဖြစ်သည့်အပြင် ယခု ဇန်နဝါရီ ၁၈ ရက်ကလည်း မန္တလေးမြို့ အောင်မြင်ခြင်းဟိုတယ်၌ စီမံကိန်း၏ ESIA နှင့်ပတ်သက်၍ နောက်ဆုံးအကြိမ် ချပြဆွေးနွေးခဲ့သည်။

ထို့အပြင် မြေအောက်ရေနှင့် မြစ်ရေ အရည်အသွေး၊ လေထုအရည်အသွေး စသည့် သုတေသနပြုခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၁၉**

ရန်ကုန်(ရွှေဈေး) ၉၄၆၀၀၀ - ၉၄၆၀၀၀ မန္တလေး(ရွှေဈေး) ၉၄၆၀၀၀ - ၉၄၆၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၈၁၀/၈၂၅ ကျပ်၊ | ၈၈၀/၈၈၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၈၄၀/၈၅၅ ကျပ်၊ | ၉၂၀/၉၃၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၀၀/၈၁၀ ကျပ်၊ | ၈၈၀/၈၈၅ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၈၃၀/၈၄၀ ကျပ်၊ | ၈၉၅/၉၀၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၀၄/၈၁၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၀၉/၈၂၂ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၇၆၀/၇၇၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၄၆.၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၆၄၇.၂ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၀၉.၆၅ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂.၁၈၈ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၄၁.၄၅ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၁.၀၇၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၁၂.၁ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၅.၈၂ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၇၇.၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၉.၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလှဲ့

themirror.npt@gmail.com
www.facebook.com/themirrordaily



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၉**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Jukr Boon-Long အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။**(အပေါ်ပုံ)**

တွေ့ဆုံစဉ် ထိုင်း-မြန်မာ နှစ်နိုင်ငံအစိုးရအချင်းချင်း၊ လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာပေမြင့် ဥရောပသမဂ္ဂရုံးမှ သံအမတ်ကြီး H.E.Mr. Kristian Schmidt ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၁၉**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပေမြင့်သည် ဥရောပသမဂ္ဂအဖွဲ့ရုံးမှ သံအမတ်ကြီး H.E.Mr. Kristian Schmidt ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ယနေ့ မွန်းတည့် ၁၂ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ တွေ့ဆုံသည်။**(ယာပုံ)**



တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ မီဒီယာလွတ်လပ်ခွင့် အခြေအနေများနှင့် ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ၊ မီဒီယာဥပဒေပြုရေး ကိစ္စရပ်များ၊ Social Media များတွင် အမုန်းစကား(Hate Speech) ရေးသားဖြန့်ဝေမှုများနှင့် ပတ်သက်၍ ဖြေရှင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများ၊ ရခိုင်ပြည်နယ်သို့ သတင်းမီဒီယာအဖွဲ့ စေလွှတ်မှု အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

## ❖ သာယာဝတီခရိုင်မှ

အခက်အခဲရှိခဲ့ရာမှ သုံးဆယ်ရေလှောင်တမံ တည်ဆောက်ပြီးစီးသည့်နောက်ပိုင်း စိုက်ပျိုးရေအတွက် အဆင်ပြေချောမွေ့လာပြီဖြစ်ကြောင်း တောင်သူများထံမှ သိရသည်။

သာယာဝတီမြို့နယ် မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်က "ဒီဒေသက တောင်သူများတဲ့ဒေသ၊ ဟိုတုန်းက မိုးစပါးပဲ အဓိကထားစိုက်တယ်၊ နွေစပါးစိုက်တာ မရှိခဲ့ဘူး၊ ရာသီဥတု ဖောက်ပြန်မှုတွေကြောင့် မိုးစပါးက မှန်းသလောက်မထွက်ဘူး၊ ပဲဈေးကွက်ကလည်း မသေချာတော့ နွေစပါးကိုပဲ အားပြုလာတာတွေ့ရတယ်၊ နွေစပါးအောင်မြင်ဖို့ဆိုတာ ဆည်ရေက အဓိကကျတယ်"ဟု ပြောသည်။

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်ရှိ သုံးဆယ်ရေလှောင်တမံ စီမံကိန်းကို ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၉)မှ ၂၀၀၀-၂၀၀၁ ခုနှစ်တွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ၂၀၀၁-၂၀၀၂ ခုနှစ်တွင် မြေသားတမံ တည်ဆောက်ခြင်းလုပ်ငန်း ပြီးစီးခဲ့ကာ ရေလွှဲဆည်တည်ဆောက်ခြင်းကို၂၀၀၅-၂၀၀၆ ခုနှစ်တွင် ပြီးစီးခဲ့သည်။ ၂၀၀၅-၂၀၀၆ ခုနှစ်မှစတင်၍ ပြီးစီးခဲ့သည့်မြောင်းအလိုက် နွေစပါးစိုက်ပျိုးရေပေးဝေခဲ့ကြောင်း သိရသည်။

ထိုသို့ ရေပေးဝေရာတွင် သာယာဝတီခရိုင်အတွင်းရှိ စပါးစိုက်တောင်သူများ နွေစပါး အချိန်မီစိုက်ပျိုးနိုင်ရန် ရေစတင်ပေးဝေရမည့်ရက်ကို နှစ်စဉ်ဒီဇင်ဘာ ၁၅ ရက် သတ်မှတ်ထားကာ နောက်ဆုံးဆည်ရေပေးဝေသည့်ရက်ကို မေ ၁၅ ရက် သတ်မှတ်ထားကြောင်း ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

"မနှစ်ကတော့ သာယာဝတီမြို့နယ်မှာရှိတဲ့ နွေစပါးစိုက်ဧက နှစ်သောင်းနီးပါးကို ဆည်ရေပေးဝေခဲ့ရပါတယ်၊ ဒီနှစ်မှာတော့ နွေစပါးစိုက်တဲ့ တောင်သူများလာတဲ့အတွက် ဧကနှစ်သောင်းကျော်အထိ ရေပေးဝေရလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်၊ စိစစ်ဧကလေးသောင်းကျော်ကိုလည်း ရေပေးဝေနိုင်အောင်ပြင်ဆင်ထားပါတယ်"ဟု ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၉)မှ ဦးစီးအရာရှိ ဦးသီဟအောင်က ပြောသည်။

ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့နယ်အတွင်းရှိ သုံးဆယ်ရေလှောင်တမံသည် ကန်ရေပြည့် ရေလှောင်ဧရိယာ ဧက ၇၁၀၀ ကျယ်ဝန်းပြီး ရေလှောင်ပမာဏ ဧကပေ ၂၃၇၅၂၀ သိုလှောင်နိုင်ကာ တမံမှဆည်ရေကို သာယာဝတီမြို့နယ်အတွင်းရှိ စိုက်ပျိုးမြေစိစစ်ပြီး ၄၂၀၀၃ ဧကအား နှစ်စဉ်ရေပေးဝေနိုင်ရန် ဆောင်ရွက်ထားကြောင်း သိရသည်။

သာယာဝတီမြို့နယ် ဥတိုကျေးရွာမှ စပါးစိုက်ဧက ၁၅၈ ဧကရှိသည့် တောင်သူ ဦးကျော်မင်းက "နွေစပါးက တစ်ဧကကို တင်း ၉၀ ကနေ ၁၀၀ လောက်ထွက်တယ်၊ တောင်သူတွေက နွေစပါးပဲ အားပြုနေရတယ်၊ ဆည်ရေသောက်မရှိတဲ့အချိန်က ဒီဒေသမှာက နွေစပါးမစိုက်ဘူး၊ အခုတော့ နွေစပါးနဲ့ မိုးစပါး နှစ်သီးစိုက်ကြတယ်"ဟု ပြောသည်။

သုံးဆယ်ရေလှောင်တမံ စီမံကိန်း ဆည်ရေသောက်ဧရိယာအတွင်း နွေစပါးအပြင် ပဲ၊ ဖရဲ စိုက်ပျိုးလျက်ရှိပြီး ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ဆည်ရေကို အသုံးပြုကာ နွေစပါး ၁၉၂၁၆ ဧက စိုက်ပျိုးကြောင်း သိရသည်။

ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၏ ရည်မှန်းချက်တစ်ခုဖြစ်သည့် တောင်သူများ ရေသုံးစွဲစိုက်ပျိုးမှု စနစ်တကျဖြစ်စေရေးအတွက် စံနမူနာယူ လေ့လာနိုင်ရန်အတွက် စံပြလယ်ယာများ ဖော်ထုတ်ခြင်းများဆောင်ရွက်လျက်ရှိရာ သုံးဆယ်ရေလှောင်တမံစီမံကိန်း၏ ဆည်ရေသောက်ဧရိယာအတွင်းတွင် ဧကကွက်ခေါ် စံပြလယ်ယာမြေ ၂၈၇ ဧက ဖော်ထုတ်ပေးပြီးဖြစ်ကြောင်း သိရသည်။

ယခင်က သာယာဝတီမြို့နယ်တွင် မိုးစပါးတစ်မျိုးတည်းကိုသာ အဓိကထားစိုက်ပျိုးခဲ့ရပြီး သုံးဆယ်ရေလှောင်တမံ တည်ဆောက်ပြီးနောက်ပိုင်း ဆည်ရေကို အသုံးပြုကာ အထွက်နှုန်းကောင်းမွန်သည့် နွေစပါးကို စိုက်ပျိုးလာကြသဖြင့် စပါးစိုက်တောင်သူများ ဝင်ငွေတိုးလာကြောင်းကို တောင်သူ ဦးနေဝင်းစိုးက "နွေစပါးက အထွက်နှုန်းလည်းကောင်းမယ်၊ စပါးဈေးလည်းကောင်းမယ်ဆိုရင်တော့ တောင်သူတွေအတွက်က ရွှေနှစ်ပါပဲ"ဟု ဆိုသည်။

**သတင်း- မင်းသစ်(MNA)**
**ဓာတ်ပုံ- သီဟ**

# ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**အမိန့်အမှတ်၊ ၁၀/၂၀၁၈**
**၁၃၇၉ ခုနှစ်၊ တပို့တွဲလဆန်း ၃ ရက်**
**(၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်)**
**ပြည်ထောင်စုဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃၂၊ ပုဒ်မ ၂၃၅၊ ပုဒ်မခွဲ (ဃ)နှင့် ပြည်ထောင်စုအစိုးရအဖွဲ့ ဥပဒေပုဒ်မ ၁၂ တို့ပါ ပြဋ္ဌာန်းချက်များအရ ဦးဟန်ဇော်ကို ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

**(ပုံ) ထင်ကျော်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ် ဖြည့်စွက်ချက်

**ဇန်နဝါရီ ၁၉ ရက်ထုတ် ကြေးမုံသတင်းစာတွင်ပါရှိသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းတွင် ပုဒ်မ ၉ အား အောက်ပါအတိုင်း ဖြည့်စွက်ထားသည်-**

၉။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေတွင်-

(က) ပုဒ်မ ၁၆ ပုဒ်မခွဲ(ပ)၏နောက်၌ ပုဒ်မခွဲ(ဖ)နှင့် (တ)အဖြစ် အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

"(ဖ) လိုအပ်ပါက တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းကြောင့် အစိုးရ၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာပျက်စီးဆုံးရှုံးစေမှုများအား စစ်ဆေးခြင်း၊"

"(တ) မည်သည့် ပုဂ္ဂလိကလုပ်ငန်း အဖွဲ့အစည်းကိုမဆို အဂတိလိုက်စားမှု တားဆီးကာကွယ်ရေး အခြေခံခိုင်မာသော လုပ်ငန်းဆိုင်ရာကျင့်ဝတ် ချမှတ်ကျင့်သုံးစေရေးအတွက် ရုံးအမိန့်ထုတ်ပြန်ရန် ဆောင်ရွက်ခြင်း၊

(ခ) ပုဒ်မ ၁၆ ၏ မူလ ပုဒ်မခွဲ(ဖ)ကို ပုဒ်မခွဲ(ထ)အဖြစ် ပြန်လည်အမှတ်စဉ်ရမည်။

# မြန်မာနိုင်ငံပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုး ကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## ❍ ကျောဖုံးမှ

ချေပဂိုးပြန်ရခဲ့သည့် ရှမ်းယူနိုက်တက်အသင်းသည် ဒုတိယပိုင်းတွင် တိုက်စစ်အားမြှင့်လာခဲ့ပြီး ၅၂ မိနစ်တွင် ခရစ္စတိုဖာက ဒုတိယဂိုးသွင်းယူခဲ့သည်။ နောက်ပိုင်းတွင် ရှမ်းယူနိုက်တက်အသင်း ဖိကစားနိုင်သော်လည်း ဂိုးထပ်မသွင်းနိုင်၍ မကွေးအသင်း တိုက်စစ်မြှင့်လာပြီး ၈၄ မိနစ်တွင် စိုးလွင်လွင်က ချေပဂိုးပြန်သွင်းခဲ့သည်။ ရှမ်းယူနိုက်တက်အတွက် အနိုင်ဂိုးကို ၈၅ မိနစ်တွင် ခရစ္စတိုဖာက သွင်းယူခဲ့သည်။

ဒုတိယနေ့ကို ဇန်နဝါရီ ၂၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မန္တလာသီရိကွင်း၌ ရတနာပုံနှင့် ရခိုင်၊ YUSC ကွင်း၌ ရန်ကုန်နှင့် ဇွဲကပင်၊ အောင်ဆန်းကွင်း၌ မြဝတီနှင့် GFA အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း- ရှိုင်းထက်ဇော်၊ ဓာတ်ပုံ- စိုးညွန့်**

# အမေရိကန်၊ အိန္ဒိယ၊ ဩစတြေးလျနှင့် ဂျပန်နိုင်ငံတို့မှ အရာရှိကြီးများ ပင်လယ်ရေကြောင်း လွတ်လပ်စွာ သွားလာနိုင်ရေး သဘောတူ



**နယူးဒေလီ ဇန်နဝါရီ ၁၉**
အမေရိကန်၊ အိန္ဒိယ၊ ဩစတြေးလျနှင့် ဂျပန်နိုင်ငံတို့မှ အဆင့်မြင့်အရာရှိကြီးများက အိန္ဒိယနိုင်ငံ နယူးဒေလီမြို့၌ တွေ့ဆုံကာ ဒေသတွင်း ပင်လယ်ရေကြောင်းလမ်းများ လွတ်လပ်စွာ ဖြတ်သန်းသွားလာနိုင်ရေးအတွက် ထပ်လောင်း သဘောတူညီခဲ့ကြကြောင်း ယနေ့သတင်းများအရ သိရသည်။

အဆိုပါအဆင့်မြင့် အရာရှိကြီးများသည် ဂျပန်ကိုယ်ပိုင်ကာကွယ်ရေးတပ်ဖွဲ့ ရေတပ်ဗိုလ်ချုပ်ကြီး ကတ်ဆူတိုရှီ ကာဝါနို၊ အမေရိကန်ပစိဖိတ်စစ်ဌာနချုပ်မှ ရေတပ်ဗိုလ်ချုပ်ကြီး ဟာရီဟားရစ်၊ အိန္ဒိယရေတပ်မှ ဒုတိယရေတပ်ဗိုလ်ချုပ်ကြီး ဆူနီလ်လန်ဘာနှင့် ဩစတြေးလျတော်ဝင်ရေတပ်မှ ဒုတိယရေတပ်ဗိုလ်ချုပ်ကြီး တင်မ်ဘာရတ်တို့ဖြစ်သည်။

ဒေသတွင်းတရုတ်နိုင်ငံ၏ ရေကြောင်းကာကွယ်ရေးလှုပ်ရှားမှုများ အရှိန်အဟုန်မြင့်မားလာသည့်အတွက် ဒေသတွင်းရေကြောင်း လွတ်လပ်စွာသွားလာမှုရှိစေခြင်းနှင့် ဥပဒေစိုးမိုးမှုရှိစေရေးအတွက် ရည်ရွယ်ပြီး ချမှတ်ရေးဆွဲထားသော 'လွတ်လပ်စွာသွားလာနိုင်သော အင်ဒို-ပစိဖိတ်မဟာဗျူဟာ' လုပ်ငန်းစဉ် တစ်ရပ်ကို လေးနိုင်ငံ အဆင့်မြင့် အရာရှိကြီးများက ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ရန် သဘောတူညီမှု ရရှိခဲ့ကြသည်။

၎င်းတို့လေးနိုင်ငံ၏ ပူးပေါင်းဆောင်ရွက်မှုသည် ဒေသတွင်းသာမက ကမ္ဘာတစ်ဝန်းတွင် ငြိမ်းချမ်းရေးနှင့် ကောင်းကျိုးများဖြစ်ထွန်းရန်အတွက် အလွန်အရေးပါကြောင်း ရေတပ်ဗိုလ်ချုပ်ကြီး ကတ်ဆူတိုရှီ ကာဝါနိုက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**



# ဇင်ဘာဘွေ အတိုက်အခံခေါင်းဆောင် ရှိုင်းဘင်းနက် ရဟတ်ယာဉ်ပျက်ကျမှုတွင် သေဆုံး

**ဟာရာရေး ဇန်နဝါရီ ၁၉**
ပြည်နှင်ဒဏ်ပေးခံထားရသည့် ဇင်ဘာဘွေနိုင်ငံမှ အတိုက်အခံခေါင်းဆောင် ရှိုင်းဘင်းနက်နှင့် အခြားသူလေးဦးတို့သည် အမေရိကန်ပြည်ထောင်စု နယူးမက္ကဆီကိုပြည်နယ်၏ အစွန်အဖျားဒေသတွင် ရဟတ်ယာဉ်ပျက်ကျမှုကြောင့် သေဆုံးခဲ့ကြရကြောင်း အမေရိကန်တာဝန်ရှိသူများနှင့် ၎င်း၏ ပါတီမှ တာဝန်ရှိသူများက ဇန်နဝါရီ ၁၈ ရက်တွင် ပြောကြားသည်။

နယူးမက္ကဆီကိုပြည်နယ် ရာတန်မြို့အနီး ကျောက်ဆောင် ကျောက်ကမ်းပါးထူထပ်သော ဒေသတွင် ဇန်နဝါရီ ၁၇ ရက် ညနေပိုင်းက ပုဂ္ဂလိကပိုင် ဟွေးအမျိုးအစား ရဟတ်ယာဉ်ပျက်ကျခြင်းကြောင့် အသက် ၆၀ အရွယ်ရှိ ဇင်ဘာဘွေ အတိုက်အခံခေါင်းဆောင် ဘင်းနက်နှင့်အတူ လိုက်ပါလာသည့် ၎င်း၏ ဇနီး ဟီသာဘင်းနက် ၅၅ နှစ်၊ ကိုလိုရာဒိုပြည်နယ်မှ ဂျိမ်းစ် ကိုလီမန်ဒေ့ဒ် ၅၇ နှစ်၊ တက္ကဆက်ပြည်နယ်မှ ချာလီးစ်ရိုင်လန်ဘန်းနက် ၆၁ နှစ်နှင့် တက္ကဆက်ပြည်နယ်မှ ပေါလ်ကော့လ် အသက် ၆၇ နှစ်တို့ သေဆုံးကြရခဲ့ကြောင်း နယူးမက္ကဆီကို ပြည်နယ် ရဲအဖွဲ့က ပြောကြားသည်။

ယင်းရဟတ်ယာဉ် ပျက်ကျမှုတွင် သေဆုံးသွားသူ ရှိုင်းဘင်းနက်သည် ဇင်ဘာဘွေအတိုက်အခံ အမ်ဒီစီပါတီ၏ ဘဏ္ဍာရေးဆိုင်ရာ အတွင်းရေးမှူးချုပ်ဟောင်းဖြစ်ပြီး ဇင်ဘာဘွေသမ္မတဟောင်း ရောဘတ်မူဂါဘီ ၏ အုပ်စိုးမှုသက်တမ်းကာလအတွင်း နိုင်ငံရေးအရ ထောင်တွင်းအကျဉ်းချခြင်းများကို ခံခဲ့ရသူဖြစ်သည်။

၎င်းသည် မကြာသေးမီကာလအတွင်း စီအင်န်အင်န်ရုပ်မြင်သံကြား၏ တွေ့ဆုံမေးမြန်းမှု ပြုလုပ်မှုအတွင်း ဇင်ဘာဘွေနိုင်ငံသည် အာဏာရှင်အုပ်စိုးမှုအောက်မှ ပြန်လည်လွတ်မြောက်နိုင်ဖွယ်မရှိဟု ပြောကြားခဲ့သည်။

ကွယ်လွန်သွားသည့် ရှိုင်းသည် ဇင်ဘာဘွေနိုင်ငံအတွင်း ဒီမိုကရက်တစ်အပြောင်းအလဲအတွက် ခိုင်ခိုင်မြဲမြဲတိုက်ပွဲဝင်ခဲ့သူတစ်ဦးဖြစ်ကြောင်း အမ်ဒီစီ၏ ကြေညာချက်တွင် ဖော်ပြသည်။

**ဆင်ဟွာ**

# အစုလိုက်အပြုံလိုက် ဖျက်ဆီးနိုင်သော လက်နက်များ ခြိမ်းခြောက်မှု ကမ္ဘာကြီးအပေါ် ဖိစီးလာနေဟု ဂူတာရက်စ်ပြော

**ကုလသမဂ္ဂ ဇန်နဝါရီ ၁၉**
အစုလိုက်အပြုံလိုက် ဖျက်ဆီးနိုင်သော လက်နက်များ၏ ခြိမ်းခြောက်မှုသည် ယနေ့ကမ္ဘာကြီးအပေါ် တစ်စတစ်စ ဖိစီးလာနေကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က သတိပေးလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇန်နဝါရီ ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။

စစ်အေးပြီးဆုံးချိန်မှစ၍ ကမ္ဘာတစ်ဝန်းတွင် နျူကလီးယားလက်နက်များနှင့် ပတ်သက်၍ စိုးရိမ်ပူပန်ရမှုမှာ အမြင့်ဆုံးအမှတ်သို့ ရောက်ရှိလာနေကြောင်း၊ အမေရိကန်ပြည်ထောင်စုနှင့် ရုရှားနိုင်ငံတို့အကြား နျူကလီးယားအရေး၊ အခြားသောအရေးများနှင့် ပတ်သက်၍ မယုံသင်္ကာဖြစ်မှုမှာလည်း တရိပ်ရိပ်တိုးလာနေကြောင်း ဂူတာရက်စ်က ပြောကြားသည်။

အီရန်နိုင်ငံ၏ နျူကလီးယား သဘောတူညီချက်နှင့် ပတ်သက်၍ မေးခွန်းထုတ်မှုများရှိနေခြင်း၊ ဆီးရီးယားနိုင်ငံ၌ ဓာတုလက်နက်များ အသုံးပြုခြင်းတို့သည် အစုလိုက် အပြုံလိုက် ဖျက်ဆီးနိုင်သော လက်နက်များအား ပိတ်ပင်ရေး နိုင်ငံတကာ ကြိုးပမ်းချက်များကို စိန်ခေါ်နေကြောင်း ဂူတာရက်စ်က ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၌ ဇန်နဝါရီ ၁၈ ရက်က ပြုလုပ်သောအစုလိုက်အပြုံလိုက် ဖျက်ဆီးနိုင်သော လက်နက်များအရေးဆိုင်ရာ အချေအတင် ဆွေးနွေးပွဲတွင် ပြောကြားသည်။

ကိုရီးယားကျွန်းဆွယ်၏ အခြေအနေမှာ တင်းမာနေဆဲဖြစ်ပြီး ကမ္ဘာ့ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်ကြောင်း၊ စစ်ရေးအရ ထိပ်တိုက်ရင်ဆိုင်တွေ့နိုင်သော ဘေးအန္တရာယ်ကြီးထွားလာနေခြင်းအတွက် မိမိအလွန်အမင်း စိုးရိမ်ပူပန်မိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

မြောက်ကိုရီးယားက ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ ဆုံးဖြတ်ချက်များအား အာခံလျက် နျူကလီးယားစမ်းသပ်မှုများနှင့် ပဲ့ထိန်းဒုံးကျည် စမ်းသပ်မှုများ ပြုလုပ်နေခြင်းကို လုံခြုံရေးကောင်စီက အရေးယူတုံ့ပြန်နိုင်ရန် ဆောင်ရွက်ခြင်းအတွက် မိမိကြိုဆိုပါကြောင်း၊ ကုလသမဂ္ဂ၏ ဆုံးဖြတ်ချက်များကို အပြည့်အဝ အကောင်အထည်ဖော်ရန် လိုအပ်မည်ဖြစ်ကြောင်း ဂူတာရက်စ်က ဆွေးနွေးသည်။

**ဆင်ဟွာ**





# ပြုံချမ်းအိုလံပစ် အားကစားပွဲတော်၌ ပါဝင်နိုင်ရေး မြောက်ကိုရီးယားကိုယ်စားလှယ်အဖွဲ့ ဆွေးနွေးမည်

**ဆိုးလ် ဇန်နဝါရီ ၁၉**
တောင်ကိုရီးယားနိုင်ငံ ပြုံချမ်းမြို့၌ မကြာမီကျင်းပမည့် ဆောင်းရာသီ အိုလံပစ်ပွဲတော်တွင် မြောက်ကိုရီးယားနိုင်ငံ ပါဝင်ရေးအတွက် နိုင်ငံတကာ အိုလံပစ်ကော်မတီနှင့် တွေ့ဆုံဆွေးနွေးနိုင်ရန် မြောက်ကိုရီးယား တာဝန်ရှိသူများ ဆွစ်ဇာလန်နိုင်ငံသို့ ရောက်ရှိနေကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇန်နဝါရီ ၁၉ ရက်တွင် သတင်းထုတ်ပြန်သည်။

မြောက်ကိုရီးယားနိုင်ငံ၏ အားကစားဝန်ကြီးလည်းဖြစ် အမျိုးသားအိုလံပစ်ကော်မတီ၏ အကြီးအကဲလည်းဖြစ်သူ ကင်အီလ်ကွတ်နှင့် မြောက်ကိုရီးယား၏ နိုင်ငံတကာအိုလံပစ်ကော်မတီ(အိုင်အိုစီ)အဖွဲ့ဝင်တစ်ဦးဖြစ်သူ ချန်းအင်းတို့သည် ဇန်နဝါရီ ၁၈ ရက်က ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့သို့ ရောက်ရှိလာခဲ့ကြသည်။

ကိုရီးယားနှစ်နိုင်ငံရှိ အိုလံပစ်ကော်မတီများမှ တာဝန်ရှိသူများ၊ ပြုံချမ်းဆောင်းရာသီ အိုလံပစ် အားကစားပွဲတော် ကျင်းပရေးကော်မတီမှ တာဝန်ရှိသူများသည် ဆွစ်ဇာလန်နိုင်ငံ လော်ဆိန်းမြို့ရှိ အိုင်အိုစီဌာနချုပ်တွင် ဇန်နဝါရီ ၂၀ ရက်၌ တွေ့ဆုံဆွေးနွေးရန် စီစဉ်ထားသည်ဆို၏။

**ကျိုဒို**

# တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဖိုရမ် ဆက်လက်ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၉**

တိုင်းရင်းသားလူမျိုးများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိမင်္ဂလာသီရိဟိုတယ်၌ ဆက်လက်ကျင်းပသည်။

ဖိုရမ်တွင် ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်က အုပ်စုအလိုက် ဆွေးနွေးဆောင်ရွက်ရန်ကိစ္စနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာသော တိုင်းဒေသကြီး၊ ပြည်နယ်များမှ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းနှင့် ဒေသများမှ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ ပြည်တွင်း မီဒီယာများ၊ ဝန်ကြီးဌာနမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ ကိုယ်စားလှယ်များ၊ ကုလသမဂ္ဂ၊ နိုင်ငံတကာနှင့် ပြည်တွင်း အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူတို့က အုပ်စု သုံးအုပ်စု ခွဲပြီး တိုင်းရင်းသားလူမျိုးတို့၏ စီးပွားရေးဆိုင်ရာအချက်အလက်များ၊ ငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားမီဒီယာ၊ တိုင်းရင်းသားဒေသ သယံဇာတ ခွဲဝေအသုံးချမှု ခေါင်းစဉ်တို့နှင့် စပ်လျဉ်း၍ အကြံပြုချက်များကို ဆွေးနွေးကြသည်။

ယင်းနောက် ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင် ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်က အုပ်စုအလိုက်ဆွေးနွေးမှုရလဒ်များနှင့် ပတ်သက်၍ ခြုံငုံသုံးသပ်ဆွေးနွေးသည်။

ထို့နောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က တိုင်းရင်းသားအခွင့်အရေးဆိုသည်မှာ ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများနှင့် မဆန့်ကျင်သော တိုင်းရင်းသားများ၏ ရပိုင်ခွင့်ဖြစ်ကြောင်း၊ တိုင်းရင်းသား အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေတွင် အတိအလင်း ဖော်ပြထားပါကြောင်း၊ အခွင့်အရေးဆိုသည်မှာ နိုင်ငံရေး တစ်ခုတည်းကို မကြည့်ဘဲ ဒေသတွင်နေထိုင်သော တိုင်းရင်းသားလူမျိုးများ၏ လူမှုရေး၊ စီးပွားရေးကိုပါ ထည့်သွင်းစဉ်းစားပေးရမည်ဖြစ်ပါကြောင်း၊ ခေတ်နောက်ကျနေသော အတွေးအခေါ်ဟောင်းများကိုလည်း ပြင်ရန်လိုအပ်သကဲ့သို့ မှားယွင်းနေသည့် စိတ်သဘောထားကိုလည်း ပြောင်းရန် လိုပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် စီးပွားရေး တစ်ခုတည်းကို မကြည့်ဘဲ လူသားများ ဖွံ့ဖြိုးတိုးတက်မှုသာလျှင် စဉ်ဆက်မပြတ် တိုးတက်မည်ဟု ပြောကြားလိုပါကြောင်း။




တိုင်းရင်းသားလူမျိုးများသည် အများအားဖြင့် နယ်စပ်ဒေသနှင့် တောင်ပေါ်ဒေသများတွင် အများဆုံးနေထိုင်ကြပြီး အများစုမှာ ပြည်နယ်များတွင် နေထိုင်ကြသည်ကို တွေ့ရှိရပါကြောင်း၊ တိုင်းရင်းသားအများစုနေထိုင်ကြသည့် တောင်ပေါ်ဒေသများသည် လမ်းပန်းဆက်သွယ်ရေး အလွန်ခက်ခဲပြီး တစ်နေရာနှင့်တစ်နေရာ သွားလာရန် အလွန်ခက်ခဲပါကြောင်း၊ လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်အတွက် စီးပွားရေးလုပ်ငန်းများ လုပ်ဆောင်ရန် အခြေအနေ ဖန်တီးခွင့်နည်းပါးသည်ကို သိပြီးဖြစ်သည့်အတွက် ယင်းအခက်အခဲများ ကြုံတွေ့ရခြင်းကို ပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့် မည်သို့ပင် ခက်ခဲသည်ဖြစ်စေ မိမိတို့ ကျော်ဖြတ်သွားရမည် ဖြစ်ပါကြောင်း၊ အတွေးအမြင် မတူသည်များကို ဘေးဖယ်ထားပြီး မတူကွဲပြားမှုများ မည်သို့ပင်ရှိစေ တူညီမှုများကို စုစည်းပြီး ရှေ့ဆက်ဆောင်ရွက်မှုများရှိသကဲ့သို့ မတူညီမှုများကိုလည်း ပေါင်းစပ်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

တိုင်းရင်းသား ညီအစ်ကိုမောင်နှမများအကြား သံသယနှင့် ပဋိပက္ခများ နှစ်ရှည်ကြာစွာ ဖြစ်ပေါ်ခဲ့မှုကြောင့် မိမိတို့နိုင်ငံသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည်တို့တွင် အိမ်နီးချင်းနိုင်ငံများထက် အဘက်ဘက်မှ နောက်ကျခဲ့ရသည်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ပေးပို့သည့် သဝဏ်လွှာတွင် ထည့်သွင်းပြောကြားခဲ့ပါကြောင်း၊ ယင်းသို့ မဖြစ်ရန်အတွက် နှစ်ရက်တာ ကျင်းပခဲ့သည့် ဖိုရမ်တွင် ရရှိခဲ့သည့် အကျိုးရလဒ်များကို အကျိုးရှိစွာ အသုံးချပြီး တိုင်းရင်းသားဒေသများတွင် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# (၃၈)ကြိမ်မြောက် မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်ညီလာခံ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၉**

(၃၈) ကြိမ်မြောက် မြန်မာနိုင်ငံသွားနှင့်ခံတွင်းဆရာဝန်ညီလာခံ (၂၀၁၈) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ Melia Hotel ၌ ပြုလုပ်သည်။

အဆိုပါအခမ်းအနားတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဆေးသုတေသန ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ဇင်သန့်က အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်း ဥက္ကဋ္ဌ ပါမောက္ခဒေါက်တာ သိန်းကြူက နှုတ်ခွန်းဆက် အမှာစကား ပြောကြားခဲ့သည်။

ထို့နောက် ကြိုဆိုဧည့်ခံရေးကော်မတီဥက္ကဋ္ဌ ဒေါ်ခင်နှင်းအေး၊ နိုင်ငံတကာ သွားနှင့် ခံတွင်းဆရာဝန်အသင်းများမှ ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌများက ကျေးဇူးတင်စကား ပြောကြားခဲ့ကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်အသင်းတွင် ထားရှိမည့် နှလုံးခုန်ရပ်တရက် ရပ်တန့်သွားသည့် လူနာအားအရေးပေါ် ပြုစုကုသပေးနိုင်ရန်အတွက် လေ့ကျင့်ရာတွင် အထောက်အကူပြုနိုင်မည့် သင်ကြားရေးအရုပ် ဝယ်ယူရန် အသင်းအဖွဲ့ဝင် ဒေါက်တာ မြင့်စိန်က ငွေကျပ်သိန်း၂၀ လှူဒါန်းခြင်းနှင့် ဂျမေကာနိုင်ငံတွင် နေထိုင်သည့် ဒေါက်တာ စုယဉ်ထွန်းက ဒေါ်လာ ၁၀၀၀ လှူဒါန်းရာ မြန်မာနိုင်ငံ




သွားနှင့်ခံတွင်း ဆရာဝန်အသင်း ဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာ သိန်းကြူက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ခဲ့သည်။**(အပေါ်ပုံ)**

ဇန်နဝါရီ ၁၈ရက်မှ ၁၉ ရက်ထိ နှစ်ရက်တာ ကျင်းပမည့် အဆိုပါညီလာခံတွင် ပြည်သူလူထု၏ သွားနှင့်ခံတွင်းရောဂါဝေဒနာများကို နိုင်ငံတကာအဆင့်မီ ကုသနိုင်ရန် အတွက် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ သွားနှင့်ခံတွင်း ဆရာဝန်များနှင့် တရုတ်၊ ဂျပန်၊ စင်ကာပူ အစရှိသည့် နိုင်ငံတကာမှ ဆေးပညာရှင်များ တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ပြီး သွားဘက်ဆိုင်ရာ ဆေးပညာလောက တိုးတက်ဖွံ့ဖြိုးရေးအတွက် ဆွေးနွေးမှုများ၊ အကြံပြုချက်များ၊ ဆုံးဖြတ်ချက်များ ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ပညာရပ်ဆိုင်ရာ ဟောပြောပွဲများတွင် ပြည်ပမှ ပညာရှင် ၁၉ ဦး၊ ပြည်တွင်းပညာရှင် ၂၂ ဦးတို့က ၎င်းတို့၏ သုတေသနတွေ့ရှိချက်များကို ဆွေးနွေးတင်ပြကြခြင်း၊ ပိုစတာပြပွဲများ ပြသခြင်းဖြင့် စည်စည်ကားကား ကျင်းပသွားမည်ဖြစ်ပြီး ဆေးကုမ္ပဏီ ၃၀ ခန့်ကလည်း သွားနှင့်ခံတွင်းဆိုင်ရာ ပြခန်းပေါင်း ၇၀ ပါဝင်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သီသီမင်း**

# ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ အောက်တိုဘာလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန် အခြေအနေ

**နေပြည်တော် ဇန်နဝါရီ ၁၉**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အောက်တိုဘာလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၃၁ ဒသမ ၈၈ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၉၆ ဒသမ ၃၀ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၂၈ ဒသမ ၁၈ သန်း ဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၂၃၁ ဒသမ ၇၄ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၇၆ ဒသမ ၇၁ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၄၀၈ ဒသမ ၄၅ သန်း ဖြစ်သည်။ သို့ဖြစ်၍ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် အောက်တိုဘာလအတွက် စုစုပေါင်း ကုန်သွယ်မှုပမာဏမှာ အမေရိကန်ဒေါ်လာ ၂၃၃၆ ဒသမ ၆၃ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၄၈၀ ဒသမ ၂၇ သန်းဖြစ်ပေါ်ခဲ့သည်။

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ အောက်တိုဘာလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန် တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၅၅၅၄ ဒသမ ၆၇ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၆၀၄ ဒသမ ၃၇ သန်းနှင့် စုစုပေါင်းပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၁၅၉ ဒသမ ၀၄ သန်း တင်ပို့နိုင်ခဲ့သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၈၈၇၂ ဒသမ ၄၁ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၃၀ ဒသမ ၉၃ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၀၅၀၃ ဒသမ ၃၄ သန်းဖြစ်သဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဧပြီလမှ အောက်တိုဘာလအတွင်း စုစုပေါင်းကုန်သွယ်မှုပမာဏမှာ ၁၈၆၆၂ ဒသမ ၃၈ သန်းဖြစ်ပြီး ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၂၃၄၄ ဒသမ ၃၀သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့က လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန် အခြေအနေအစီရင်ခံစာအရ သိရသည်။

**သတင်းစဉ်**

# KBZ Bank Women' League ပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၉**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က ကြီးမှူး၍ KBZ Bank ၏ အဓိကပံ့ပိုးကူညီမှုဖြင့်ကျင်းပသည့် ၂၀၁၇-၂၀၁၈ ရာသီ KBZ Bank Women' League ပြိုင်ပွဲ ပွဲစဉ်(၄) နောက်ဆုံးနေ့အဖြစ် လက်ရှိချန်ပီယံ မြဝတီအသင်းနှင့် ဇွဲကပင်အသင်းတို့ ယနေ့ညနေပိုင်းက အောင်ဆန်းကွင်း၌ ယှဉ်ပြိုင်ကစားရာ မြဝတီအသင်းက သုံးဂိုးပြတ်အနိုင်ရခဲ့သည်။ မြဝတီအသင်းသည် သုံးဂိုးဖြင့်သာ အနိုင်ရခဲ့သောကြောင့် အမှတ်ပေးဇယား ဒုတိယနေရာတွင်သာ ရှိနေပြီး ထိပ်ဆုံးမှ သစ္စာအားမာန်အသင်းကို အမှတ်တူဖြင့် ဖိအားပေးလျက်ရှိသည်။

**ရဲရင့်ရှိုင်း**

# စိတ်အေးချမ်းလျှင် အသက်ရှည်မည်

ဒေါက်တာမြင့်သန်း
(ညောင်လေးပင်)

အသက်တစ်ရာရှည်လိုရင် အရေးကြီးတာက မိမိဘာစားသလဲ၊ ဘယ်လိုစားသလဲ၊ ဘယ်လောက်စားသလဲဆိုတဲ့ အချက်တွေကို အလေးပေးလေ့လာလေ့ရှိကြပါတယ်။ အစာအာဟာရဟာ လူသားတွေရဲ့ အသက်ရှည်ခြင်း၊ ကျန်းမာခြင်းတို့အပေါ် ကြီးမားစွာလွှမ်းမိုးနိုင်တာဖြစ်ပါတယ်။ အီတလီနိုင်ငံက ရွာကလေးအချို့မှာ အနည်းဆုံး အသက် ၉၀ ကျော်လောက် နေနိုင်သူတွေကိုတွေ့ရပါတယ်။ သူတို့ရဲ့ အသက်ရှည်ခြင်းမှာ ထူးခြားတဲ့ စိတ်အခြေအနေအချို့ကြောင့် ဖြစ်တာကို တွေ့ရပါတယ်။ အထူးသဖြင့် ခေါင်းမမာကြဘူး။ ပြောင်းလွယ်ပြင်လွယ်စိတ်ထားရှိကြတယ်။ စိတ်အေးချမ်းမှုကိုအထူးအလေးပေးကြတာကိုတွေ့ရပါတယ်။ The International Psychogeriatrics နိုင်ငံတကာသက်ကြီးရွယ်အိုများ စိတ်ပညာဆိုင်ရာဂျာနယ်မှာ လေ့လာတွေ့ရှိထားချက်များကို ဖော်ပြထားပါတယ်။

အီတလီနိုင်ငံ စီလင်န်တိုဒေသဟာ အသက်ကိုးဆယ်ကျော် အဘိုးအို၊ အဘွားအိုတွေ နေထိုင်တဲ့ ဒေသလို့ လူသိများပါတယ်။ အသက် ၉၀ မှ ၁၀၁ နှစ်အတွင်းရှိ သက်ကြီးသူ ၂၉ ဦးတို့ရဲ့ စိတ်ပိုင်းနဲ့ ရုပ်ပိုင်းဆိုင်ရာ အခြေအနေများကို လေ့လာမှုပြုခဲ့ပါတယ်။ သူတို့ရဲ့ စိတ်ပိုင်းဆိုင်ရာယူဆမှုတွေ၊ ယုံကြည်ချက်တွေ၊ ဘဝတစ်လျှောက် စိတ်ထိခိုက်ခံစားခဲ့ရမှုတွေ စတာတွေကို ရေးမှတ်ဖြည့်သွင်းကြပါတယ်။ အတူနေတဲ့ ငယ်ရွယ်သူမိသားစုဝင်တွေရဲ့ သက်ကြီးသူတွေအပေါ်ထားတဲ့ သဘောထားခံယူချက်တွေကိုလည်းမေးမြန်းခဲ့ပါတယ်။ ငယ်ရွယ်သူအများစုကတော့ သက်ကြီးသူတွေဟာ လူငယ်တွေအပေါ် ထိန်းချုပ်မှုများတယ်။ ခေါင်းမာကြတယ်စသည်ဖြင့် ယူဆကြတယ်လို့ ဆိုပါတယ်။ လေ့လာသူကတော့ သက်ကြီးသူတွေ အများစုဟာ သဘောထား ပျော့ပျောင်းကြတယ်။ ပြောင်းလွယ်ပြင်လွယ်ဖို့ ဝန်မလေးသူတွေဖြစ်ကြတယ်လို့ မှတ်ချက်ချပါတယ်။ သူတို့ဟာ အသက် ၉၀ မှ ၁၀၀ ကြားရှိသူတွေဖြစ်ကြပါတယ်။ အဘိုးအိုတစ်ယောက်ကဆို သူ့ဇနီးဆုံးသွားခဲ့တယ်။ "သားတွေကို ကျေးဇူးတင်တယ်၊ အခုဆိုကျုပ်ကိုယ်တိုင်လည်း တော်တော်နေကောင်းလာပြီ၊ လောကကြီးဟာ အမြဲပြောင်းလဲနေတာပဲလေ၊ အပြောင်းအလဲနဲ့ လိုက်လျောညီထွေရှိရမှာပေ့ါ၊ ဒါမှအားလုံးအတွက်အဆင်ပြေမှာ" လို့ ဆိုပါတယ်။

စန်ဒီယေးဂိုး ဆေးပညာကျောင်း၊ သက်ကြီးရွယ်အိုကျန်းမာရေးစင်တာအကြီးတန်း ပညာရှင်ဒေါက်တာ ဒီလစ်ပ်ဂျက်စတီဆိုသူဟာ ဒီလေ့လာမှုကိုဦးဆောင်ခဲ့သူ၊ တွေ့ရှိချက်များကို ရေးသားဖော်ပြသူလည်းဖြစ်ပါတယ်။ "သူတို့ အများစုဟာ အခြားဒေသတွေကနေပြောင်းရွှေ့လာသူတွေ ဖြစ်ပါတယ်၊ သူတို့ရဲ့ မိသားစုဝင်တချို့ ဆုံးရှုံးခဲ့ရတာတွေရှိပါတယ်၊ သူတို့စိတ်ထိခိုက်မှုတွေ၊ အားငယ်မှုတွေကို ကြုံခဲ့ကြရပေမယ့် ကျော်လွှားနိုင်ခဲ့ကြပါတယ်၊ မပြောင်းလဲနိုင်မှုတွေကို လက်ခံကြပြီး အကောင်းဆုံး ရင်ဆိုင်ကြတယ်၊ စိတ်အေးချမ်းမှုတွေကို ရယူနိုင်ခဲ့ကြပါတယ်"လို့ ဒေါက်တာဖိလစ်က ဆိုပါတယ်။ အသက်အကြီးဆုံး အဘိုးအဘွားတွေရဲ့ တူညီမှုတွေကတော့ အကောင်းမြင်စိတ်ရှိကြတယ်။ အလုပ်လုပ်ကြတယ်၊ တတ်နိုင်သလောက်လှုပ်ရှားနေကြတယ်။ မိသားစုအတွင်း နွေးထွေးစွာ နေတတ်ကြတယ်။ ဘာသာတရားကိုင်းရှိုင်းကြတယ်၊ အိမ်နီးချင်းတွေနဲ့ ထိတွေ့ဆက်ဆံနိုင်ကြတယ်၊ ရန်မပွားတတ်ကြဘူး စတဲ့အချက်တွေဖြစ်ကြပါတယ်။ ဒီသက်ကြီးသူတွေထဲက ၅၉ ဦးတို့ကို အသက် ၅၁ မှ ၇၅ နှစ်ကြားရှိသူ မိသားစုဝင်တွေနဲ့ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်မှုအခြေအနေတွေကို နှိုင်းယှဉ်လေ့လာခဲ့ပါသေးတယ်။ သက်ကြီးသူတွေကတော့ ငယ်သူတွေထက်ရုပ်ပိုင်းဆိုင်ရာတွေမှာ ကျဆင်းနေတာကို တွေ့နေကျအတိုင်းတွေ့ရပါတယ်။ သူတို့ရဲ့ အိုမင်းခြင်းအသွင်တွေနဲ့အတူ အရိုးစနစ်၊ နှလုံး၊ အဆုတ်နဲ့ အမြင်အကြား အာရုံစနစ် စတာတွေဟာ ကျဆင်းနေတာဖြစ်ပါတယ်။ Mental Wellbeing လို့ခေါ်တဲ့ စိတ်ပိုင်းဆိုင်ရာ အခြေအနေများကို အမှတ်ပေးလေ့လာရာမှာတော့ အမှတ်ကောင်းနေကြတာ တွေ့ရပါတယ်။ သူတို့ဟာ မိမိကိုယ်ကိုယုံကြည်မှု၊ ဆုံးဖြတ်နိုင်စွမ်းတွေမှာ အမှတ်ကောင်းနေကြပါတယ်။ "အိုလာရင် ဘာမှမကောင်းတော့ဘူး၊ ဘာမှသုံးလို့မရတော့ဘူး"ဆိုတဲ့ အိုမင်းခြင်းဆိုင်ရာ အယူအဆမှားကို တွေ့ရတယ်လို့ ဒေါက်တာ ဖိလစ်က ဆိုပါတယ်။ သူတို့ရဲ့ ရုပ်ပိုင်းဆိုင်ရာတွေ ယိုယွင်းသွားပေမယ့် စိတ်ပိုင်းဆိုင်ရာတွေကတော့ ဒေါင်ဒေါင်မြည်နေဆဲပဲလို့တောင်ဆိုရမှာပါပဲ။ သူတို့အများစုမှာ အသက်ကြီးလာလို့ သတိမေ့လျော့တတ်တာ၊ ဦးနှောက်နဲ့ အာရုံကြောပိုင်းဆိုင်ရာ ကျန်းမာရေးပြဿနာတွေ အယ်လ်ဇိုင်းမားလို၊ ပါကင်ဆင်လို ရောဂါတွေမဖြစ်သလောက် တွေ့ရပါတယ်။ သူတို့ဟာ ပျော်ရွှင်စွာနေတတ်ကြတယ်၊ ရောင့်ရဲတင်းတိမ်တတ်ကြတယ်၊ ဒါကြောင့် စိတ်ကျမှုတွေ၊ စိတ်ဖိအားခံစားရမှုတွေကနေ ကင်းလွတ်နေနိုင်ကြပါတယ်။ ဖော်ပြခဲ့သလို အိုမင်းခြင်းနဲ့အတူ ဘဝအမှောင်ထုထဲ ဝင်ရောက်သွားပြီ Gloom and Down ဆိုတာမျိုးတော့ မတွေ့ရတာဖြစ်ပါတယ်။ Blue Zones ခေါ်အသက်ရှည်ကြသူအများစုရှိနေတတ်တဲ့ ဂရိ၊ ဂျပန်၊ အီတလီ၊ ကော့စတာရီကာ၊ ကယ်လီဖိုးနီးယား စတဲ့ ဒေသများမှာ သူတို့ဘာကြောင့် အသက်ရှည်ကြရတယ်ဆိုတာကို လေ့လာမှုတွေ အများအပြားလုပ်ခဲ့ကြဖူးပါတယ်။ ဗီဇ၊ အစားအသောက်၊ နေထိုင်မှုပုံစံတွေနဲ့ ရုပ်ပိုင်းဆိုင်ရာ အခြေအနေတွေကိုသာ အလေးပေးလေ့လာခဲ့ကြပေမယ့် အသက်ရှည်ခြင်းကို ဖြစ်စေတဲ့စိတ်ပိုင်းဆိုင်ရာ အခြေအနေတွေကိုတော့ အလေးမပေးမိခဲ့ကြပါဘူး။

စိတ်ပိုင်းဆိုင်ရာအပြင် ကိုယ်ရည်သွေးအခြေအနေတွေလို့လည်းဆိုရင် မှန်ပါလိမ့်မယ်။ ဘဝကိုရင်ဆိုင်ရာမှာ မှန်ကန်တဲ့ ကိုယ်ရည်ကိုယ်သွေးတွေရှိကြဖို့ လိုအပ်တယ်ဆိုတာ အခုတွေ့ရှိမှုမှာတွေ့နိုင်ပါတယ်။ အသက် ၉၀၊ ၁၀၀ နေရတာထက် အသက်ရှည်ရှည် ကျန်းကျန်းမာမာ ပျော်ပျော်ရွှင်ရွှင်နေနိုင်ဖို့ အရေးကြီးတယ်။ ဘဝရဲ့ အချိန်တွေကို ကောင်းစွာအသုံးချနိုင်ဖို့ ကြံ့ခိုင်တောင့်တင်းတဲ့ စိတ်ကျန်းမာရေးနဲ့ ကိုယ်ရည်ကိုယ်သွေးတွေ လိုအပ်တာ အမှန်ပါလို့ ဒေါက်တာဖိလစ်က ဆိုပါတယ်။

အသက်ကြီးသူများရဲ့ ဇီဝယန္တရားများဆိုင်ရာများကိုလည်း လေ့လာခဲ့ပါတယ်။ အချိုဓာတ်ထိန်းပေးတဲ့ အင်ဆူလင်ဟော်မုန်း၊ ရောင်ယမ်းမှုဖြစ်စဉ်များမှာ အရေးပါတဲ့ အချက်များနဲ့ oxidative stress ခေါ် ဓာတ်တိုးမှုဖြစ်စဉ်များနဲ့ သက်ရှည်မှု ဘယ်လိုသက်ဆိုင်နိုင်တယ်ဆိုတာတွေကိုပါ လေ့လာခဲ့တာဖြစ်ပါတယ်။ ဒီနေရာမှာလည်း အခြေခံအချက်များစွာ ပါဝင်ပတ်သက်နေပါတယ်။ အစားအစာ၊ နေထိုင်မှုပုံစံ စသည်များသာဖြစ်ပေမယ့် ယခုလေ့လာမှုအရတော့ စိတ်ပိုင်းဆိုင်ရာ အေးချမ်းစွာ နေနိုင်မှုဟာ အသက်ရှည်ခြင်းကို များစွာအထောက်အကူပေးနိုင်တာကိုတွေ့ရပါပြီ။ ပျော်ပျော်နေသေးခဲ ဆိုတာထက် စိတ်နှလုံးအေးချမ်းစွာနေနိုင်ခြင်း၊ ယောနိသောမနသိကာရ စိတ်ထားမျိုးက ပိုမိုအားသာစေနိုင်တာလည်း ဖြစ်ပါတယ်။ ဒါကြောင့် အသက်တစ်ရာရှည်စေလိုသော် စိတ်အေးချမ်းစွာ နေတတ်အောင်ကြိုးစားနေထိုင်တတ်ဖို့ နှလုံးသွင်းမှန်စွာနဲ့ လောကကြီးကို အကောင်းမြင်တတ်အောင် နေထိုင်သင့်တာ ဖြစ်ပါတယ်။(Amanda Macmillian-Time Health, 13.12.2017)

အီတလီနိုင်ငံ ဖော့ဂီးပြည်နယ်ထဲမှာရှိတဲ့ အပွနီတောင်ကုန်းဒေသမှာ ရိုဇက်တိုဆိုတဲ့ ရွာကလေးတစ်ရွာရှိပါတယ်။ ရောမမြို့ရဲ့ အရှေ့တောင်ဘက်မိုင်တစ်ရာအကွာမှာရှိပြီး ဆင်းရဲတဲ့ ဒေသတစ်ခုဖြစ်ပါတယ်။ ရွာသားတွေဟာ ပညာလည်းမတတ်ရှာကြပါဘူး။ နေ့စဉ်ခက်ခဲကြမ်းတမ်းတဲ့ ဘဝကိုဖြတ်သန်းနေရသူတွေ ဖြစ်ပါတယ်။ သူတို့ဟာ နေ့စဉ် လေးငါးမိုင်လောက်ကို ခြေကျင်သွား၊ စိုက်ပျိုးရေးလုပ်ငန်းထဲက မထွက်နိုင်၊ တိုးတက်ဖို့လမ်းလည်း မရှိသူတွေလို့ ပြောနိုင်ပါတယ်။ "ပင်လယ်သမုဒ္ဒရာပြင်ကြီးရဲ့ တစ်ဖက်ကမ်းမှာ စိုက်ပျိုးမြေယာနဲ့ အခွင့်အလမ်းတွေ အများကြီးရှိနေတယ်" ဆိုတဲ့ သတင်းစကားအရ ၁၈၈၂ ခုနှစ် ဇန်နဝါရီလမှာ ရိုဇက်တိုရွာသားလူကြီးဆယ်ယောက်နဲ့ ကလေးတစ်ယောက်တို့ အပြောကျယ်လှတဲ့ ရေပြင်ကြီးကို ဖြတ်ကျော်ပြီး မြောက်မေရိကတိုက်ဆီ ရွက်လွှင့်ခဲ့ကြပါတယ်။ လမ်းခရီးခက်ခဲကြမ်းတမ်းမှု များစွာကိုကျော်ဖြတ်ပြီး နယူးယောက်မြို့ကို ရောက်ရှိခဲ့ကြပါတယ်။ နယူးယောက်မြို့ မင်န်ဟတ်တန် ရပ်ကွက်က အီတလီစု မာဘယ်ရီလမ်းကြားက အရက်ဆိုင်လေးမှာ သူတို့ရဲ့ ပထမဆုံး ပြည်ပအခြေချမှုကို စတင်ခဲ့ကြပါတယ်။ သူတို့ဟာ ရရာအလုပ်ကို သိမ်းကျုံးလုပ်ကြပါတယ်။ နယူးယောက်မြို့ရဲ့ အနောက်ဘက် ဗင်ဂါမြို့အနီးက ကျောက်ကျင်းမှာ အလုပ်လုပ်ခွင့်ရသွားကြပါတယ်။ နောက်တစ်နှစ်မှာ ရိုဇက်တိုရွာသား ဆယ့်ငါးယောက် ရွာကနေ ထွက်ခွာလာကြပြီး ပူးပေါင်းကြပါတယ်။ ဒီလိုနဲ့ ၁၈၉၄ ခုနှစ်မှာ အမေရိကကိုပြောင်းရွှေ့ဖို့ နိုင်ငံကူးလက်မှတ်လျှောက်ထားသူ တစ်ထောင့်နှစ်ရာ ကျော်ရှိလာပါတယ်။ လူအပြည့်ရှိတဲ့ ရိုဇက်တိုရွာမှာ ရွာလုံးကျွတ်နီးပါး ပြောင်းရွှေ့သွားကြပါတယ်။ သူတို့ဟာ ဗင်ဂါမြို့အနီးက ကျောက်ဆောင် ထူထပ်တဲ့ တောင်ကုန်းမြေနေရာကိုဝယ်ယူပြီး စုပေါင်းနေထိုင်ကြပါတယ်။ ဘုရားရှိခိုးကျောင်းနဲ့ အခြားအဆောက်အအုံတွေကို တည်ဆောက်ကြပါတယ်။ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းတွေ လုပ်ကိုင်အောင်မြင်ကြပါတယ်။ ဒီလိုနဲ့ ရွာကြီးတစ်ရွာကနေ မြို့လေးတစ်မြို့ဖြစ်လာပါတော့တယ်။ ရိုဇက်တိုမြို့လေးဖြစ်လာပါတယ်။ ဒီမြို့လေးရဲ့ ထူးခြားချက်က ကျန်းမာရေးနဲ့ပတ်သက်နေတာပါပဲ။ အသက် ၅၅ နှစ်အောက် နှလုံးရောဂါနဲ့ သေဆုံးသူ မရှိ၊ နှလုံးရောဂါလက္ခဏာနဲ့ဆင်တူတဲ့ ဖြစ်ပွားမှုလည်း တစ်ယောက်မှမတွေ့ဖူးဘူးတဲ့။ အသက် ၆၅ နှစ်အထက် အမျိုးသားတွေထဲမှာတောင်မှ နှလုံးရောဂါနဲ့ သေဆုံးရမှုနှုန်းဟာ အမေရိကန်ပြည်ထောင်စုတစ်ခုလုံးရဲ့ တစ်ဝက်နှုန်းတောင်မှ မရှိတာတွေ့ရပါတယ်။ ထူးခြားတာ တစ်ခုလည်းရှိပါသေးတယ်။ ရိုဇက်တိုမြို့လေးဟာ ဓမ္မတာမဟုတ်တဲ့နည်းတွေနဲ့ သေဆုံးရမှုဟာ သေဆုံးရမှုအားလုံးရဲ့ ၃၀ မှ ၃၅ ရာခိုင်နှုန်းလောက်ပဲ ရှိတာကိုတွေ့ရပါတယ်။ မိမိကိုယ်ကို အဆုံးစီရင်မှု လုံးဝမရှိ၊ အရက်စွဲအရက်နာကျပြီး သေဆုံးမှု လုံးဝမရှိ၊ မူးယစ်ဆေးကြောင့် သေဆုံးမှု လုံးဝမရှိ၊ ခိုက်ရန်ဖြစ်ပွားလို့ သေတာမရှိသလောက် ဖြစ်ပြီး တစ်ယောက်အပေါ်တစ်ယောက် ရန်လိုမုန်းတီးမှုလည်း မရှိကြောင်း တွေ့ရပါတယ်။

သူတို့ရဲ့ စားသောက်မှုပုံစံတွေကို ကြည့်တဲ့အခါ စားသုံးဆီဟာ ကျန်းမာရေးနဲ့ညီညွတ်တဲ့ သံလွင်ဆီမျိုး မဟုတ်ပဲ အပေါစားဆီတွေ ဖြစ်နေပါတယ်။ သူတို့ အဓိကစားတတ်တာက ဆား၊ ကြက်သွန်နီ၊ ခရမ်းချဉ်သီး၊ ဝက်အူချောင်း၊ ကြက်ဥ စတာတွေကို ဆီများများနဲ့ လုပ်ထားတဲ့ ပီဇာမုန့်တွေ ဖြစ်ပါတယ်။ ကယ်လိုရီ ၄၁ ရာခိုင်နှုန်းဟာ သူတို့စားတဲ့ ဆီအညှိစားတွေကနေ ရတာတွေ့ရပါတယ်။ ဒါကြောင့် ရှိသင့်တဲ့ ကိုယ်တွင်းအဆီဓာတ်လည်း များနေပါတယ်။ အဝလွန်နေသူတွေများသလို ဆေးပြင်းလိပ်သောက်သူတွေလည်း များပါတယ်။ ကျန်းမာရေးလိုက်စားမှုကို ကြည့်ပါဦး။ ယောဂကျင့်စဉ်တို့၊ နေ့စဉ်လမ်းလျှောက် ပြေးလွှားတာမရှိသလောက်ပါပဲ။ သူတို့ ဘာကြောင့် အနာကင်း၊ အသက်ရှည်ကြရသလဲ စဉ်းစားစရာပါ။ လေ့လာသူတွေဟာ မြို့လေးအတွင်း လှည့်ပတ်ကြည့်ရှုကြမှ အကြောင်းရင်းကို တွေ့ကြရပါတယ်။ ရိုဇက်တိုမြို့သားတွေဟာ မိသားစုအသိုက်အမြုံလေးလို နေကြတယ်။ နေအိမ်အများစုဟာ အနည်းဆုံး မျိုးဆက်သုံးဆက် အတူနေကြသူတွေ ဖြစ်ကြတယ်။ တစ်မိုးအောက်မှာ အတူနေကြပြီး လူငယ်တွေဟာ သူတို့ရဲ့ အဘိုးအဘွား၊ အဖေအမေတွေကို အထူးလေးစားကြတယ်။ ဘုရားရှိခိုးကျောင်းမှာ စုဝေးလေ့ရှိကြပြီး ဘာသာတရား ကိုင်းရှိုင်းကြတယ်။ တည်ငြိမ်အေးချမ်းကြပြီး စုစည်းညီညွတ်တဲ့စရိုက်ရှိကြတယ်။ လူဦးရေနှစ်ထောင်ခန့်သာရှိသော်လည်း လူမှုရေးလုပ်တဲ့အဖွဲ့အစည်း နှစ်ဆယ့်နှစ်ဖွဲ့ရှိပါတယ်။ အဖွဲ့တွေများနေပေမယ့် ညီညီညွတ်ညွတ်နဲ့ လက်တွဲဆောင်ရွက်ကြတယ်။ အလုပ်တွေကို ခွဲဝေလုပ်တဲ့ သဘောပဲ ဖြစ်ပါတယ်။

စိတ်ဝမ်းမကွဲကြဘူး။ လူတိုင်းလိုလိုဟာ သူ့အတိုင်းအတာနဲ့သူ အရေးပါသူတွေ ဖြစ်ကြတယ်။ ကိုယ်လုပ်နိုင်တဲ့နေရာ ကိုယ်တာဝန်ယူနိုင်ကြတယ်။ အားလုံးဟာ တန်းတူအခွင့်အရေး ရရှိကြတယ်။ မလိုအပ်တဲ့ ပလွှားမှုတွေမရှိဘဲ အတင်းမပြောတတ်ကြဘူး။ အဆင်မပြေကျရှုံးသူတွေကို ကူညီကြတယ်။ လက်တွဲခေါ်ကြတယ်။ သူတို့မိသားစု ထမင်းဝိုင်းတွေဆိုရင် မိသားစု မျိုးဆက်သုံးဆက်လောက် စုစုစည်းစည်းနဲ့ ဝိုင်းဖွဲ့စားလေ့ရှိကြတယ်။ အိမ်ရှေ့ထိုင်ခုံလေးတွေမှာ အေးအေးလူလူစကားပြောနေလေ့ရှိကြတယ်။ အေးချမ်းတဲ့ စိတ်အနေအထားပိုင်ဆိုင်ကြတယ်၊ လူတစ်ဦးချင်းစီနဲ့ သူ့ရဲ့ လူ့အသိုင်းအဝိုင်းမှာ စိတ်အေးချမ်းစွာ နေနိုင်မှု၊ နွေးထွေးစွာနေနိုင်မှု၊ ညီညွတ်စွာနေတတ်မှု စတာတွေဟာ အသက်ရှည်အနာမဲ့ရေးအတွက် အထူးအရေးပါလှကြောင်း တွေ့ရတာ ဖြစ်ပါတယ်။ ဒါဟာ ခေတ်သစ်ဆေးပညာလောကအတွက် အသိတစ်ခုပေးလိုက်သလိုပါပဲ။ စိတ်အေးချမ်းမှုနဲ့ လူအများညီညွတ်မှုဟာ ကျန်းမာရေးအတွက် ဘယ်လောက်အရေးပါတယ်ဆိုတာ သတိမထားလို့ မဖြစ်တဲ့အချက် ဖြစ်လာပါတော့တယ်။ ကျန်းမာခြင်းဆိုသည်ကို အဓိပ္ပာယ်ဖွင့်ဆိုရာမှာ ကာယသုခ၊ စိတ္တသုခ၊ လူမှုရေးသုခတို့ ပြည့်ဝရုံမက အများကိုယ်စိတ်ချမ်းသာရေးဆိုတဲ့ မေတ္တာတရားသုခပါ ပါဝင်နေတယ်ဆိုတဲ့ ဖွင့်ဆိုချက်ဟာ မှန်ကန်လှကြောင်း တွေ့ရခြင်းဖြစ်ပါတယ်။ **(The Outliers - ဘိုဘိုဟန် ဘာသာပြန်- "အများနဲ့ မတူ၊ တစ်မူထူးခြားသူများ")**

မျက်မှောက်လောကကြီးမှာ လူသားတွေ ပူလောင်နေကြရတဲ့ အကြောင်းရင်းတွေထဲမှာ အတ္တကြောင့်ဖြစ်ရတာဟာ ထိပ်ဆုံးက ဖြစ်နေတယ်လို့ ထင်ပါတယ်။ အတ္တကြောင့် မငြိမ်းချမ်းတာ၊ ရောဂါဘယတွေ များနေတာတွေ့နိုင်ပါတယ်။ အတ္တမှာ တရားကိုယ် သုံးပါး ရှိပါတယ်။ တစ်ယူသန် ခေါင်းမာခြင်းဆိုတဲ့ တိတ္ထိ၊ ကိုယ်ကျိုးရှေ့တန်းတင်တဲ့ လောဘတဏှာ၊ မောက်မာခက်ထန်တဲ့ မာနတို့ ဖြစ်ပါတယ်။ ဒီအတ္တလွန်ကဲနေတာတွေကို အတတ်နိုင်ဆုံး ရှောင်နိုင်ကြရင် စိတ်အေးချမ်းသာမယ် အသက်ရှည်ရှည်နေနိုင်ကြမယ်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီး ကောသမ္ဗီအရေးကြောင့် ကာယဝိဝေက အလို့ငှာ ပါလိလေယျက တောကိုကြွချီရာ အရှေ့ဝါးပင်တောအရပ်အရောက် အရှင်အနုရုဒ္ဓါ၊ အရှင်နိမ္မိဒ၊ အရှင်ကိမိလတို့ သုံးဦးချမ်းသာစွာနေထိုင် သီတင်းသုံးနေကြပုံကို တွေ့ပါတယ်။ အကြောင်းကို မေးတော်မူရာမှာ "မိမိတို့ ဆန္ဒကို ရှေ့တန်းမတင်ဘဲ တစ်ဦးကိုတစ်ဦး လေးစားစွာ ပေါင်းဖော်နေထိုင်ကြခြင်းကြောင့် ဖြစ်ပါကြောင်း" ဖြေကြားတော်မူကြပါတယ်။ ဒါကြောင့် မိမိတို့ရဲ့ ဆန္ဒများကို ထိန်းသိမ်းနိုင်ကြမယ်၊ ဖြေလျှော့နိုင်ကြမယ်၊ လက်တွဲနိုင်ကြမယ်ဆိုရင် စိတ်ချမ်းသာကြမယ်၊ အသက်ရှည်ကြမယ်၊ မိမိတို့ရဲ့ ပတ်ဝန်းကျင်လူ့အဖွဲ့အစည်းလည်း အေးချမ်းတိုးတက်မှာ ဖြစ်ပါတယ်ခင်ဗျာ။ ။

**❝ မျက်မှောက်လောကကြီးမှာ လူသားတွေ ပူလောင်နေကြရတဲ့ အကြောင်းရင်းတွေထဲမှာ အတ္တကြောင့်ဖြစ်ရတာဟာ ထိပ်ဆုံးက ဖြစ်နေတယ်လို့ ထင်ပါတယ်။ အတ္တကြောင့် မငြိမ်းချမ်းတာ၊ ရောဂါဘယတွေ များနေတာ တွေ့နိုင်ပါတယ်။ အတ္တမှာ တရားကိုယ် သုံးပါး ရှိပါတယ်။ တစ်ယူသန် ခေါင်းမာခြင်းဆိုတဲ့ တိတ္ထိ၊ ကိုယ်ကျိုးရှေ့တန်းတင်တဲ့ လောဘတဏှာ၊ မောက်မာခက်ထန်တဲ့ မာနတို့ ဖြစ်ပါတယ်။ ဒီအတ္တလွန်ကဲနေတာတွေကို အတတ်နိုင်ဆုံးရှောင်နိုင်ကြရင် စိတ်အေးချမ်းသာမယ် အသက်ရှည်ရှည် နေနိုင်ကြမယ်။ ❞**

# ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အစိုးရ၏ ကြွေးမြီဆိုင်ရာ အစီရင်ခံစာနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ ရှင်းလင်းတင်ပြ

**နေပြည်တော် ဇန်နဝါရီ ၁၉**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန် အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် အစည်းအဝေး ခန်းမ၌ကျင်းပရာ နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်အဖြစ် မြန်အောင်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလှမိုးအောင်အား ခန့်အပ်တာဝန်ပေးခြင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီးအဖြစ် ဦးသာဦးအား ခန့်အပ်တာဝန် ပေးခြင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ ကျေးရွာအုပ်စု၊ ကျေးရွာတိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းတို့ကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်းက ကြေညာသည်။

ထို့အတူ နိုင်ငံတော်သမ္မတထံမှပေးပို့သည့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း) ဦးဟန်ဇော်အား ခန့်အပ်တာဝန်ပေးအပ်လိုခြင်းကို လွှတ်တော်ကသဘောတူကြောင်း ပြည်ထောင်စုလွှတ်တော်နာယက က ကြေညာသည်။

ထို့နောက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ပေးပို့သည့် **၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အစိုးရ၏ ကြွေးမြီဆိုင်ရာ အစီရင်ခံစာ**နှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဌာန ဒုတိယဝန်ကြီး ဦးဆက်အောင်က လွှတ်တော်သို့ ရှင်းလင်းတင်ပြသည်။

အဆိုပါ အစီရင်ခံစာနှင့်စပ်လျဉ်း၍ **ပြည်ထောင်စု လွှတ်တော် ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာ (၁/၂၀၁၈)** ကို ပူးပေါင်းကော်မတီ တွဲဖက်အတွင်းရေးမှူး တောင်ငူမဲဆန္ဒနယ်မှ ဦးခင်မောင်သန်းက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုအစိုးရအဖွဲ့က ရယူခဲ့သည့် ပြည်တွင်း ပြည်ပ ချေးငွေနှစ်ရပ်ပေါင်းမှာ ငွေကျပ် ၇၅၉၃ ဒသမ ၀ ဘီလီယံဖြစ်ပြီး ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေအရ ချေးယူခွင့်ပြုထားသည့် ငွေကျပ် ၅၀၀၀ ဒသမ ၀၀ ဘီလီယံထက် ငွေကျပ် ၂၅၉၃ ဒသမ ၀ ဘီလီယံ ပိုမိုချေးယူခဲ့သည်ကို တွေ့ရှိရပါကြောင်း။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်တွင်းပြည်ပ ကြွေးမြီအစီရင်ခံစာနှင့်စပ်လျဉ်း၍ သုံးသပ်တွေ့ရှိရသည်မှာ ၂၀၁၇ ခုနှစ် မတ် ၃၁ ရက်တွင် ပြည်တွင်း ပြည်ပ ကြွေးမြီလက်ကျန်နှင့် ဂျီဒီပီအချိုးမှာ ၃၅ ဒသမ ၆ ရာခိုင်နှုန်းဖြစ်ပြီး ၂၀၁၆ ခုနှစ် မတ် ၃၁ ရက်ရှိ အချိုးမှာ ၃၈ ဒသမ ၁ ရာခိုင်နှုန်းထက် လျော့နည်းကျဆင်းလာပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ရယူခဲ့သော ပြည်ပ ချေးယူငွေများသည် သက်သာသော ချေးငွေများဖြစ်ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၏ အသားတင် ချေးယူငွေ ငွေကျပ် ၂၇၅၃ ဒသမ ၉၁၄ ဘီလီယံသည် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၏ အသားတင်ချေးယူငွေ ငွေကျပ် ၄၀၀၅ ဒသမ ၂၁၀ ဘီလီယံထက် လျော့နည်းသည့်အပြင် ပြည်ထောင်စုဘတ်ဂျက် စုစုပေါင်းရငွေ၏ ၁၆ ဒသမ ၂၁ ရာခိုင်နှုန်းအထိ လျော့နည်းကျဆင်းလာပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ပြည်တွင်း ချေးငွေဖြစ်သည့် အစိုးရငွေတိုက်စာချုပ်နှင့် အစိုးရငွေတိုက်လက်မှတ်များ ပြန်လည်ရွေးနုတ်ခြင်းတို့ကို ငွေကျပ် ၄၈၃၉ ဒသမ ၁ ဘီလီယံအထိ ဆောင်ရွက်နိုင်ခဲ့ပြီး ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ် ပြန်လည်ရွေးနုတ်ခြင်း ငွေကျပ် ၁၇၆၃ ဒသမ ၁ ဘီလီယံထက် ပိုမို ရွေးနုတ်နိုင်ခဲ့ပါကြောင်း။


ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပစဉ်။

ပြည်တွင်းပြည်ပချေးယူငွေ စုစုပေါင်းငွေကျပ် ၇၅၉၃ ဒသမ ၀ ဘီလီယံသည် ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေအရ ငွေကျပ် ၅၀၀၀ ဒသမ ၀၀ ဘီလီယံထက် ၂၅၉၃ ဒသမ ၀ ဘီလီယံ ကျော်လွန်ခဲ့သော်လည်း ပြည်တွင်းချေးယူငွေ ပြန်လည်ပေးဆပ်မှုကို ငွေကျပ် ၄၈၃၉ ဒသမ ၁ ဘီလီယံအထိ ဆောင်ရွက်နိုင်ခဲ့၍ အသားတင် ချေးငွေပမာဏကို လျှော့ချနိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ချေးယူမှုကို ငွေကျပ် ၁၂၃၆ ဘီလီယံနှင့် ချေးယူငွေ၏ ၄၀ ရာခိုင်နှုန်းသာရယူရန် လျာထားဆောင်ရွက်ခဲ့ရာတွင် ချေးငွေပမာဏ ငွေကျပ် ၂၃၁၀ ဒသမ ၃ ဘီလီယံ အမှန်တကယ် ရယူခဲ့ရသော်လည်း ချေးယူငွေ၏ ၃၂ ရာခိုင်နှုန်းသာ ချေးယူခဲ့ခြင်းဖြစ်ပြီး အစိုးရငွေတိုက်စာချုပ်ရောင်းချမှုနှင့် အစိုးရငွေတိုက်လက်မှတ် လေလံစနစ်ရောင်းချမှုတို့ကို ပိုမိုတိုးတက်ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုအစိုးရ အဖွဲ့အနေဖြင့် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ပြည်တွင်း ပြည်ပ ကြွေးမြီများနှင့်စပ်လျဉ်း၍ ကာလလတ်ကြွေးမြီစီမံခန့်ခွဲမှု မဟာဗျူဟာ၏ ကြွေးမြီခံနိုင်ရည်ရှိမှုအဆင့်ကို ထိန်းသိမ်းထားရှိရန်၊ ဘဏ္ဍာရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေများကို စီမံခန့်ခွဲရန်နှင့် ယင်းဆုံးရှုံးနိုင်ခြေများကို သင့်တင့်လျောက်ပတ်သော အတိုင်းအတာအတွင်းရှိနေရန် ပြည်သူ့ကြွေးမြီ အနေအထားကို အကဲဖြတ်ရန်၊ အစိုးရငွေချေး သက်သေခံလက်မှတ်များ ရောင်းဝယ်သည့် ပြည်တွင်းဈေးကွက်များ ဖွံ့ဖြိုးတိုးတက်ရန်ဟူသည့် အဓိကရည်ရွယ်ချက်များကို အတိုင်းအတာတစ်ခုအတွင်း ထိန်းသိမ်းဆောင်ရွက်နိုင်သည်ဟု သုံးသပ်ရရှိပါကြောင်း။

ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ပြည်တွင်း ပြည်ပ ချေးငွေနှစ်ရပ်ပေါင်း ငွေကျပ် ၇၅၉၃ ဒသမ ၀ ဘီလီယံဖြစ်၍ ၂၀၁၆ ခုနှစ် ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေကိုပြင်ဆင်သည့်ဥပဒေအရ ခွင့်ပြုချက်ထက် ငွေကျပ် ၂၅၉၃ ဒသမ ၀ ဘီလီယံ ပိုမိုချေးယူခဲ့ခြင်းနှင့် စပ်လျဉ်း၍ တည်ဆဲဥပဒေပြဋ္ဌာန်းချက်များနှင့်ဘဏ္ဍာရေး စည်းမျဉ်းများနှင့်အညီ လိုက်နာဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ပြည်ပချေးငွေ ထုတ်ယူသုံးစွဲမှုတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ထက် လျော့နည်းခဲ့သည့် အပြင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း လျာထားချက် အမေရိကန်ဒေါ်လာ ၉၁၈ ဒသမ ၅၇၃ သန်းတွင် အမေရိကန်ဒေါ်လာ ၃၄၃ ဒသမ ၀၂၆ သန်း ရာခိုင်နှုန်းအားဖြင့် ၃၇ ဒသမ ၃၄ ရာခိုင်နှုန်းသာ ထုတ်ယူသုံးစွဲနိုင်ခဲ့ရာ နောင်တွင် စီမံကိန်းရည်မှန်းချက်အတိုင်း အပြည့်အဝ ထုတ်ယူသုံးစွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း လွှတ်တော်သို့ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက **၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် အစိုးရ၏ ကြွေးမြီဆိုင်ရာ အစီရင်ခံစာ**နှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ထို့နောက် **နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် စာရင်းအင်းဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကက ပြင်ဆင်ချက် တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ကိုရယူအတည်ပြုပြီး ပြင်ဆင်ချက်များကို နိုင်ငံတော်သမ္မတထံ ပြန်လည်ပေးပို့သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် **နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် ဩစတြီးယားနိုင်ငံ Unicredit Bank ထံမှ ချေးငွေရယူရန် ကိစ္စ**နှင့်စပ်လျဉ်း၍ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချို၊ ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်၊ ဆိပ်ဖြူမဲဆန္ဒနယ်မှ ဦးအောင်သိုက်၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်၊ သံတွဲမဲဆန္ဒနယ်မှ ဦးမင်းကြည်၊ ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေနှင့် ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်တို့က အကြံပြုဆွေးနွေးကြသည်။

**ကျောက်ဖြူမဲဆန္ဒနယ်မှ ဦးဘရှိန်**က ယခုတံတား တည်ဆောက်ခြင်း မပြုခင်က ဒေသခံပြည်သူများအနေဖြင့် မိုးရာသီတွင် ပင်လယ်ဘက်မှ ဖြတ်သန်းသွားလာရသည့် အတွက် ဘေးအန္တရာယ်များကို စိုးရိမ်ခဲ့ရပါကြောင်း၊ ယခု တံတားတည်ဆောက်ရေးလုပ်ငန်းများ စတင်နေပြီး လိုအပ်သည့် သံပေါင်များဝယ်ယူရန် စီစဉ်နေသည်ကို ထောက်ခံပါကြောင်း၊ ထိုသို့ထောက်ခံရခြင်းသည် တံတားတည်ဆောက်ပြီးပါက ဒေသခံပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ ကုန်စည်စီးဆင်းမှုမှအစ အဘက်ဘက်မှ အထောက်အကူပြုလာနိုင်သည့်အတွက် ဖြစ်ပါကြောင်း၊ တံတား တည်ဆောက်ပြီးပါက ကျောက်ဖြူမြို့နယ်မှ ရမ်းဗြဲမြို့နယ်သို့ အချိန်တိုအတွင်း သွားရောက်နိုင်မည့်အပြင် ရမ်းဗြဲမြို့နယ်မှ မာန်အောင်မြို့နယ်သို့လည်း လွယ်ကူလျင်မြန်စွာ သွားရောက်နိုင်မည်ဖြစ်ပါကြောင်း ဆွေးနွေးသည်။

**ရမ်းဗြဲမဲဆန္ဒနယ်မှ ဦးကျော်ရွှေ**က ကင်းချောင်းတံတားတည်နေရာဒေသဖြစ်သော လေးတောင်တိုက်နယ်၊ ကျောက်ချောင်းတိုက်နယ်၊ ကန်တိုက်တိုက်နယ် ပြည်သူများမှာ ရန်ကုန်-ကျောက်ဖြူ ကားလမ်း မဖောက်လုပ်ခင်က ရန်ကုန်မြို့နှင့် ပြည်မဒေသသို့ သွားလာရန် လေးတောင်ဒေသမှတစ်ဆင့် ဘင်္ဂလားပင်လယ်အော်ကို ကျော်ဖြတ်၍ တောင်ကုတ်မြို့သို့ ဒေသသုံးစက်လှေငယ်များဖြင့် သွားလာရပြီး တောင်ကုတ်မြို့မှတစ်ဆင့် ပြည်မသို့ သွားလာရသဖြင့် အချိန်ကုန်၊ ငွေကုန်၊ လူပန်းဖြစ်ခဲ့ရပါကြောင်း၊ ပင်လယ်ပြင်ကို ဖြတ်ကျော်ပြီးမှ ခရီးသွားလာရသဖြင့် အသက်အန္တရာယ်ဆုံးရှုံးမှုများ၊ စက်လှေနစ်မြုပ်မှုများ မကြာခဏ ဖြစ်ပေါ်ခဲ့ရပါကြောင်း၊ ဤဒေသနေ ပြည်သူများမှာ ထိုလမ်းမှတစ်ပါး အခြားရွေးချယ်စရာလမ်းမရှိသဖြင့် အသက်အန္တရာယ်ကို သိရှိသော်လည်း မဖြစ်မနေသွားလာရန် ကိစ္စရှိလာသောအခါ ထိုလမ်းကို အသုံးပြုခဲ့ရပါကြောင်း၊ ယခုဆောက်လုပ်မည့် ကင်းချောင်းတံတားမှ ဤဒေသနေပြည်သူလူထု နှစ်ပေါင်းများစွာ မျှော်လင့်တောင့်တနေသော တံတားတစ်ခုဖြစ်ပြီး ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် တစ်ဆက်တစ်စပ်တည်းရှိလာမည်ဖြစ်သဖြင့် ရမ်းဗြဲကျွန်းနှင့် မာန်အောင်ကျွန်း ပတ်လည်အား ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် နိုင်ငံအကျိုးစီးပွားတိုးတက်ခြင်း၊ ဒေသခံပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်စေခြင်းနှင့် ကုန်ထုတ်လုပ်မှုတိုးလာခြင်းနှင့်အတူ ပြည်တွင်းပြည်ပ ခရီးသွားလုပ်ငန်းများကို ရမ်းဗြဲမြို့နယ်နှင့် မာန်အောင်အထိ ဆွဲဆောင်ရာတွင် များစွာအထောက်အပံ့ ရရှိမည်ဖြစ်သဖြင့် ရခိုင်ပြည်နယ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်စိတ်တစ်ပိုင်းဖြစ်မည့် ကင်းချောင်းတံတားတည်ဆောက်ရာတွင် အသုံးပြုမည့် ချေးငွေရယူခြင်းကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ **နိုင်ငံတော်သမ္မတထံမှ သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇)**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယကက တစ်ပိုဒ်ချင်းစီအလိုက် လွှတ်တော်၏ အဆုံးအဖြတ်ရယူသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီး၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး သန့်ဆွေနှင့် ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်းတို့က သက်ဆိုင်ရာအပိုဒ်အလိုက် ပါဝင်ဆွေးနွေးကြပြီး လွှတ်တော်၏ဆန္ဒကို ရယူကြသည်။

အဆိုပါ **ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇)**နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်၏ ပြင်ဆင်အတည်ပြုချက်များကို နိုင်ငံတော်သမ္မတထံ ပြန်လည်ပေးပို့သွားမည်ဖြစ်ကြောင်း လွှတ်တော်နာယက က ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ပဉ္စမနေ့ကို ဇန်နဝါရီ ၂၄ ရက်တွင် ကျင်းပသွားရန် လျာထားကြောင်း ကြေညာသည်။

**မျိုးသူဟိန်း(သတင်းစဉ်)**

# သွင်းကုန်ပို့ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကြိုးနီစနစ်များလျှော့ချနိုင်ရေး ကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် ဇန်နဝါရီ ၁၉**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် Jardine Matheson Holdings Limited ၏ အမှုဆောင်ညွှန်ကြားရေးမှူး Hon . Lord Sasson အား ယနေ့နံနက် ၁၁ နာရီခွဲတွင် လွှတ်တော်ရေးရာဆောင်အမှတ်(I-11)၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာရေး၊ သွင်းကုန်ပို့ကုန်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကြိုးနီစနစ်များ လျှော့ချနိုင်ရေးကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

**တာဝန်ရှိသူများ တက်ရောက်**

တွေ့ဆုံပွဲသို့ Jardines ကုမ္ပဏီ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေဥက္ကဋ္ဌ Mr . Peter Beynon နှင့် တာဝန်ရှိသူများ၊ ကော်မရှင်အဖွဲ့ဝင် ဦးစံရွှေအောင်နှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

**သတင်းစဉ်**

☆ (၇၁)နှစ်မြောက်မှ

ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်နိုးကြားရှင်သန်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ပြည်တွင်းငြိမ်းချမ်းရေးကို အောင်မြင်အောင် တည်ဆောက်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-( ၂၁ ) ရာစုပင်လုံမှသည် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးနှင့် အသေးစားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများကို အားပေးမြှင့်တင်ခြင်းဖြင့် ပြည်ထောင်စုတစ်ဝန်း စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရေးတို့ ဖြစ်ပါကြောင်း၊ ပထမအကြိမ်ညှိနှိုင်းအစည်းအဝေးကို ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်နေ့တွင် ကျင်းပခဲ့ပြီး အစည်းအဝေးတွင် ဆုံးဖြတ်ချက် ၈ ချက် ချမှတ်ခဲ့ကာ အဆိုပါဆုံးဖြတ်ချက်များကို သက်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီနှင့် ဆပ်ကော်မတီ(၁၄)ခုတို့က အကောင်အထည်ဖော်ဆောင်ရွက်နေသည်ကိုလည်း တွေ့ရှိရပါကြောင်း။

### တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို တန်ဖိုးထား

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးသမိုင်းကြောင်းကိုပြန်ကြည့်ပါက တိုင်းရင်းသားခေါင်းဆောင်များသည် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် ပင်လုံညီလာခံကို ကျင်းပခဲ့ကြပြီး တိုင်းရင်းသားအားလုံး တညီတညွတ်တည်း ပင်လုံစာချုပ်ချုပ်ဆိုခဲ့ကာ လွတ်လပ်ရေးကို အရယူခဲ့ပါကြောင်း၊ ထိုသို့ တိုင်းရင်းသားညီအစ်ကို မောင်နှမများ၏ သွေးစည်းညီညွတ်မှုကို အခိုင်အမာဖော်ကျူးပြသနိုင်ခဲ့သည့် ပြည်ထောင်စုနေ့ကို နှစ်စဉ်ကျင်းပလာသည်မှာ ယခုဆိုလျှင် (၇၁) နှစ်မြောက် ရှိပြီဖြစ်ပါကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုရရှိခဲ့ခြင်းကြောင့် လွတ်လပ်ရေးရရှိခဲ့ကြောင်းကို နောင်လာနောက်သားများသိရှိစေရန် ပြည်ထောင်စုနေ့ကို နှစ်စဉ်ကျင်းပလျက်ရှိပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အသက်တမျှ တန်ဖိုးထားရန် ရည်ရွယ်ပါကြောင်း။

ဤအခမ်းအနားသည် နှစ်စဉ်ကျင်းပသည့် နိုင်ငံတော်အဆင့်အခမ်းအနားဖြစ်သဖြင့် ချမှတ်ထားသည့် အမျိုးသားရေးဦးတည်ချက်(၄)ရပ်နှင့်အညီ ကျင်းပသွားရမည် ဖြစ်ပါကြောင်း၊ ၂၀၁၈ ခုနှစ်၊ (၇၁)နှစ်မြောက်ပြည်ထောင်စုနေ့အခမ်းအနားကို ယခင်နှစ်များ၏ အားနည်းချက်များအပေါ် သင်ခန်းစာယူပြီး ယခုနှစ်တွင် အကောင်းဆုံးဖြစ်စေရေးအတွက် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနအားလုံး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သွားစေလိုပါကြောင်း။

### အမျိုးသားရေးဦးတည်ချက်များ

၂၀၁၈ ခုနှစ်၊ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့တွင် အခမ်းအနားကို အစီအစဉ် အပိုင်း(၂)ပိုင်းဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ပထမပိုင်းအနေဖြင့် နံနက်ပိုင်း အလံတင်အခမ်းအနားနှင့် သဝဏ်လွှာဖတ်ကြားခြင်းအခမ်းအနား၊ ညနေပိုင်းတွင် ညစာစားပွဲနှင့် ဖျော်ဖြေရေးအခမ်းအနားတို့ ဖြစ်ပါကြောင်း၊ အဆိုပါ အခမ်းအနားအစီအစဉ် (၂)ပိုင်းကို အကောင်အထည်ဖော်ဆောင်ရွက်ကြမည့် ဆပ်ကော်မတီ(၁၄)ခုအနေဖြင့် မိမိတို့၏ လုပ်ငန်းတာဝန်များကို စနစ်တကျဖြင့် အကွက်စေ့အောင် ဆောင်ရွက်သွားရန်လိုပါကြောင်း။

ပြည်ထောင်စုနေ့အတွက် ကျင်းပရေးဗဟိုကော်မတီမှ ချမှတ်ပေးမည့် အမျိုးသားရေးဦးတည်ချက်များ၏ အနှစ်သာရကို ပြည်သူများသိရှိနားလည်နိုင်ရေးအတွက် နိုင်ငံပိုင်မီဒီယာများဖြစ်သည့် ရေဒီယို၊ ရုပ်မြင်သံကြား၊ စာနယ်ဇင်းအားလုံးမှ ပြန်ကြား၊ ဖျော်ဖြေ၊ ပညာပေးအစီအစဉ်အမျိုးမျိုးဖြင့် တင်ဆက်ထုတ်လွှင့်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

### အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး

ရုပ်မြင်သံကြားမှ ထုတ်လွှင့်သည့်အခါ လက်ရှိကာလ ပြည်ထောင်စုအစိုးရအဖွဲ့၏ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်နေသည့် လုပ်ဆောင်ချက်များနှင့် အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ချက်များကို ပေါ်လွင်စေသည့် နောက်ခံရုပ်ပုံများကိုလည်း ထည့်သွင်းဖော်ပြသွားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ယခုနှစ် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ လာရောက်ကြမည့် တိုင်းဒေသကြီးနှစ်ခုနှင့် ပြည်နယ် ခုနစ်ခုတို့မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ နိုင်ငံရေးပါတီဥက္ကဋ္ဌများနှင့် ပါတီခေါင်းဆောင်များ တည်းခိုနေထိုင်မည့် နေရာများတွင် စားသောက်နေထိုင်ရေး အဆင်ပြေစေရန်အတွက် လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

### ပွင့်ပွင့်လင်းလင်း ဆွေးနွေး

ယခု ဒုတိယအကြိမ်ပြုလုပ်သည့် အစည်းအဝေးဖြစ်သည်နှင့်အညီ သက်ဆိုင်ရာ ဆပ်ကော်မတီများအလိုက် ပြီးခဲ့သည့် ပထမအကြိမ်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ အသေးစိတ်နှင့် အခက်အခဲများရှိပါက ပွင့်ပွင့်လင်းလင်း ဆွေးနွေးတင်ပြကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်က ပြည်ထောင်စုနေ့အခမ်းအနား၊ အလံတင်အခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲများ အောင်အောင်မြင်မြင် ကျင်းပနိုင်ရေးအတွက် ပထမအကြိမ် အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုအခြေအနေ အသေးစိတ်ကို ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် လုံခြုံရေးဆပ်ကော်မတီ၊ ကြိုဆိုနေရာချထားရေး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဆပ်ကော်မတီ၊ သဝဏ်လွှာပြုစုရေး ဆပ်ကော်မတီ၊ ဘဏ္ဍာရေးဆပ်ကော်မတီ၊ ဖိတ်ကြားရေးနှင့် နေရာချထားရေးဆပ်ကော်မတီ၊ ဧည့်ခံကျွေးမွေးရေးဆပ်ကော်မတီ၊ အလံတင်အခမ်းအနား စီစဉ်ရေးဆပ်ကော်မတီ၊ မြေစိုက်ပိုစတာများစိုက်ထူရေးဆပ်ကော်မတီ၊ ညစာစားပွဲ ဖျော်ဖြေရေးဆပ်ကော်မတီ၊ ကျန်းမာရေးဆပ်ကော်မတီ၊ ညစာစားပွဲခင်းကျင်းကျွေးမွေးရေးဆပ်ကော်မတီ၊ စာရင်းစစ်ဆေးရေးဆပ်ကော်မတီ၊ အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီနှင့် ပြန်ကြားရေး ဆပ်ကော်မတီများမှ ဆပ်ကော်မတီဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတက ရှင်းလင်းတင်ပြချက်များနှင့် ပတ်သက်၍ ပေါင်းစပ်ညှိနှိုင်းပေးကာ နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

### တာဝန်ရှိသူများ တက်ရောက်

အစည်းအဝေးသို့ (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဝင်များဖြစ်ကြသည့် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးကျော်မျိုးနှင့် ဦးဝင်းမော်ထွန်း၊ နေပြည်တော်ကောင်စီဝင်များ၊ တပ်မတော်မှ အရာရှိကြီးများ၊ စီမံခန့်ခွဲမှုကော်မတီနှင့် ဆပ်ကော်မတီတို့မှ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ဘားအံမြို့နယ် ဂျိုင်းကျေးရွာတွင် အိမ်တိုင်ရာရောက် ရေမီတာသုံး ရေပေးရေးစနစ်ဖြင့် ၂၄ နာရီ ရေရရှိနေပြီဖြစ်

**ဘားအံ ဇန်နဝါရီ ၁၉**

ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာဖြစ်သော ဂျိုင်းကျေးရွာအုပ်စု ဂျိုင်းကျေးရွာ၊ ကျောက်တလုံး(ဝင်းဒရယ်)အုပ်စု ပျဉ်းကတိုးကုန်းကျေးရွာနှင့် သစ်ဖြူပင်ဆိပ်ကျေးရွာတို့တွင် ရေမီတာသုံးစနစ်ဖြင့် အိမ်တိုင်ရာရောက် ရေပေးရေးစနစ်ကို ပြည်သူ၊ ကျေးလက်နှင့် ယူနီဆက်တို့ ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဘားအံမြို့မှ ၃၈/၄ မိုင်ကွာဝေးသော ဘားအံ-ကော့ကရိတ် လမ်းမကြီးပေါ် ဂျိုင်းတံတားကြီး၏ဘေး၌ရှိသော ဂျိုင်းကျေးရွာတွင် အိမ်ခြေ ၂၇၂ အိမ်အတွက် စက်ရေတွင်းများမှ အမြင့်ပေ ၂၀ ရှိသော ဂါလန် ၆၀၀၀ ဆံ့ ရေစင်ပေါ်သို့တင်၍ ရေသွယ်ပိုက်လိုင်းများဖြင့် အိမ်တိုင်ရာရောက် ရေမီတာသုံးစနစ်ဖြင့် ၂၄ နာရီ ရေပေးဝေနိုင်ရေးအတွက် ယူနီဆက်မှ ထောက်ပံ့သည့် ဆိုလာစနစ်သုံး ရေမြှုပ်မော်တာ တပ်ဆင်ခြင်းအား စတင်ဆောင်ရွက်နေပြီး ဆက်လက်၍ ကျန်ကျေးရွာ နှစ်ရွာတွင်လည်း ဆက်လက် တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



အဆိုပါ အိမ်တိုင်ရာရောက် ရေပေးရေးစနစ်ကို ကျေးလက်ဦးစီးဌာနနှင့် ယူနီဆက်တို့ပူးပေါင်း၍ ပြည်သူ ယခင်က မြန်မာနိုင်ငံအထက်ပိုင်း ကျေးရွာများတွင်သာ အဓိကပါဝင်သောစနစ်ဖြင့် အကောင်အထည်ဖော်

ဆောင်ရွက်ခဲ့ရာ ယခုအခါ ကရင်ပြည်နယ် ဘားအံမြို့နယ်တွင် Pilot Project အနေဖြင့် ကျေးရွာသုံးရွာအား စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ မွန်၊ ကရင်၊ တနင်္သာရီမှာဆို ဒီသုံးရွာက ပထမဆုံးပါ။ ပြည်သူရယ်၊ ကျေးလက်ရယ်၊ ယူနီဆက်ရယ် ဆိုတဲ့အတိုင်း ပြည်သူရဲ့အားကို အဓိကယူထားတာပါ။ ကျေးလက်ဦးစီးဌာနက နည်းပညာနဲ့ ယူနီဆက်က လိုအပ်တဲ့ပိုက်တွေ၊ ရေမြှုပ်ပန့်တွေ ထောက်ပံ့ပေးပြီး အတူတကွ ပူးပေါင်းဆောင်ရွက်နေတာပါ။ တခြားရွာတွေလည်း ခုလိုမျိုးစနစ်ကို စိတ်ဝင်စားကြပါတယ်"ဟု ဘားအံမြို့နယ် ကျေးလက်ဦးစီးမှူး ဦးခင်မောင်ဝင်းက ပြောသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ကျေးလက်ရေရရှိရေး၊ ကျေးလက်ဆိုလာမီးလင်းရေး၊ ကျေးလက်ဝင်ငွေတိုးလုပ်ငန်းများနှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ဘားအံမြို့နယ်အတွင်း ရေပေးရေးလုပ်ငန်း ၂၇ ခုအား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **မင်းသူ၊ ထွန်းထွန်းထွေး (ဘားအံ)**

# ထိုင်းနိုင်ငံရောက် ရွှေ့ပြောင်းအလုပ်သမားများအတွက် အနိမ့်ဆုံးလုပ်ခလစာ ဧပြီ ၁ ရက်မှစတင်၍ တိုးမြှင့်ပေးမည်

**ဗန်ကောက် ဇန်နဝါရီ ၁၉**

ထိုင်းနိုင်ငံရောက် ရွှေ့ပြောင်းအလုပ်သမားများအတွက် အနိမ့်ဆုံးလုပ်ခလစာအား ထိုင်းနိုင်ငံအစိုးရမှ ဧပြီ ၁ ရက်မှစတင်၍ တိုးမြှင့်ပေးသွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံမှ မြန်မာပြည်သားများအရေး ပူးတွဲလှုပ်ရှားမှုကော်မတီ(JACBA) ဥက္ကဋ္ဌ ဦးမိုးကြိုး၏ ဆက်သွယ်ပြောကြားချက်အရ သိရသည်။

ထိုင်းနိုင်ငံ၌ ဇန်နဝါရီ ၁၇ ရက်ကပြုလုပ်ခဲ့သော ထိုင်းနိုင်ငံရောက် ရွှေ့ပြောင်းအလုပ်သမားများ လုပ်ခလစာတိုးမြှင့်ပေးမှုအတွက် အနိမ့်ဆုံးလုပ်အားခ ကော်မတီအစည်းအဝေးတွင် အဆိုပါနှုန်းထားများ သတ်မှတ်နိုင်ခဲ့ခြင်းဖြစ်သည်။

ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးဌာနနှင့် တာဝန်ရှိသူများက ဆွေးနွေးခဲ့ကြပြီးနောက် ထိုင်းနိုင်ငံရောက် ရွှေ့ပြောင်းအလုပ်သမားများအတွက် အနိမ့်ဆုံးလုပ်အားခကို ဘတ်ငွေ ငါးဘတ်မှ ၂၂ ဘတ်အထိ ခရိုင်အလိုက် တိုးမြှင့်ပေးနိုင်ရန် နှုန်းထားသတ်မှတ်ခဲ့ကြသည်။ အဆိုပါ သတ်မှတ်ချက်များကို ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးမှတစ်ဆင့် အပတ်စဉ် အင်္ဂါနေ့တိုင်းပြုလုပ်သော ထိုင်းအစိုးရဝန်ကြီးအဆင့်အစည်းအဝေးသို့ အတည်ပြုနိုင်ရန် ဆက်လက်တင်သွင်းသွားမည်ဟု သိရသည်။

အဆိုပါ ထိုင်းနိုင်ငံရောက် ရွှေ့ပြောင်းအလုပ်သမားများအတွက် အနိမ့်ဆုံးလုပ်ခလစာ သတ်မှတ်ချက်များအရ ဖူးခတ်၊ ချွန်ဘူရီ၊ လယောင်းခရိုင်တို့၌ အလုပ်လုပ်ကိုင်နေကြသည့် ရွှေ့ပြောင်းအလုပ်သမားများမှာ တစ်ရက်လျှင် လုပ်ခလစာ ဘတ်ငွေ ၃၃၀ အမြင့်ဆုံးရရှိကြမည်ဖြစ်ပြီး ဗန်ကောက်၊ နွန်ထဘူရီ၊ နခေါ်ပထုမ်၊ ပထုမ်ထာနီ၊ စမွတ်ပရာကန်၊ စမွတ်စာခွန်နှင့် ချင်းဆောင်ခရိုင်တို့၌ အလုပ်လုပ်ကိုင်နေကြသည့် ရွှေ့ပြောင်းအလုပ်သမားများမှာ တစ်ရက်လျှင် ဘတ်ငွေ ၃၂၅ ဘတ် ဖြင့် ဒုတိယအလိုက်ရရှိကြမည်ဖြစ်ကာ အခြားခရိုင်များတွင် ဘတ်ငွေ ၃၂၀၊ ၃၁၈၊ ၃၁၅၊ ၃၁၀ နှင့် ၃၀၈ ဘတ်စသည်ဖြင့် လုပ်ခလစာ အသီးသီးတိုးမြှင့်ခံစားရရှိနိုင်ကြတော့မည်ဖြစ်ကြောင်း သိရသည်။

**ပွင့်သစ္စာ**

# မင်းတပ်မြို့၌ မီးကြွင်းမီးကျန်မှတစ်ဆင့် အိမ်မီးလောင်မှု ဖြစ်ပွား

**မင်းတပ် ဇန်နဝါရီ ၁၉**

မင်းတပ်မြို့ စံပြရပ်ကွက် ကွက်စိပ်အမှတ်(၉)၌ ဇန်နဝါရီ ၁၉ ရက် နံနက် ၉ နာရီ မိနစ် ၅၀ ခန့်က မီးလောင်မှု ဖြစ်ပွားခဲ့ရာ မင်းတပ်ခရိုင် မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်နှစ်စီးဖြင့် လာရောက်ငြိမ်းသတ်ခဲ့ကြောင်း သိရသည်။

အိမ်ငှားရမ်းနေထိုင်သူ ဦးမာန်ထန်း ၃၀ နှစ်၏ မီးဖိုချောင် ပေ့ါဆမီးကြောင့် စတင်လောင်ကျွမ်းခြင်းဖြစ်ကြောင်းသိရပြီး မီးလောင်မှုကြောင့် ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုးအိမ်တစ်လုံး ဆုံးရှုံးခဲ့သည်။ ထို့ကြောင့် မီးပေ့ါဆစွာ သုံးစွဲသူအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေးအတွက် တာဝန်ရှိသူများက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၉**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော် အားကစားနှင့် ကာယပညာဦးစီးဌာနရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်လမ်းညွှန်အမှာစကား ပြောကြားသည်။

ရှေးဦးစွာ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးလှိုင်က ၂၀၁၇ ခုနှစ် ဧပြီလမှ ဒီဇင်ဘာလအထိ ဦးစီးဌာနအနေဖြင့် လုပ်ငန်းပြီးစီးဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများ အားကစားနည်းအလိုက် သုံးသပ်မှု အခြေအနေ အတော်ကောင်းမွန်ကြောင်း၊ လိုအပ်ချက်များအား ဖြစ်နိုင်သည့် အချက်များကို လက်တွေ့အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ လက်ရွေးစင် အားကစားသမားများအား ဝန်ထမ်းအဖြစ် ခန့်ထားရေးကို အမြန်ဆုံး ကြိုးစားဆောင်ရွက်စေလိုကြောင်း၊ သို့မှသာ အားကစားသမားများ ကြိုးစားချင်စိတ်ရှိလာမည် ဖြစ်ပါကြောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ တာဝန်ခွဲဝေမှုကို အလှည့်ကျတာဝန် ထမ်းဆောင်ရန် လိုအပ်ကြောင်း၊ သို့မှသာ ပိုမိုကောင်းမွန်သောအုပ်ချုပ်မှု ဖြစ်ပေါ်လာမည် ဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရအဖွဲ့များပူးပေါင်း၍ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မြို့နယ်အသီးသီးတွင် ကျင်းပလျက်ရှိသော TSDP ပြိုင်ပွဲများအား လက်တွေ့ကျကျ လုပ်ကိုင်နိုင်မှုကို ပြန်လည်သုံးသပ် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ B.Sc (Sports) ကျောင်းသားများအား သင်ကြားမှုစနစ် ပြန်လည်သုံးသပ်ရန်နှင့် အားကစားသိပ္ပံကျောင်းများ လေ့ကျင့်နေမှုကို လက်တွေ့လေ့လာရန် လိုအပ်ကြောင်း၊ မြို့နယ်အားကစားမှူးများအား ဒေသတွင်းရှိ အခြေခံပညာ ကျောင်းများနှင့် အားကစားဆိုင်ရာ လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရန်နှင့် အားကစားဆိုင်ရာ အထောက်အကူပြုပစ္စည်းများ တတ်နိုင်သလောက် ထောက်ပံ့ပေးရန် လိုအပ်ကြောင်း၊ အားကစားလေ့ကျင့်နိုင်ရေး မြို့နယ်အသီးသီး၌ Outdoor Fitness များ တပ်ဆင်ပြီးစီးမှုနှင့် လိုအပ်သည့်မြို့နယ်များ အမြန်ဆုံး တပ်ဆင်ပေးနိုင်ရေး၊ မြို့နယ်များ၌လည်း Outdoor Fitness များကို အများပြည်သူများ အလွယ်တကူ ကစားနိုင်သည့်နေရာများ၌ စီစဉ်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ တစ်နိုင်ငံလုံးရှိ အားကစားကွင်း၊ အားကစားရုံ၊ ရေကူးကန်များအား ပြန်လည်ပြုပြင်ထိန်းသိမ်းရန် လိုအပ်သည်များကို စာရင်းပြုစု၍ အမြန်ဆုံးပြုပြင်ထိန်းသိမ်းရန် ဘတ်ဂျက်တောင်းခံပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊



မာရသွန်အားကစားနည်းတွင် တောင်ပေါ်ဒေသရှိ ကချင်၊ ချင်း၊ နာဂတိုင်းရင်းသားများအား ရှာဖွေရွေးချယ်နိုင်ရေးနှင့် အားကစားနှင့် ကာယပညာ သိပ္ပံကျောင်းများ ပညာရေးနှင့် လေ့ကျင့်ရေးမူဝါဒ ပြောင်းလဲပြင်ဆင်ရန်၊ ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးနှင့်ပြည်နယ် ညွှန်ကြားရေးမှူးများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ ရှေ့လုပ်ငန်းစဉ်များ အသီးသီးတင်ပြပြီး အားကစားနှင့် ကာယပညာသိပ္ပံကျောင်းများမှ ကျောင်းအုပ်ကြီးများက လုပ်ငန်းဆောင်ရွက်ချက်များ၊ လိုအပ်ချက်များ အသီးသီးတင်ပြကြရာ ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များက ပြန်လည်ဖြည့်စွက် ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ၂၀၂၅ စီမံချက်ပါလုပ်ငန်းကော်မတီများ၏ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၉**

အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ၂၀၂၅ ပြည့်မီအောင်မြင်ရေးအတွက် စီမံချက်ပါ လုပ်ငန်းကော်မတီများ၏ တတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးတွင် အေအီးစီ ၂၀၂၅ အတွက် အာဆီယံစီးပွားရေး အသိုက်အဝန်းဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက အာဆီယံအဖွဲ့ဝင်တစ်နိုင်ငံအနေဖြင့် အာဆီယံစီးပွားရေးအသိုက်အဝန်း အကောင်အထည်ဖော်ရာတွင် မဖြစ်မနေ ပါဝင်ရမည်ဖြစ်ပြီး တစ်နိုင်ငံတည်းကွက်ကျန်ခဲ့၍ မရပါကြောင်း၊ ကိုယ်စီကိုယ်စီ အားနည်းချက်များ ရှိနိုင်သော်လည်း ဖွံ့ဖြိုးတိုးတက်မှုရရှိအောင် ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း။

ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြသည့် အေအီးစီလုပ်ငန်းကော်မတီများ၏ ဆောင်ရွက်နိုင်စွမ်းပေါ်မူတည်ပြီး အေအီးစီကို ရင်ဆိုင်ကျော်လွှားရမည်ဖြစ်ပါကြောင်း၊ အေအီးစီဖော်ဆောင်မှုတွင် ပါဝင်မည့် အသေးစားနှင့် အလတ်စားလုပ်ငန်းများ၏ ဖွံ့ဖြိုးတိုးတက်မှုအတွက် လိုအပ်သည့် အရင်းအနှီး၊ နည်းပညာ၊ ဈေးကွက်တို့ကို စဉ်းစားဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ ပြည်တွင်း



လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်နိုင်ရန် ကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း၊ အေအီးစီကို အောင်မြင်အောင် ဆောင်ရွက်ရင်းဖြင့် မိမိနိုင်ငံတွင်လည်း အနှစ်သာရကျန်ရှိအောင် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

အေအီးစီ ၂၀၂၅ အကောင်အထည်ဖော်မှုသည် ၂၀၁၈ ခုနှစ်သို့ ရောက်ရှိနေပြီဖြစ်သည့်အတွက် ပီပြင်သည့် အနေအထားတစ်ခုသို့ ရောက်ရှိနေပြီ ဖြစ်ပါကြောင်း၊ ယနေ့လုပ်ဆောင်ချက်များသည် နောင်အနာဂတ်အတွက် အရေးကြီးသည့် အားလျော်စွာ အေအီးစီအကောင်အထည်ဖော်မှုတွင်လည်း မိမိတို့နိုင်ငံမှ မားမားမတ်မတ် ပါဝင်အကောင်အထည်ဖော်ရန် ကြိုးပမ်းဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေးသို့ တက်ရောက်လာကြသည့် အေအီးစီလုပ်ငန်းကော်မတီများအနေဖြင့် သက်ဆိုင်ရာ အေအီးစီလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ရာတွင် မိမိတို့ဝန်ကြီးဌာနမှ ပေါင်းစပ်ညှိနှိုင်းပေးရန် လိုအပ်သည့် ကိစ္စများရှိပါက ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အေအီးစီ ၂၀၂၅ အတွက် အာဆီယံစီးပွားရေး အသိုက်အဝန်းဆိုင်ရာလုပ်ငန်းများ အကောင်အထည်ဖော်ရေးကော်မတီ၏ တွဲဖက်အတွင်းရေးမှူး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထွန်းထွန်းနိုင်က ၂၀၁၆ ခုနှစ်နှင့် ၂၀၁၇ ခုနှစ်အတွက် အေအီးစီဆိုင်ရာ ဦးစားပေး လုပ်ငန်းစဉ်များတွင် ဆောင်ရွက်ရန်ကျန်ရှိသည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းသည်။

ယင်းနောက် အစည်းအဝေးသို့ တက်ရောက်လာသည့် အာဆီယံစီးပွားရေးအသိုက်အဝန်းဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ရေး ကော်မတီအောက်ရှိ လုပ်ငန်းကော်မတီအသီးသီးက သက်ဆိုင်ရာ လုပ်ငန်းကော်မတီအလိုက် အေအီးစီလုပ်ငန်းစဉ်များ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် ပြန်လည်ဆွေးနွေးပြောကြားခဲ့သည်။

အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ၂၀၂၅ စီမံချက်တွင် မြန်မာနိုင်ငံမှ လိုက်ပါအကောင်အထည်ဖော်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး သက်ဆိုင်ရာ ကော်မတီအလိုက် ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် ရှေ့ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရန် အဆိုပါအစည်းအဝေးကို ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ခေတ်မီမော်တာအထည်ချုပ်စက်သင်တန်း အမှတ်စဉ်(၁၉) သင်တန်းဆင်းပွဲအခမ်းအနား ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၉**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာနက ဖွင့်လှစ်သော ခေတ်မီမော်တာအထည်ချုပ်စက်သင်တန်း အမှတ်စဉ်(၁၉) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦးက တိုင်းရင်းသူ အမျိုးသမီးငယ်များကို အလုပ်အကိုင်အခွင့်အလမ်းများရရှိစေရန် ရည်ရွယ်ပြီး အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ၄၃ ကျောင်းတွင် အိမ်တွင်းမှုပညာရပ်များ လေ့ကျင့်သင်ကြားပေးလျက် ရှိပါကြောင်း၊ အဆိုပါသင်တန်းကျောင်းများမှ သင်တန်းအောင်မြင်ပြီးသည့် သင်တန်းသူ ၇၈၁၀၀ အနက် ၂၁၄၅ ဦးကို ခေတ်မီမော်တာ အထည်ချုပ်စက်သင်တန်းများ သင်ကြားပေးခဲ့ပြီး အထည်ချုပ်စက်ရုံ ၂၄ ရုံ၌ ၂၀၉၈ ဦး ဝင်ရောက်အလုပ်လုပ်ကိုင်လျက်ရှိကြောင်း၊ ယခုသင်တန်းတွင် တိုင်းရင်းသူ ၁၀၀ အား ဇန်နဝါရီ ၂ ရက်မှ ၁၉ ရက်အထိ အခမဲ့လေ့ကျင့်သင်ကြားပေးပြီး သင်တန်းဆင်း တိုင်းရင်းသူ ၉၅ ဦးကို အထည်ချုပ်စက်ရုံ သုံးရုံသို့ ခွဲဝေ၍ လုပ်ငန်းတာဝန်များ ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဌေးဦးက ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ သင်တန်းဆင်းတိုင်းရင်းသူများအား လွှဲပြောင်းအပ်နှံပေးခဲ့သည်။ ထို့နောက် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်သမားအသိအမှတ်ပြုကတ်ပြားများကို သင်တန်းဆင်းတိုင်းရင်းသူများထံပေးအပ်ပြီး အထည်ချုပ်စက်ရုံများမှ သင်တန်းဆင်းတိုင်းရင်းသူများအား ထောက်ပံ့ငွေများ ပေးအပ်ကာ အထည်ချုပ်လုပ်ငန်းရှင်များကိုယ်စား တာဝန်ရှိသူတစ်ဦးက အလုပ်သမားရပိုင်ခွင့်များကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

# ရခိုင်ပြည်နယ်သတင်း

## UEHRD ပြည်ထောင်စုစီမံကိန်းတွင် ပါဝင်ဆောင်ရွက်နိုင်ရန် ထိုင်းသံအမတ်ကြီးနှင့် ဥရောပသမဂ္ဂအဖွဲ့ရုံး သံအမတ်ကြီးတို့ သီးခြားစီလာရောက်ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၁၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးထံ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Jukr Boon-Long နှင့် ဥရောပသမဂ္ဂအဖွဲ့ရုံး သံအမတ်ကြီး H.E. Mr. Kristian Schmidt တို့သည် ယနေ့ နံနက်ပိုင်းတွင် အဆိုပါဝန်ကြီးရုံး မေခလာခန်းမတွင် သီးခြားစီ လာရောက်တွေ့ဆုံသည်။

ထိုင်းသံအမတ်ကြီး H. E. Mr. Jukr Boon-Long က ပြန်လည်နေရာချထားရေးလုပ်ငန်းစဉ်တွင် အိမ်ရာဆောက်လုပ်ရေးကဏ္ဍ၌ အကူအညီပေးလိုပါကြောင်း၊ ထိုင်းနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကောင်းဆုံးကြိုးစားကူညီသွားမည်ဖြစ်ကြောင်း ပြောကြားပြီး နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်များကို မေးမြန်းဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးက UEHRD ပြည်ထောင်စုစီမံကိန်းဖြင့် ငြိမ်းချမ်းရေး၊ ပြန်လည်ထူထောင်ရေး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်နေပါကြောင်း၊ နှစ်နိုင်ငံသဘောတူညီချက်အရ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းများ မကြာမီ စတင်မည်ဖြစ်ပါကြောင်း၊ မိတ်ဆွေနိုင်ငံများ၏ အကူအညီများအတွက် ဝမ်းမြောက်ပါကြောင်း ပြောကြားသည်။

UEHRD ညှိနှိုင်းရေးမှူးချုပ် ဒေါက်တာ အောင်ထွန်းသက်က သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာ(ICT)အား စိုက်ပျိုးရေးကဏ္ဍတွင် အသုံးချသည့် (Smart Farming) ခေတ်မီစိုက်ပျိုးရေးလုပ်ငန်းများ ရခိုင်ပြည်နယ်တွင် စတင်လိုကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့်လည်း တိုင်းရင်းသားအရေးနှင့် တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးရေး ဦးစားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ထိုင်းနိုင်ငံ၏ "ရွာတစ်ရွာထုတ်ကုန်တစ်ခု" "One Tambon One Product (OTOP) " အစီအစဉ်နှင့်ပတ်သက်ပြီး အကြံဉာဏ်များ၊ အတွေ့အကြုံများ ရယူလိုပါကြောင်း၊ ဆောက်လုပ်ရေးလုပ်ငန်းများ အရည်အသွေးပြည့်မီရေးနှင့် ထိုင်းနိုင်ငံမှ ပူးပေါင်းပါဝင်နိုင်ရေး အပြန်အလှန် ဆွေးနွေးသည်။

ယင်းနောက် ရခိုင်ပြည်နယ်တွင် ပြန်လည်နေရာချထားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုရန်အတွက် ထိုင်းနိုင်ငံအစိုးရက လှူဒါန်းသော အမေရိကန်ဒေါ်လာ ၂၅၀၀၀၀ ကို မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးက ပေးအပ်လှူဒါန်းရာ UEHRD ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။



ဥရောပသမဂ္ဂအဖွဲ့ရုံး သံအမတ်ကြီးနှင့် တွေ့ဆုံရာတွင် သံအမတ်ကြီးက UEHRD ၏ ဦးဆောင်မှုဖြင့် ဥရောပသမဂ္ဂမှ ကူညီထောက်ပံ့ပေးနိုင်မည့် ကဏ္ဍများအား အကြံပြုစေလိုပါကြောင်း၊ ဒေသတွင်းနေထိုင်သူများ လွတ်လပ်စွာ သွားလာလုပ်ကိုင်ခွင့်နှင့် နိုင်ငံသားစိစစ်ရေး လုပ်ငန်းများအား မေးမြန်းဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးက လူသားချင်းစာနာကူညီမှု၊ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ရန်အတွက် UEHRD မှတစ်ဆင့် ဆောင်ရွက်နေပါကြောင်း၊ နှစ်နိုင်ငံသဘောတူညီချက်အရ ယခုလ ၂၃ ရက်မှ စတင်၍ နိုင်ငံတွင်း ပြန်လည်ဝင်ရောက်လိုသူများ ပြန်လည်လက်ခံရေးလုပ်ငန်းများ စတင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတကာစံညွှန်းနှင့်အညီ မြို့ရွာစီမံကိန်းများ ချမှတ်၍ စနစ်တကျတည်ဆောက်ပြီး ပြန်လည်နေရာချထားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံသားစိစစ်ရေး (National Verification Card) ကတ်များ ထုတ်ပေးရေး အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိပါကြောင်း၊ သံတမန်များနှင့် နိုင်ငံတကာသတင်းမီဒီယာများ လေ့လာသတင်းယူခွင့် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် ဥရောပသမဂ္ဂအနေဖြင့် ထောက်ပံ့ကူညီနိုင်မည့် ကဏ္ဍများအား ဆွေးနွေးအကြံပြုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## နေရပ်စွန့်ခွာသူများ ပြန်လည်စိစစ်လက်ခံရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုနှင့် ကူညီထောက်ပံ့ပေးမှုအခြေအနေများ ကြည့်ရှုစစ်ဆေး





**မောင်တော ဇန်နဝါရီ ၁၉**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ရခိုင်ပြည်နယ်အထူးလုပ်ငန်းအဖွဲ့ (Task Force) ဥက္ကဋ္ဌ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် တာဝန်ရှိသူများသည် ယနေ့တွင် မောင်တောခရိုင်အတွင်းရှိ လှဖိုးခေါင်ကြားစခန်း၊ ငါးခူရနှင့် တောင်ပြိုလက်ဝဲ ယာယီလက်ခံရေးစခန်းများသို့ သွားရောက်၍ နေရပ်စွန့်ခွာသူများ ပြန်လည်စိစစ်လက်ခံရေးလုပ်ငန်းအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ကူညီထောက်ပံ့ပေးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ အထူးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် တာဝန်ရှိသူများသည် နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံမည့် လှဖိုးခေါင်ကြားစခန်းတည်ဆောက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ သဘောတူညီချက်အရ ယခုလ ၂၃ ရက်တွင် နေရပ်စွန့်ခွာသူများအား ပြန်လည်စိစစ်လက်ခံရေး လုပ်ငန်းအတွက် အဆောက်အအုံတည်ဆောက်ရေးလုပ်ငန်းများ အချိန်မီပြီးစီးရန်၊ ဆေးခန်းအပါအဝင် ရေ၊ မီး၊ မိလ္လာ စသည့် အခြေခံလိုအပ်ချက်များ ပြည့်စုံစေရန် မှာကြားခဲ့ကြသည်။

ထို့နောက် ငါးခူရယာယီလက်ခံရေးစခန်းသို့ ရောက်ရှိကြပြီး ယာယီလက်ခံရေးစခန်း ဆောက်လုပ်နေမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

မွန်းလွဲပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ အထူးလုပ်ငန်းအဖွဲ့ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့် အဖွဲ့ဝင်များသည် တောင်ပြိုလက်ဝဲ ယာယီလက်ခံရေးစခန်းသို့ ရောက်ရှိကြပြီး စခန်းများဆောက်လုပ်နေမှုအခြေအနေ၊ မြေနေရာ အနေအထား၊ လုံခြုံရေးအခြေအနေ၊ ဝန်ထမ်းအိပ်ဆောင်များ ဆောက်လုပ်ထားမှု အခြေအနေတို့နှင့် စပ်လျဉ်း၍ ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် မောင်တောမြို့ မောင်တောခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ ပြန်လည်စိစစ်လက်ခံရေးနှင့် UEHRD လုပ်ငန်းစဉ်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ အထူးလုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်တင်နှင့် ဒုတိယဝန်ကြီးဦးစိုးအောင်တို့က ဆက်လက်လုပ်ကိုင်ရမည့် လုပ်ငန်းစဉ်များ အောင်မြင်ရေး ဆွေးနွေးမှာကြားကြသည်။

ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲထွဋ်က ပြန်လည်လက်ခံရေးစခန်းများ၏ လိုအပ်ချက်များကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက ပြန်လည်လက်ခံရေးစခန်းတွင် ဆောင်ရွက်နေမှု အခြေအနေများအား သက်ဆိုင်ရာကဏ္ဍအလိုက် တင်ပြကြသည်။

**အောင်ရဲသွင်၊ ကိုမင်း**

**ဓာတ်ပုံ - အောင်မင်း**

## လူထုဗဟိုပြုစီမံကိန်းမိတ်ဆက်ခြင်း အလုပ်ရုံဆွေးနွေး

**ဂွ ဇန်နဝါရီ ၁၉**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်း၍ လူထုဗဟိုပြုစီမံကိန်း ပဉ္စမနှစ်စက်ဝန်း တိုးချဲ့ဆောင်ရွက်နေသည့် မြို့နယ်များအနက်မှ ရခိုင်ပြည်နယ် ဂွမြို့နယ်တွင် ဆောင်ရွက်မည့် လူထုဗဟိုပြုစီမံကိန်း မိတ်ဆက်ခြင်းနှင့် အလုပ်ရုံဆွေးနွေးပွဲကို ဂွမြို့နယ် အောင်မင်္ဂလာခန်းမ၌ ယနေ့ နံနက်ပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စိုး၊ ကမ္ဘာ့ဘဏ်ကိုယ်စားလှယ် Mr. Sean Lawis Bradley တို့က အဖွင့်အမှာစကား ပြောကြားသည်။

ဆက်လက်၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးလှခိုင်က စီမံကိန်းအကျဉ်းချုပ်ကို မိတ်ဆက်ရှင်းလင်းပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းဇော်ထွန်းက ဂွမြို့နယ်ရှိ ကျေးရွာများတွင် လိုအပ်နေသည့် အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးရွာသူ ကျေးရွာသားများ ကိုယ်တိုင်စီမံခန့်ခွဲ၍ ကိုယ်တိုင်စုပေါင်းလုပ်ဆောင်တတ်လာစေရန် ပြောကြားသည်။ ထို့နောက် တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားသည်။

လူထုဗဟိုပြုစီမံကိန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကမ္ဘာ့ဘဏ်နှင့် အီတလီအစိုးရ ရန်ပုံငွေ စုစုပေါင်း အမေရိကန် ဒေါ်လာ ၅၄၆ သန်းဖြင့် စီမံကိန်းလုပ်ငန်းများကို ဂွမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၃၃ အုပ်စုမှ ကျေးရွာပေါင်း ၁၅၆ ရွာတွင် ဆောင်ရွက်ရန် လိုအပ်သည့် လမ်း၊ တံတား၊ ရေပေးရေး၊ မီးလင်းရေး၊ အခြေခံအဆောက်အဦများကို ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် မြို့နယ်ရှိ ကျေးရွာများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

# နှစ်ဖက်မြေပြင်တပ်မှူးများတွေ့ဆုံနိုင်ရန် လုပ်ထုံးလုပ်နည်း မူကြမ်းရေးဆွဲပြီးဖြစ်၍ နှစ်ဖက်အကြံပြုချက်များရရှိပါက အတည်ပြုမည်

**ရန်ကုန် ဇန်နဝါရီ ၁၉**

ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-U) ၏ (၁၄) ကြိမ်မြောက် အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC)ရန်ကုန်ရုံးတွင် ဆက်လက်ကျင်းပခဲ့ပြီး နှစ်ဖက်မြေပြင်တပ်မှူးများတွေ့ဆုံနိုင်ရန် လုပ်ထုံးလုပ်နည်းမူကြမ်း (SoP) ရေးဆွဲပြီးဖြစ်၍ နှစ်ဖက်အကြံပြုချက်များရရှိပါက အတည်ပြုမည်ဖြစ်ကြောင်း သိရသည်။



JMC-U ၏ (၁၄)ကြိမ်မြောက်အစည်းအဝေး ကျင်းပစဉ်။

ဇန်နဝါရီ ၁၇ ရက်မှ ၁၉ ရက်အထိ သုံးရက်ကြာ ပြုလုပ်သည့် (၁၄)ကြိမ်မြောက် JMC-U အစည်းအဝေးတွင် အစိုးရကိုယ်စားလှယ်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ကျော်ဇောနှင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး (ငြိမ်း)တို့အစား ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းနှင့် ဗိုလ်မှူးချုပ် ကျော်ဇံမြင့် (ငြိမ်း)၊ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းကိုယ်စားလှယ် ပဒိုစောတာဒိုမူး အစား ပဒိုစောဆဲဂေ တို့ကို ကော်မတီဝင်များအဖြစ် ပြောင်းလဲခန့်အပ်ခြင်း၊ JMC-U တွင် ပါဝင်သည့် အရပ်သားကိုယ်စားလှယ်များ၏ လုပ်ငန်းလမ်းညွှန် (ToR) အတည်ပြုခြင်း၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) ၏ ၂၀၁၇ ခုနှစ်အတွင်း ဆောင်ရွက်နိုင်ခဲ့မှု အခြေအနေများအား သုံးသပ်ခြင်း၊ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအတွက် JMC ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများကို ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC-S) နယ်မြေအသီးသီးတွင် ကျင်းပဆောင်ရွက်နိုင်ရန် ဆုံးဖြတ်ချက်များ ချမှတ်ခြင်းတို့ကို ပြုလုပ်ခဲ့သည်။

ယနေ့ဆွေးနွေးပွဲအပြီးတွင် JMC-U အတွင်းရေးမှူး(၁) ဒေါက်တာရွှေခါးရ်နှင့် JMC-U အတွင်းရေးမှူး(၂) ဗိုလ်မှူးကြီးဝဏ္ဏအောင်တို့က ပြည်တွင်းပြည်ပ သတင်းမီဒီယာများအား JMC-U သုံးရက်တာ အစည်းအဝေးနှင့် ပတ်သက်၍ ရှင်းပြခဲ့ပြီး သတင်းမီဒီယာများက သိရှိလိုသည်များကို မေးမြန်းခဲ့သည်။

**အရပ်သားစောင့်ကြည့်ရေးကိုယ်စားလှယ်များ၏ လုပ်ငန်းလမ်းညွှန် (ToR)**

အရပ်သားစောင့်ကြည့်ရေး ကိုယ်စားလှယ်များ၏ လုပ်ငန်းလမ်းညွှန်(ToR)နှင့် ပတ်သက်၍ ဒေါက်တာရွှေခါးရ်က "အဓိကအားဖြင့်တော့ နံပါတ်(၁)က အရပ်သားကိုယ်စားလှယ်တွေရဲ့ တာဝန်တွေ၊ လုပ်ပိုင်ခွင့်တွေ၊ နံပါတ်(၂)က JMC-U မှာပါလာတဲ့ အရပ်သားကိုယ်စားလှယ်တွေထားရှိရမယ့် စံနှုန်းထားတွေပါ၊ နံပါတ်(၃)က အရပ်သားတွေကို အကာအကွယ်ပေးမယ့်ကိစ္စ အဲဒီသုံးခု ပါဝင်ပါတယ်၊ အရပ်သားကိုယ်စားလှယ်တွေကို JMC-U မှာဆိုခြောက်ဦး၊ JMC-S တွေမှာတော့ မတူကြဘူး၊ အချို့နေရာတွေမှာ ခြောက်ဦး၊ အချို့နေရာတွေမှာ ရှစ်ဦး ပါပါတယ်၊ လိုရင် လိုအပ်သလို တိုးချဲ့ပြီး ခန့်နေတာပေ့ါ၊ JMC-L ဆိုရင် အစက ကျွန်တော်တို့ အရပ်သား နှစ်ဦးစီခန့်ဖို့ စဉ်းစားပေမယ့် မေတ္တာရပ်ခံချက်ကြောင့် တိုးချဲ့ပြီး ထပ်ခန့်တာလည်းရှိပါတယ်၊ ဥပမာ-လင်းခေးဆိုရင် JMC-L မှာ အရပ်သားကိုယ်စားလှယ်ရှစ်ဦးအထိ ရှိလာတော့မှာဖြစ်ပါတယ်၊ JMC-S မှာလည်း လိုအပ်တယ် တောင်းဆိုလာရင် လိုအပ်သလို ထပ်မံခန့်ထားမှာပါ"ဟု ဖြေကြားသည်။

**နှစ်ဖက်မြေပြင်တပ်မှူးများ တွေဆုံနိုင်ရေး လုပ်ထုံးလုပ်နည်း (SoP)**

"မြေပြင်တပ်မှူးတွေ တွေ့ဆုံဖို့ (SoP) အတွက် မူကြမ်းတော့ ထွက်လာပြီ၊ ဒါပေမဲ့ သက်ဆိုင်ရာ နှစ်ဖက်အဖွဲ့အစည်းကြားမှာ ပြန်ပြီးတော့ ချမှတ်ဖို့ လိုအပ်လို့ အတည်ပြုဖို့ ဆုံးဖြတ်ချက် မချနိုင်သေးပါဘူး၊ ကရင်မှာဆို နှစ်ဖက်တပ်မှူးတွေ ဆွေးနွေးတာကို စတင်လုပ်ဆောင်နေပါပြီ၊ နောက်တစ်ခုက နှစ်ဖက်စလုံး JMC လုပ်ငန်းနဲ့ သဘောသဘာဝကိစ္စတွေကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်အောင် သက်ဆိုင်တဲ့ အဖွဲ့အစည်းတွေမှာ ဆွေးနွေးနိုင်ဖို့ လုပ်ငန်း Level တွေ ချမှတ်ပါတယ်၊ JMC နဲ့ ပတ်သက်ပြီး ပိုမို နားလည်ဖို့ အလုပ်ရုံဆွေးနွေးပွဲတွေလုပ်ဖို့ ကျွန်တော်တို့ အတည်ပြုပေးလိုက်ပါတယ်၊ သက်ဆိုင်ရာ နှစ်ဖက်တပ်မှူးတွေကို တင်ပြပြီး ဆွေးနွေးပြီးတော့ သူတို့ရဲ့ အကြံဉာဏ်တွေ၊ သူတို့ရဲ့ အကြံပြုချက်တွေ ဖြည့်စွက်ပြီး (၁၅)ကြိမ်မြောက် ဒါမှမဟုတ် (၁၆)ကြိမ်မြောက် JMC-U အစည်းအဝေးမှာတော့ အတည်ပြုနိုင်မယ်လို့ ထင်ပါတယ်"ဟု ဒေါက်တာရွှေခါးရ်က ဖြေကြားသည်။

**NCA လက်မှတ်ထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို အခြားအဖွဲ့အစည်းများနှင့်မတူသည့် ကွာဟချက် ဖန်တီးပေးဖို့**

အဆိုပါကိစ္စအတွက် ဗိုလ်မှူးကြီး ဝဏ္ဏအောင်က "NCA လက်မှတ်ထိုးထားတဲ့ အဖွဲ့တွေရှိတယ်၊ မရေးထိုးထားတဲ့ အဖွဲ့တွေလည်းရှိတယ်၊ NCA ထိုးထားတဲ့ အဖွဲ့က JMC ဆိုတဲ့လုပ်ငန်းစဉ်ကို လုပ်ကိုင်ကြရပါတယ်၊ ပါဝင်ရတယ်၊ လိုက်နာဆောင်ရွက်ရပါတယ်၊ JMC လုပ်ငန်းစဉ်ကို ဝင်လာတာနဲ့အမျှ စစ်ဘက်ဆိုင်ရာ လိုက်နာရမယ့် အချက်တွေပါလာပါတယ်၊ ပြည်သူလူထု အရပ်သားတွေအပေါ်ကို အကာအကွယ်ပေးရမယ့် အချက်တွေပါတယ်၊ ဒီလိုအချက်တွေကို လိုက်နာဖို့ တစ်ဖက်နဲ့တစ်ဖက် စောင့်ကြည့်ရပါတယ်၊ တပ်မတော် အပါအဝင် တစ်ဖက်နဲ့ တစ်ဖက် စည်းဝိုင်းဘောင်ထဲက လုပ်ကိုင်ကြရတဲ့အတွက် လုပ်ချင်တာလုပ်လို့မရပါဘူး၊ ဥပဒေနဲ့အညီ လုပ်ဆောင်ကြရတယ်ဆိုတဲ့ သဘောမျိုးပါ၊ NCA မထိုးထားသူတွေက Bilateral ရှိချင်ရှိမယ်၊ Bilateral မှာက ဘာကို မလုပ်ရဘူးဆိုတဲ့ ပြီးပြည့်စုံတဲ့ သက်မှတ်ချက်မပါတဲ့အတွက် အနေအထားမတူတာကို အရပ်သားကိုယ်စားလှယ်ဘက်က JMC-U ဒုတိယဥက္ကဋ္ဌ(၂) ဦးပြည့်စုံက ရှင်းပြတာဖြစ်ပါတယ်၊ အခွင့်အရေး ပိုပေးဖို့ဆိုတာက တပ်ဖွဲ့ဝင်တွေ၊ မိသားစုတွေရှိမယ်၊ အဲဒီအပေါ်မှာ မူတည်ပြီးတော့ အချင်းချင်းညှိလို့ရမယ့် တစ်ဖက်က တောင်းဆိုလို့ လိုက်လျောပေးလို့ရမယ့် အချက်တွေကို ညှိနှိုင်းဆွေးနွေးပေးနိုင်ရင် ပိုကောင်းတယ်ဆိုတဲ့အရာကို ဆိုလိုခြင်းဖြစ်ပါတယ်"ဟု ပြောသည်။

**မိုင်းရှင်းလင်းရေး**

"မိုင်းနဲ့ပတ်သက်ပြီးတော့ မိုင်းပညာပေး အလုပ်ရုံဆွေးနွေးပွဲတွေ ဆောင်ရွက်ဖို့ နှစ်ဖက်ဆွေးနွေး ညှိနှိုင်းဆဲဖြစ်ပါတယ်၊ မိုင်းရှင်းလင်းရေးက ဆောင်ရွက်ဖို့ NCA မှာပါပါတယ်၊ ဒါပေမဲ့ နှစ်ဖက်ယုံကြည်မှုအပေါ်မှာ ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် တစ်ဖက်နဲ့တစ်ဖက် ဆွေးနွေးနေကြတုန်းရှိပါသေးတယ်၊ ဒါကြောင့် မိုင်းရှင်းလင်းရေးကို အကောင်အထည်မဖော်နိုင်သေးပါဘူး၊ ယုံကြည်မှု တည်ဆောက်နေတုန်းဖြစ်တဲ့အတွက် အချိန်တစ်ခုတော့ ကျွန်တော်တို့ စောင့်ဆိုင်းရပါမယ်"ဟု မိုင်းရှင်းလင်းရေးကိစ္စအပေါ် ဗိုလ်မှူးကြီးဝဏ္ဏအောင်က ဖြေကြားသည်။

**နှစ်ဖက်တပ်များအကြား နယ်မြေပိုင်းခြားသတ်မှတ်မှု**

နှစ်ဖက်တပ်များအကြား နယ်မြေပိုင်းခြား သတ်မှတ်မှုနှင့်ပတ်သက်၍ "နယ်မြေပိုင်းခြားသတ်မှတ်မှုက NCA အခန်း(၃)မှာ အဓိကအချက် ငါးချက်ရှိတယ်၊ (၁) အပစ်ရပ်နယ်မြေ သတ်မှတ်ဖို့၊ (၂) ထိန်းချုပ်နယ်မြေသတ်မှတ်ဖို့၊ (၃)တပ်နေရာပြန်လည်ချထားရေး ဆောင်ရွက်ဖို့၊ (၄) ဆက်သွယ်တဲ့ နည်းလမ်းသတ်မှတ်ဖို့၊ (၅) အရပ်သားပြည်သူကိုကာကွယ်ဖို့ဆိုပြီး လုပ်လိုက်တော့ ဒီကိစ္စတွေအကုန်က နှစ်ဖက်အဖွဲ့အစည်းတွေ ညှိနှိုင်းပြီးလုပ်ရမှာ ဖြစ်တယ်၊ ဒါကြောင့် နှစ်ဖက် ညှိနှိုင်းနိုင်အောင် ကျွန်တော်တို့ JMC ရဲ့တာဝန်က ကမကထ လုပ်ပေးနိုင်တာပဲရှိပါတယ်၊ အဲဒီကိစ္စတွေ ဆောင်ရွက်ဖို့ နှစ်ဖက်လုံး အခက်အခဲတွေရှိနေတယ်၊ တပ်မတော်ဘက်ကလည်း ပြီးခဲ့တဲ့ အတွေ့အကြုံအရ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေဘက်ကလည်း သူတို့ရဲ့ အတွေ့အကြုံအရ ရှိနေတော့ ကျွန်တော်တို့က အဲဒီအစိုင်အခဲကြီး ပျော်ဝင်သွားအောင် အလုပ်ရုံဆွေးနွေးပွဲတွေနဲ့ ကျွန်တော်တို့ စလုပ်နေပါတယ်၊ တပ်မှူးတွေ အချင်းချင်းတွေ့ဖို့က သူတို့ကြားထဲမှာ ယုံကြည်မှုတည်ဆောက်နိုင်အောင် ကျွန်တော်တို့က လုပ်နေတာ ဖြစ်ပါတယ်"ဟု ဒေါက်တာရွှေခါးရ်က ဖြေကြားသည်။

ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC) ၏ တစ်နှစ်တာဆောင်ရွက်မှုအနေဖြင့် ၂၀၁၇ ခုနှစ်အတွင်း JMC-U အစည်းအဝေး ငါးကြိမ်၊ JMC-S အစည်းအဝေးများကို ၃၉ ကြိမ်၊ JMC-L အစည်းအဝေးကိုမူ ခြောက်ကြိမ် ကျင်းပနိုင်ခဲ့ပြီး ၂၀၁၇ ခုနှစ် နိုဝင်ဘာနှင့် ဒီဇင်ဘာလများတွင် JMC-S က ဦးဆောင်၍ လူထုတွေ့ဆုံပွဲ ၁၃ ကြိမ် ပြုလုပ်ခဲ့ပြီး ပြည်သူလူထု ၅၀၀၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ဒေသန္တရအဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC-L) ရုံးများကို ရှမ်းပြည်နယ် လင်းခေးနှင့် ကရင်ပြည်နယ် ဖာပွန်တို့တွင် ဖွဲ့စည်းထားပြီး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ စောင့်ကြည့်ရေးအတွက် အရေးကြီးသည့် ဖွဲ့စည်းမှုဖြစ်သောကြောင့် JMC-L ရုံး ၁၀ ရုံးအထိ ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-ရဲခေါင်ညွှန့်၊ ဓာတ်ပုံ-ဖိုးထောင်**

# ခေတ္တတိမ်းရှောင်လာသော တိုင်းရင်းသားများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေး

**မိုးကောင်း ဇန်နဝါရီ ၁၉**

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် လမ်းခွကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးLယော်ထုန်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ ဒုတိယဦးစီးမှူး ဦးဝေဖြိုးကျော်နှင့် ဝန်ထမ်းများသည်



ဇန်နဝါရီ ၁၈ ရက် ညနေ ၄ နာရီက နယ်မြေအခြေအနေအရ ခေတ္တတိမ်းရှောင်လာသော ကဆုန့်နှင့် ဇွပ်မိုင်ကျေးရွာများမှ တိုင်းရင်းသားများအား ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်နိုင်ရေးအတွက် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးရာ အသက်(၁၀)နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားကို အမျိုးသား ၅၄ ဦးနှင့် အမျိုးသမီး ၄၄ ဦးကိုလည်းကောင်း၊ (၁၈)နှစ်ပြည့် အမျိုးသား ၃၁ ဦးနှင့် အမျိုးသမီး ၃၃ ဦးကိုလည်းကောင်း နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးအပ်ခဲ့သည်။

"ကိုင်ဆောင်သင့်တဲ့ ကတ်ကို အချိန်နဲ့ တစ်ပြေးညီ ကွင်းဆင်းဆောင်ရွက်ပေးတဲ့ မြို့နယ်မှူးနဲ့ ဝန်ထမ်းတွေကို ကျေးဇူးတင်လေးစားပါတယ်"ဟု ဇွပ်မိုင်ကျေးရွာ တာဝန်ခံဆရာ ဦးဆိုင်းဘူက ဆိုသည်။

အဆိုပါ ပေးအပ်ပွဲသို့ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးမှ ဒုတိယဦးစီးမှူး၊ လမ်းခွကျေးရွာ အုပ်ချုပ်ရေးမှူးရုံး ဦးလမိုင်လဆမ်၊ ကဆုန့်ဒေသကျေးရွာ တာဝန်ခံ ဦးလဆမ်၊ ဦးလဂျောင်လတောင်၊ ဇွပ်မိုင်ကျေးရွာ တာဝန်ခံဆရာ ဦးဆိုင်းဘူနှင့် ဒေသခံပြည်သူများ တက်ရောက်ခဲ့သည်။

အဆိုပါ ကျေးရွာနေ ပြည်သူများအနက် နိုင်ငံသားအရည်အချင်းနှင့် ကိုက်ညီသူများအား နိုင်ငံသားစိစစ်ရေးကတ်များ စိစစ်၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းဦး**

# မြေသားမိုးရေလှောင်ကန်တူးဖော်ပြီးစီးမှုနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ဝေါ ဇန်နဝါရီ ၁၉**

နှစ်စဉ်ရေရှားပါးမှု ကြုံတွေ့ခဲ့ရသော ဝေါမြို့နယ် ပန်းညိုကျေးရွာအုပ်စု အထက်ပန်းညိုကျေးရွာတွင် သန့်ရှင်းသော သောက်သုံးရေဖူလုံစေရန်အတွက် မြေသားမိုးရေလှောင်ကန် တူးဖော်လျက်ရှိရာ ရေလှောင်ကန်တူးဖော်ပြီးစီးမှု အခြေအနေနှင့် ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများ အချိန်မီကောင်းမွန်စွာ ပြီးစီးနိုင်ရေးအတွက် ဇန်နဝါရီ ၁၅ ရက်က ဝေါမြို့နယ် ကျေးလက်ဦးစီးမှူး ဦးခင်မောင်အေးနှင့် ကျေးရွာ ရေရရှိရေးကော်မတီဝင်များ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြသည်။

ယင်းမြေသားမိုးရေလှောင်ကန် တူးဖော်ခြင်းကို ဝေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် (မူလခွင့်ပြုရန်ပုံငွေ)တွင် ကျေးလက်ရေရရှိရေးလုပ်ငန်းများအနက် Village Developer Co.,Ltd က တာဝန်ယူတည်ဆောက်ခြင်းဖြစ်ပြီး လက်ရှိတွင် ၉၀ ရာခိုင်နှုန်းခန့် ပြီးစီးလျက်ရှိသည်။ အဆိုပါ ရေလှောင်ကန်လုပ်ငန်း ၁၀၀ ရာခိုင်နှုန်း ပြီးစီးသွားပါက ပန်းညိုကျေးရွာအုပ်စု အထက်ပန်းညိုရွာရှိ ဒေသခံပြည်သူ အိမ်ထောင်စု ၃၇၀ ခန့်မှာ သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာ သုံးစွဲနိုင်မည်ဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ရန်ကုန်-ပြည် မီးရထားလမ်းတွင် ကားရထားနှင့် ဖောကားယာဉ် တိုက်မှုဖြစ်ပွား

**ပေါင်းတည် ဇန်နဝါရီ ၁၉**

ပေါင်းတည်မြို့ ရန်ကုန်-ပြည် မီးရထားလမ်းတွင် ယနေ့ နံနက် ၈ နာရီက ကားရထားနှင့် ဖောကားယာဉ်တို့ တိုက်မှုဖြစ်ပွားကြောင်း သိရသည်။



ဖြစ်စဉ်မှာ ပေါင်းတည်ဘူတာမှ ပြည်မြို့သို့ ထွက်ခွာလာသော အမှတ်(၆၀၉)အဆန် မီးရထားစက်ခေါင်း အမှတ် RBE-2513 စက်ခေါင်းမောင်း ဦးအောင်မျိုး မောင်းနှင်သော ကားရထားသည် တောင်ဘို့လှအုပ်စု တောင်ဘို့လှရွာ ဆည်မြောင်းမကြီး အနီး မီးရထားသံလမ်းမှတ်တိုင် အမှတ်(၁၃၂/၉)နှင့်(၁၃၂/၁၀)ကြား အရောက်တွင် ယာဉ်မောင်းဝင်းသူ မှတ်တိုင်လမ်း ပျဉ်းပင်ကန်ရပ်ကွက် ပေါင်းတည်မြို့နေသူ မောင်းနှင်လာသော MDY/7L---- ဖောကား အဖြူရောင် ခြောက်ဘီးယာဉ်သည် တရားမဝင်ဖောက်လုပ်ထားသည့် မီးရထားလမ်းကူးအား ဖြတ်သန်းမောင်းနှင်စဉ် ဝင်ရောက်တိုက်မိခဲ့သဖြင့် ဖောကားမှာ တိမ်းမှောက်သွားခဲ့သည်။

ကားရထားပေါ်တွင် လိုက်ပါစီးနင်းလာသော နတ်တလင်းမြို့နယ် ရွာမ ရပ်ကွက် မဟာစည် သာသနာ့ရိပ်သာမှ သီလရှင် ဒေါ်ပညာသီရိမှာ ဦးခေါင်းပေါက်ပြဲဒဏ်ရာနှင့် ဒေါ်တိက္ကစာရီမှာ ဝဲဘက်နံဘေးနာကျင်ဒဏ်ရာ (မစိုးရိမ်ရ)ရရှိသွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ ပေါင်းတည်မြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

# သဃ်န်းကျွန်းမြို့နယ်(ခ)ရပ်ကွက် ယုဝလမ်းတွင် မီးလောင်မှုဖြစ်ပွား

**ရန်ကုန် ဇန်နဝါရီ ၁၉**

ရန်ကုန်အရှေ့ပိုင်းခရိုင် သဃ်န်းကျွန်းမြို့နယ်(ခ)ရပ်ကွက် ယုဝလမ်းအမှတ်(၁၈) အခန်းအမှတ်(၂-အေ)တွင် ယနေ့ မွန်းလွဲ ၂ နာရီ မိနစ် ၅၀ က မီးလောင်မှု ဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်ရာသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေဘုန်းလတ်နှင့် ဦးမောင်မောင်ဦး (ခ)ဦးထိပ်တင်ဦး၊ မီးသတ်တပ်ဖွဲ့ဌာနချုပ်မှ ညွှန်ကြားရေးမှူး ဦးကျော်သူရ၊ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးမျိုးဝင်းနှင့် တာဝန်ရှိသူများ ရောက်ရှိလာပြီး မီးသတ်ယာဉ် ၄၉ စီး၊ အထောက်အကူပြုယာဉ် ၁၂ စီး၊ သန္နမီးသတ်တပ်ဖွဲ့ဝင် ၄၀၈ ဦးနှင့် သူနာပြုယာဉ် နှစ်စီးတို့ဖြင့် ကွပ်ကဲမီးငြိမ်းသတ်ခဲ့ရာ ညနေ ၃ နာရီ မိနစ် ၂၀ တွင် မီးငြိမ်းသွားသည်။ မီးလောင်မှုကို level 3 သတ်မှတ်ထားကြောင်း၊ မီးလောင်မှုကြောင့် လူနှင့် တိရစ္ဆာန်သေဆုံးမှု၊ ထိခိုက်ဒဏ်ရာရရှိမှုမရှိကြောင်း၊ မီးလောင်ရသည့် အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်းသိရသည်။

**ရဲမင်းထွန်း(ပြန်/ဆက်)**



# တရားမဝင် ကုန်စည်များ တားဆီးထိန်းချုပ်နိုင်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၁၉**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်နိုင်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ဖွဲ့စည်းစစ်ဆေးဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၈ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၀၀၈ စီး၊ သွင်းကုန် ၉၈၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၅၁ စီး၊ သွင်းကုန် ၁၅၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။



အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၁၈ ရက်တွင် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုသုံးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂ ဒသမ ၈၄၇ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခြောက်မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈ ဒသမ ၄၁၇ သန်းခန့်) စုစုပေါင်း တားဆီးမှုကိုးမှု(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁ ဒသမ ၂၆၄ သန်းခန့်)အား သိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

ထူးခြားသိမ်းဆည်းမှုအနေဖြင့် ဇန်နဝါရီ ၁၈ ရက်တွင် မန္တလေးမြို့နှင့် မူဆယ်မြို့တို့သို့ သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် မိုင်တိုင်အမှတ်(၁၉၅)မိုင် မိုင်းလီကျေးရွာအနီး၌ ရပ်တန့်ထားသော Crown Royal Saloon မော်တော်ယာဉ်အား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် စောင်များဖြင့် ဖုံးအုပ် သယ်ဆောင်လာသော တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်စေးရွေ ၁၉ တုံး (သုည ဒသမ ၅၁၅၈ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့်ယာဉ်တစ်စီး၊ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅ ဒသမ ၀၄၇ သန်းခန့်အား စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အင်းစိန်မြို့နယ်တွင် ဖြစ်ပွားသော အငှားယာဉ်မောင်းအား သတ်သည့်အမှုမှ ပြစ်မှုကျူးလွန်သူအား ဖမ်းဆီးရမိ

**ရန်ကုန် ဇန်နဝါရီ ၁၉**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် အင်းစိန်လမ်းမကြီးပေါ် စိုက်ပျိုးရေးဝင်းရှေ့၌ အငှားယာဉ်မောင်းအားသတ်သည့် အမှုမှ ပြစ်မှုကျူးလွန်သူကို ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့က အခင်းဖြစ်ပြီး ငါးရက်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၄ ရက် ည ၉ နာရီခန့်က အငှားယာဉ်မောင်း ဦးထွန်းထွန်းလင်းသည် အင်းစိန်လမ်းမ စိုက်ပျိုးရေးဝင်းရှေ့တွင် ဓားဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ကြောင်း သိရသည်။

ပြစ်မှုကျူးလွန်သူမှာ ကိုကိုနိုင်(ခ)ကိုနိုင်ဖြစ်ကြောင်း အတည်ပြုနိုင်ခဲ့ပြီး ၎င်း၏ ဖော်ထုတ်ချက်အရ အခင်းဖြစ်ည ၈ နာရီကျော်ခန့်က သူငယ်ချင်းဖြစ်သူ မျိုးစန်းဝင်း(ခ)မျိုးကြီးက ၎င်းအား သမိုင်းလမ်းဆုံ အနီးရှိ KTV သို့ လာရောက်ရန် ဖုန်းဆက်ခေါ်သဖြင့် ညောင်တုန်းလမ်းပေါ်ရှိ DANKO ဓာတ်ဆီဆိုင်ရှေ့တွင် အငှားယာဉ်တစ်စီးအား ကျပ် ၄၀၀၀ ဖြင့် ငှားရမ်းခဲ့ကြောင်း၊ KTV ဆိုင်သို့ တစ်ကြိမ်သာရောက်ဖူး၍ မမှတ်မိဘဲ သမိုင်းလမ်းဆုံ မီးပွိုင့်သို့ကျော်သွားခဲ့သဖြင့် လမ်းကျော်သွားကြောင်းပြောရာမှ အငှားယာဉ်မောင်းက စိတ်တိုပြီး ဆဲဆိုကာ အင်းစိန်လမ်းမပေါ်သို့ ပြန်လှည့်ခဲ့ကြောင်း၊ အငှားယာဉ်မောင်းက ၎င်းကိုဆက်မပို့လိုကြောင်းနှင့် ယာဉ်ငှားခပေးရန် ပြောဆိုခဲ့ရာ ၎င်းကပိုက်ဆံမပါသဖြင့် သူငယ်ချင်းနှင့်တွေ့မှ ပေးရမည်ဖြစ်ကြောင်းပြောဆိုခဲ့ရာ တစ်ယောက်တစ်ခွန်းစကားများခဲ့ကြောင်း၊ စကားများစဉ် အငှားယာဉ်မောင်းက ယာဉ်၏နောက်ခန်းသို့ ကျော်ကူးလာပြီး လုံးထွေးသတ်ပုတ်ခဲ့သဖြင့် အသင့်ပါလာသောဓားဖြင့် အငှားယာဉ်မောင်းအားထိုးခဲ့ကြောင်း၊ လုံးထွေးသတ်ပုတ်နေစဉ် ကားတံခါးပွင့်သွားပြီး အငှားယာဉ်မောင်းမှာ အောက်သို့ပြုတ်ကျသွားရာ ၎င်းလည်း ကားပေါ်မှ ဆင်း၍ ထွက်ပြေးခဲ့ကြောင်း၊ ၎င်း၏ နောက်မှ လူအုပ်ကြီးလိုက်လာသဖြင့် ဓားမြောင်နှင့်ဓားအိမ်ကို လမ်းတွင်လွှင့်ပစ်ခဲ့ကြောင်း၊ လူအုပ်ကြီးမှာ ဆက်လက်လိုက်ရှာနေသဖြင့် ထွက်ပြေးစဉ် ရေမြောင်းတစ်ခုအတွင်း ပြုတ်ကျခဲ့ပြီး ပုန်းအောင်းနေခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သဖြင့် သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်းကာ ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှု၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

**သနပ်ပင် ဇန်နဝါရီ ၁၉**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် ခရမ်းစံပြကျေးရွာ အထက(ခွဲ)ကျောင်း၌ မူးယစ်ဆေးဝါးနှင့် လူကုန်ကူးမှု၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၁၅ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် ပဲခူးတိုင်းဒေသကြီး အမှတ်(၃)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့စု(ပဲခူး)ရဲအုပ် အောင်ကိုကိုထွန်းက လူကုန်ကူးမှုလျော့နည်းကျဆင်းရေး၊ သက်ငယ်မုဒိမ်းမှုနှင့် မုဒိမ်းမှုများ ဖြစ်ပွားမှုမရှိစေရေး၊ လူမှောင်ခိုဖြစ်ပွားမှု မရှိစေရေး၊ မူးယစ်ဆေးဝါးအန္တရာယ် လျော့နည်းပပျောက်စေရေး စသည့် အကြောင်းအရာများကို ကျောင်းသား ကျောင်းသူများအား မှုခင်းကျဆင်းရေးဆိုင်ရာ အသိပညာများ တိုးပွားစေရန် ဟောပြောခဲ့ပြီး လူကုန်ကူးမှုလျော့နည်းစေရန် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ထို့နောက် သနပ်ပင်မြို့နယ်စခန်းမှူး ဒုရဲမှူး မြင့်ရွှေနှင့် ရဲအုပ်အောင်မြင့်ဦးတို့က မူးယစ်ဆေးဝါးနှင့် မှုခင်းကျဆင်းရေး သိကောင်းစရာများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို ကျောင်းသား ကျောင်းသူများအား အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

**လှမိုး(ပြန်/ဆက်)**

# ဘရိတ်ပေါက်၍ ယာဉ်တိမ်းမှောက်မှုကြောင့် လူတစ်ဦးသေဆုံး

**မြစ်ကြီးနား ဇန်နဝါရီ ၁၉**

လမ်းခင်းကျောက်တင်ဆောင်လာသည့် ကားတစ်စီးသည် ဇန်နဝါရီ ၁၉ ရက် ညနေ ၄ နာရီကျော်တွင် ဘရိတ်ပေါက်၍ အရှိန်မထိန်းနိုင်ဘဲ တိမ်းမှောက်ခဲ့ရာ ယာဉ်ပေါ်တွင် လိုက်ပါလာသူ လူတစ်ဦးမှာ ကားပေါ်မှပြုတ်ကျပြီး အဆိုပါကျောက်တင်ယာဉ်၏နောက်ဘီးဖြင့် ကြိတ်မိရာမှ ခါးအောက်ပိုင်းပြတ်၍ သေဆုံးခဲ့ကြောင်း လုံးတုံနယ်မြေရဲစခန်းမှ သိရသည်။

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန့်မွန်းကျေးရွာအုပ်စု ဘီလူး-အုန်းစံဆိုင်-နန့်မွန်းလမ်းတွင် သိန်းလင်း(၁၉)နှစ် နန့်မွန်းကျေးရွာ သိုက်ကုန်းရပ်ကွက်နေသူသည် နေအိမ်သို့အပြန် တစ်ရွာတည်းနေ ဝင်းမြင့်ထွန်းမောင်းနှင်သည့် ခြောက်ဘီးယာဉ်ကို စီးနင်းလာစဉ် ဘရိတ်ပေါက်၍ စီးနင်းလာသူ လေးဦးအနက် တစ်ဦးဒဏ်ရာရရှိကာ သိန်းလင်းသည် အခင်းဖြစ်နေရာတွင် ရရှိသည့်ဒဏ်ရာဖြင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ယာဉ်မောင်း ဝင်းမြင့်ထွန်း မိုးညှင်းမြို့နယ် နန့်မွန်းကျေးရွာ သိုက်ကုန်းရပ်ကွက်နေသူအား လုံးတုံနယ်မြေရဲစခန်းတွင် ထိန်းသိမ်းထားကာ အမှုဖွင့်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မင်းမင်းဦး**

# လင်းယုန်စီမံချက်ဖြင့် မှုခင်းကျဆင်းရေးဆောင်ရွက်

**ရန်ကုန် ဇန်နဝါရီ ၁၉**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်သိန်းအေး၏ အနီးကပ်ကြီးကြပ်ကွပ်ကဲမှုဖြင့် ဒဂုံတောင်မြို့မရဲစခန်းမှူး ဒုရဲမှူး မောင်မောင်ဦး ဦးစီး၍ လင်းယုန်စီမံချက်ကို ဆောင်ရွက်ခဲ့ရာ ဇန်နဝါရီ ၆ ရက်က ဒဂုံတောင်မြို့မရဲစခန်းမှ နယ်ထိန်းအရာရှိ ဒုရဲအုပ် ကျော်ဟန်နှင့်အဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ ဒဂုံတောင်(၅၆)ရပ်ကွက် လှော်ကားလမ်းမပေါ်တွင် စောင့်ဆိုင်းနေစဉ် ယာဉ်အမှတ် 4D/---- အငှားယာဉ်ဖြင့် လိုက်ပါလာသူ မေဇော်ဦး၊ ဝေဖြိုးထက်တို့ နှစ်ဦးထံမှ WY စိတ်ကြွရူးသွပ်ဆေးပြား ၁၉၇ ပြားအား သိမ်းဆည်းရမိပြီး ယင်းအမှုမှ ကွင်းဆက်တရားခံ ဒေါ်သန်းမြင့်၏ နေအိမ်အား ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁ ပြားနှင့် ဒေါ်သန်းမြင့်၏ သားဖြစ်သူ ပြည့်ဖြိုးအောင်(ခ) မဲကြီး၏ အိပ်ရာအောက်နှင့် ဝါးထရံများတွင် ထိုးထားသည့် ဆိုဒ်မျိုးစုံ ဓားခုနစ်ချောင်းအား ထပ်မံသိမ်းဆည်းရမိခဲ့သည်။ ဒဂုံတောင်မြို့မရဲစခန်းက လင်းယုန်စီမံချက်ဖြင့် ဇန်နဝါရီ ၁၅ ရက်အထိ လက်နက် ၁၂ မှု၊ လောင်းကစား နှစ်မှု၊ မူးယစ်ဆေးဝါး ခုနစ်မှု အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကြေးမုံ**



# မန်ယူအသင်းရဲ့ ဝင်ငွေအမြင့်ဆုံး ကစားသမားဖြစ်လာဖို့ ရှိနေတဲ့ ဆန်းချက်ဇ်

မန်ယူအသင်းဟာ အာဆင်နယ်အသင်းတိုက်စစ်မှူး အလက်ဇစ်ဆန်းချက်ဇ်ကို စာချုပ်ချုပ်ဆိုခေါ်ယူဖို့ နီးစပ်နေပြီဖြစ်ပြီး အဲဒီလို စာချုပ်ချုပ်ဆိုခေါ်ယူခဲ့မယ်ဆိုရင် ဆန်းချက်ဇ်ရဲ့ လုပ်ခလစာဟာ တစ်ပတ်ကို ပေါင် ၃၅၀၀၀၀ ရရှိမှာဖြစ်တဲ့အတွက် မန်ယူအသင်းရဲ့ဝင်ငွေအမြင့်ဆုံးကစားသမားတစ်ဦးဖြစ်လာဖို့ရှိနေပါတယ်။

လက်ရှိမန်ယူအသင်းမှာ ကွင်းလယ်ကစားသမား ပေါ့ဘာဟာ တစ်ပတ်လုပ်ခလစာ ပေါင် ၂၉၀၀၀၀ နဲ့ ဝင်ငွေအမြင့်ဆုံး ကစားသမားအဖြစ် ရပ်တည်နေတာဖြစ်ပြီး အကယ်၍ မန်ယူအသင်းကို ဆန်းချက်ဇ် ရောက်လာမယ်ဆိုပါက မန်ယူအသင်းရဲ့ ဝင်ငွေအမြင့်ဆုံး ကစားသမားစာရင်းမှာ ဆန်းချက်ဇ်ဟာ ထိပ်ဆုံးကို ရောက်ရှိလာမှာဖြစ်ပါတယ်။ အာဆင်နယ်အသင်းနည်းပြ ဝင်းဂါးကိုယ်တိုင်ကလည်း ဆန်းချက်ဇ်ဟာ မန်ယူကို ပြောင်းရွှေ့လိမ့်မယ်လို့ပြောထားပါတယ်။ ဆန်းချက်ဇ်ရဲ့ လက်ရှိ အာဆင်နယ်အသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်ကလည်း ဇွန်လမှာ ကုန်ဆုံးတော့မှာဖြစ်ပါတယ်။

အခု ဇန်နဝါရီအပြောင်းအရွှေ့ဈေးကွက်မှာလည်း ဆန်းချက်ဇ်ရဲ့ အပြောင်းအရွှေ့ကိစ္စဟာ လွှမ်းမိုးမှုအများဆုံးဖြစ်နေပြီး ဆန်းချက်ဇ်ကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့ မန်စီးတီးအသင်းကတော့ သူတို့ရဲ့ ကမ်းလှမ်းထားမှုကို ရပ်တန့်ဖို့ ဆုံးဖြတ်လိုက်ပြီဆိုတဲ့သတင်းတွေလည်း ထွက်ပေါ်ခဲ့ပါတယ်။ ဒါပေမယ့် မန်ချက်စတာမြို့ခံပြိုင်ဘက် မန်ယူအသင်းကတော့ ဆန်းချက်ဇ်ကို ခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပြီး သဘောတူညီဖို့လည်း နီးစပ်နေပြီလို့ သိရပါတယ်။

ဆန်းချက်ဇ်အနေနဲ့ မန်ယူကို ပြောင်းမယ်ဆိုတဲ့ သတင်းတွေ ထွက်ပေါ်နေတဲ့အပြင် မန်ယူကစားသမား မစ်ခီတာယန်ကလည်း အာဆင်နယ်အသင်းကို ပြောင်းရွှေ့ကစားဖို့ နီးစပ်နေပြီဖြစ်ပြီး အာဆင်နယ်အသင်းမှာ တစ်ပတ် လုပ်ခလစာပေါင် ၁၄၀၀၀၀ ရရှိဖို့လည်း တောင်းဆိုထားတယ်လို့ သိရပါတယ်။

ပေါ့ဘာကတော့ မန်ယူအသင်း ချန်ပီယံလိဂ်ဝင်ခွင့် ရရှိခဲ့ပြီးနောက် လုပ်ခလစာမြင့်လာခဲ့ပြီး ပေါင် ၂၉၀၀၀၀ နဲ့ အမြင့်ဆုံးဝင်ငွေရရှိနေပါတယ်။ ပေါ့ဘာရဲ့ အခြေခံလစာဟာ မန်ယူအသင်းကို ရောက်ရှိလာခဲ့တဲ့ ပထမရာသီမှာ ပေါင် ၁၆၅၀၀၀ ရရှိခဲ့တာဖြစ်ပြီး ယူရိုပါလိဂ်ဆုဖလားရရှိခဲ့ပြီးချိန်မှာတော့ ပေါ့ဘာရဲ့ အခြေခံလစာဟာ ပေါင် ၂၀၀၀၀၀ ဖြစ်လာခဲ့ပါတယ်။

လက်ရှိမှာတော့ ပေါ့ဘာရဲ့နောက်မှာ တိုက်စစ်မှူးလူကာကူက ပေါင် ၂၂၀၀၀၀၊ ဂိုးသမား ဒီဂီယာက ပေါင် ၂၀၀၀၀၀၊ အီဘရာဟီမိုဗစ်က ပေါင် ၁၅၀၀၀၀၊ ဂျူအန်မာတာက ပေါင် ၁၄၅၀၀၀၊ မာတစ်က ပေါင် ၁၄၀၀၀၀၊ မစ်ခီတာယန်က ပေါင် ၁၄၀၀၀၀၊ ဖယ်လိုင်နီက ပေါင် ၁၂၀၀၀၀၊ စမော လင်းက ပေါင် ၁၂၀၀၀၀ စသဖြင့် မန်ယူအသင်းရဲ့ ထိပ်တန်းအဆင့်ရှိ ဝင်ငွေအမြင့်ဆုံးကစားသမားတွေအဖြစ် ရပ်တည်နေပါတယ်။

မန်ယူအသင်းဟာ ဂိုးသမား ဒီဂီယာကို လေးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ် ထပ်တိုးချုပ်ဆိုဖို့ စီစဉ်နေတာဖြစ်ပေမယ့် ကွင်းလယ်ကစားသမား မာတာကတော့ မန်ယူအသင်းမှာ ဆက်ရှိဖို့ မသေချာပါဘူး။ ဖယ်လိုင်နီကတော့ မန်ယူအသင်းနဲ့ နွေရာသီအပြောင်းအရွှေ့မှာ စာချုပ်သက်တမ်းကုန်ဆုံးမှာဖြစ်ပြီး နည်းပြမော်ရင်ဟိုဟာ ဖယ်လိုင်နီကို လက်လွှတ်ဆုံးရှုံးခံမှာ မဟုတ်ဘူးလို့ ဆိုထားပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် မန်ယူအသင်းအတွက် ကစားသမား အဝင်အထွက်တွေ အခု ဇန်နဝါရီဈေးကွက်မှာ ထပ်မံလှုပ်ခတ်ဖို့ရှိနေပြီး ဆန်းချက်ဇ်ကတော့ မန်ယူအသင်းကို ရောက်ခဲ့မယ်ဆိုရင် အသင်းရဲ့ ဝင်ငွေအမြင့်ဆုံးကစားသမားတစ်ဦး ဆိုတဲ့ ဂုဏ်ပုဒ်ကို ကမ္ပည်းတင်နိုင်တော့မှာ ဖြစ်ပါတယ်။

**ငွေကြယ်**

# အာဆင်နယ်သို့ အူဘာမီယန် ရောက်ရှိရန် ရာနှုန်းပြည့်နီးပါး သေချာနေ

အာဆင်နယ်နည်းပြ ဝင်းဂါးက တိုက်စစ်မှူး အူဘာမီယန်မှာ အာဆင်နယ်နှင့် ကိုက်ညီသည့် ကစားသမားဖြစ်ကြောင်း လူသိရှင်ကြားထုတ်ဖော်ပြောကြားခဲ့မှုမှာ ကစားသမားအပေါ် မလေးစားခြင်းပင်ဖြစ်ကြောင်း ဒေါ့မွန်အသင်းဘက်မှ စွပ်စွဲထားသော်လည်း အာဆင်နယ်အနေဖြင့် အူဘာမီယန်ကို ခေါ်ယူရန် အနီးစပ်ဆုံးအခြေအနေတစ်ရပ်ကို ပိုင်ဆိုင်ထားပြီးဖြစ်ကြောင်း သိရသည်။ ဝင်းဂါးက အူဘာမီယန်မှာ အာဆင်နယ်နှင့် အံဝင်ခွင်ကျဖြစ်သူဟု ဇန်နဝါရီ ၁၈ ရက်က ထုတ်ဖော်ချီးမွမ်းမှုပြုပြီးနောက် နာရီပိုင်းအကြာမှာပင် ဒေါ့မွန်ဘက်မှ ချက်ချင်းဆိုသလို တုံ့ပြန်ခဲ့ခြင်းဖြစ်သည်။

ဒေါ့မွန်အားကစားဒါရိုက်တာ ဇော့ဂ်က "အခြားအသင်းက ကစားသမားအကြောင်းကို ထင်မြင်ချက်တွေ ပြောဆိုနေတယ်ဆိုနေတဲ့ မလေးမစားဖြစ်နေမှုတွေကို ကျွန်တော်တို့ ကြားသိနေရပါတယ်။ ဝင်းဂါးအနေနဲ့ သူရဲ့ကိုယ်ပိုင်ကစားသမားတွေရဲ့ ကစားပုံနဲ့ပတ်သက်ပြီး သေချာဂရုစိုက်ဖို့ လိုပါတယ်" ဟု တုံ့ပြန်ခဲ့ခြင်းဖြစ်သည်။ သို့သော် ဇော့ဂ်က အူဘာမီယန်မှာ ဒေါ့မွန်အသင်းနှင့် လေ့ကျင့်နေဆဲဖြစ်သော်လည်း ရာနှုန်းပြည့် အာရုံဝင်စားမှုမရှိကြောင်းကိုမူ ဝန်ခံသွားခဲ့သည်။

အာဆင်နယ်သည် အူဘာမီယန်အတွက် တစ်ပတ်လုပ်ခ ပေါင် ၁၇၀၀၀၀ ပြောင်းရွှေ့ကြေး ပေါင် ၅၃ သန်းပေးချေရန် အသင့်ရှိနေပြီး အူဘာမီယန်ကိုလည်း ဟာသာဘာလင်နှင့်ကစားမည့် ဒေါ့မွန်အသင်း လူစာရင်းမှ နုတ်ထွက်သွားခဲ့ပြီးဖြစ်သည်။ အကယ်၍ ယင်းအပြောင်းအရွှေ့သာ အမှန်တကယ်ဖြစ်လာပါက ပြီးခဲ့သည့်နွေဈေးကွက်မှာ လာကာဇက်အတွက် အသုံးပြုခဲ့သည့် ပေါင် ၅၂သန်းတန် ပြောင်းရွှေ့ကြေးထက်များပြားသည့် ကလပ်အသင်းစံချိန်တင် ပမာဏဖြစ်လာမည်ဖြစ်သည်။ ထို့ပြင် မန်ယူအသင်းကွင်းလယ်လူ မစ်ခီတာယန်မှာလည်း အာဆင်နယ်သို့ ပြောင်းရွှေ့ရန် ဖြစ်နိုင်ခြေရှိသည်ဟု ဝင်းဂါး၏ နှုတ်မှ ဝန်ခံထားရာ ဒေါ့မွန်တွင် အတူတကွကစားခဲ့ဖူးသည့် မစ်ခီတာယန်နှင့်အူဘာမီယန်တို့ တွဲဖက်မှုကို အာဆင်နယ်တွင် တစ်ဖန်ပြန်လည် မြင်တွေ့ရဖွယ်ရှိသည်။





အူဘာမီယန်မှာ စည်းကမ်းသေဝပ်မှု အားနည်းခြင်းကြောင့် ယခုနှစ် ဘောလုံးရာသီတွင် ငွေဒဏ်နှင့် ပွဲပယ်ပြစ်ဒဏ်နှစ်ကြိမ်တိုင် ခံခဲ့ရသော်လည်း ၁၅ ပွဲတွင် ၁၃ ဂိုးသွင်းယူထားရာ ဒေါ့မွန်အသင်းအတွက် ထိပ်တန်းဂိုးသွင်းရှင်အဖြစ် ရပ်တည်နေသည်။

**မေလှဲ့သင်း**

# ဘန်လေကွင်းမှာ ဂိုးပြတ်နိုင်ဖို့ခက်ခဲနိုင်တဲ့ မန်ယူ

**၂၀၁၇-၁၈ ပရီမီယာလိဂ်ရင်ခုန်သံ-၂၄**

**ရှိုင်းမင်းမင်း - ရေးသားသည်**

**ပရီမီယာလိဂ် ပွဲစဉ်(၂၄)ကို ဇန်နဝါရီ ၂၀၊ ၂၁၊ ၂၃ ရက်တွေမှာ ဆက်လက်ကျင်းပသွားမှာဖြစ်တယ်။ ဒီပွဲစဉ်မှာတော့ ဘန်လေနဲ့ မန်ယူ၊ မန်စီးတီးနဲ့ နယူးကာဆယ်၊ ဆောက်သမ်တန်နဲ့ စပါး စတဲ့ပွဲကောင်းတွေ ပါဝင်နေတာကြောင့် ပရိသတ်တွေကို ဆွဲဆောင်လာဦးမှာ သေချာနေကာ စိတ်ဝင်စားဖို့လည်း ကောင်းနေပါတယ်။**

### ဘရိုက်တန် - ချယ်လ်ဆီး ည ၇း၀၀ (၂၀-၁-၁၈)

ဘရိုက်တန်အသင်းရဲ့ခြေစွမ်းက မာကျောမှုရှိနေပြီး အိမ်ကွင်းပွဲစဉ်တွေမှာ ခြေစွမ်းပိုင်း ပိုမိုကောင်းမွန်ပါတယ်။ ဘရိုက်တန်ဟာ အသင်းလိုက် ကျစ်လျစ်မှုကို အသားပေးပြီးကစားကာ ခံစစ်ကစားပုံလည်းကျစ်လျစ်မှု ရှိနေပါတယ်။ ချယ်လ်ဆီးကလည်း နိုင်ပွဲရရှိရေးကို ဦးတည်ကစားလာမှာဖြစ်ပြီး ပထမရာသီဝက်အတွင်းမှာတော့ ဘရိုက်တန်ကို ဂိုးပြတ်နိုင်ပွဲ ရယူထားနိုင်ခဲ့ပါတယ်။ ချယ်လ်ဆီး ကပ်ပြီးသာအနိုင်ရမယ်။

### အာဆင်နယ် - ပဲလေ့စ် ည ၉း၃၀ (၂၀-၁-၁၈)

အာဆင်နယ်ဟာ အက်ဖ်အေဖလားပြိုင်ပွဲကနေ ထွက်ခဲ့ရလို့ ပရီမီယာလိဂ်ပြိုင်ပွဲကို အာရုံစိုက်ကစားလာမှာ သေချာပါတယ်။ ပဲလေ့စ်အသင်းကလည်း မန်နေဂျာ ရွိုင်းဟော့ဂ်ဆန်လက်ထက်မှာ တိုးတက်မှုရှိနေတဲ့အသင်းဖြစ်ပြီး ခြေစွမ်းပိုင်းကောင်းမွန်နေပါတယ်။ ပဲလေ့စ်ရဲ့ တိုက်စစ်မှာ ဘန်တီကီနဲ့ဇာဟာတို့ ခြေစွမ်းပြသနေပါတယ်။ အာဆင်နယ် ကပ်နိုင်ဖို့သာရှိတယ်။

### ဘန်လေ - မန်ယူ ည ၉း၃၀ (၂၀-၁-၁၈)

ဘန်လေဟာ ဒီရာသီအတွင်းမှာ ခြေစွမ်းကောင်းတစ်ခုကို ပြသနေပြီး ကစားပုံမာကျောမှုကို ဆက်ထိန်းထားနိုင်တဲ့အသင်း ဖြစ်တယ်။ ဘန်လေဟာ ပထမရာသီဝက်ပွဲစဉ်အဖြစ် ကစားခဲ့ရာမှာလည်း အဝေးကွင်းဖြစ်ခဲ့တာတောင် မန်ယူကို သရေကစားနိုင်ခဲ့ပါတယ်။ မန်ယူတို့ အသင်းလိုက်ကစားပုံကောင်းပေမယ့်လည်း ဂိုးရဖို့ခက်တတ်လို့ နိုင်ပွဲရခဲ့မယ်ဆိုရင်တောင် ဂိုးပြတ်ဖို့ခက်တယ်။

### အဲဗာတန် - ဝက်စ်ဘရွန်း ည ၉း၃၀ (၂၀-၁-၁၈)

အဲဗာတန်ဟာ နောက်ပိုင်းပွဲစဉ်တွေမှာ နိုင်ပွဲတွေရရှိဖို့ ခက်ခဲရုန်းကန်နေရပြီး ရှုံးပွဲနဲ့သရေပွဲသာ များပြားနေခဲ့ပါတယ်။ ဝက်စ်ဘရွန်းကလည်း ဒီရာသီမှာ ခြေစွမ်းကျဆင်းနေဆဲဖြစ်ပြီး မန်နေဂျာသစ် အလန်ပါဂျူးလက်ထက်မှာလည်း ခြေစွမ်းကောင်းဖို့ ကြိုးပမ်းနေရဆဲ ဖြစ်တယ်။ ရလဒ်ပိုင်းရရှိမှုမှာ နှစ်သင်းစလုံး ကွာဟမှုကျဉ်းမြောင်းနေပေမယ့်လည်း ခြေစွမ်းပိုင်းမှာတော့ အဲဗာတန်က အနည်းငယ် ပိုမိုကောင်းမွန်နေလို့ အဲဗာတန် နိုင်ပွဲရသွားမှာပါ။

### လက်စတာ - ဝက်ဖို့ဒ် ည ၉း၃၀ (၂၀-၁-၁၈)

လက်စတာဟာ ပရီမီယာလိဂ် နောက်ဆုံးပွဲမှာ ချယ်လ်ဆီးကို သရေကစားနိုင်ခဲ့ပြီး ခြေစွမ်းလည်းကောင်းမွန်ခဲ့တယ်။ ဝက်ဖို့ဒ်ကလည်း ပုံမှန်ခြေစွမ်းကောင်းတစ်ခုရှိနေတဲ့ အသင်းဖြစ်ကာ တိုက်စစ်ကစားအားလည်း ကောင်းမွန်ပါတယ်။ လက်စတာတို့ နောက်ပိုင်းပွဲစဉ်တွေမှာ နိုင်ပွဲပျောက်ဆုံးနေတာကြောင့် အခုလို အိမ်ကွင်းမှာ ရလဒ်ကောင်းအောင် ခြေကုန်ထုတ်မှာပါ။ နှစ်သင်းစလုံး တိုက်စစ်ဖွင့်ကစားနိုင်ပါတယ်။ နှစ်သင်းပေါင်း ဂိုးအပြန်အလှန်သွင်းပြီး သရေကျမယ်။

### စတုတ် - ဟက်ဒါဖီးလ် ည ၉း၃၀ (၂၀-၁-၁၈)

စတုတ်ဟာ ကစားသမားကောင်းတွေ အများအပြားရှိနေပေမယ့်လည်း အစောပိုင်းပွဲတွေမှာ ရလဒ်တွေ ဆိုးရွားခဲ့တာကြောင့် မန်နေဂျာ မတ်ဟျူးချ်ကို ထုတ်ပယ်ထားခဲ့ပါတယ်။ ဒါကြောင့် စတုတ်ရဲ့ ကစားပုံဟာ အပြောင်းအလဲဖြစ်လာနိုင်ပြီး ကစားပုံလည်း ပြန်လည်ကောင်းမွန်လာနိုင်ပါတယ်။ ဟက်ဒါဖီးလ်အသင်းကလည်း နောက်ပိုင်းမှာ ခြေစွမ်းအနည်းငယ် ကျဆင်းနေတဲ့အသင်းဖြစ်လို့ အဝေးကွင်းမှာ စတုတ်ကို ခက်ခဲစွာ ကစားရနိုင်တယ်။

### ဝက်စ်ဟမ်း - ဘုန်းမောက် ည ၉း၃၀ (၂၀-၁-၁၈)

ဝက်စ်ဟမ်းဟာ တန်းဆင်းဇုန်အတွင်း မကျရောက်စေဖို့ အခုလို အိမ်ကွင်းပွဲမျိုးမှာ နိုင်ပွဲရအောင် ရုန်းကန်ကစားမှာပါ။ ဘုန်းမောက်ကလည်း ခြေစွမ်းပိုင်း သာမန်သာရှိပြီး သရေပွဲတွေများပြားနေလို့ အဝေးကွင်းမှာ ဝက်စ်ဟမ်းကို ခက်ခက်ခဲခဲ ကစားရနိုင်တယ်။ နိုင်ပွဲရရှိရေးကိုသာ နှစ်သင်းစလုံး ဦးတည်ကစားနိုင်သလို ခံစစ်ပိုင်း အားနည်းမှုတွေရှိနေလို့ အပြန်အလှန်သွင်းဂိုးတွေ မြင်တွေ့ရနိုင်ပါတယ်။ ဝက်စ်ဟမ်းကတော့ အိမ်ကွင်းလည်းဖြစ်နေပြီး တိုက်စစ်လည်း ပိုမိုထက်မြက်နေလို့ နိုင်ပွဲကပ်ရနိုင်တယ်။

### မန်စီးတီး - ကာဆယ် နံနက် ၀၀း၀၀ (၂၁-၁-၁၈)

မန်စီးတီးဟာ ဒီရာသီမှာ ရရှိနေတဲ့အကောင်းဆုံးခြေစွမ်းပုံစံကို တည်တည်ငြိမ်ငြိမ်နဲ့ ဆက်ထိန်းထားပြီး ဂိုးပြတ်နိုင်ပွဲတွေအများအပြား ရယူထားနိုင်ခဲ့ပါတယ်။ နယူးကာဆယ်ကလည်း ခြေစွမ်းပိုင်းကောင်းမွန်တဲ့အသင်းဖြစ်နေကာ အသင်းကြီးတွေကို ကစားရခက်ခဲစေတဲ့အသင်း ဖြစ်တယ်။ ဒါပေမယ့်လည်း အခုပွဲက မန်စီးတီးအိမ်ကွင်းပွဲစဉ်ဖြစ်နေလို့ အိမ်ရှင် နိုင်ပွဲရသွားနိုင်မှာပါ။

### ဆောက်သမ်တန် - စပါး ည ၁၀း၃၀ (၂၁-၁-၁၈)

ဆောက်သမ်တန်အသင်းဟာ အမှတ်ပေးဇယား အောက်ပိုင်းနားကို ရောက်နေပေမယ့်လည်း ကစားသမားကောင်းအချို့ကို ပိုင်ဆိုင်ထားကာခြေစွမ်းပိုင်းကောင်းမွန်တဲ့အသင်းအဖြစ် သတ်မှတ်နိုင်ပါတယ်။ စပါးကတော့ ချန်ပီယံလိဂ်ဝင်ခွင့် တစ်နေရာအတွက်သာ ရည်ရွယ်ပြီး နိုင်ပွဲရအောင် ကစားထားမှာပါ။ ဆောက်သမ်တန် အိမ်ကွင်းဖြစ်နေလို့ စပါး ခက်ခက်ခဲခဲ ကစားရနိုင်ပါတယ်။

### ဆွမ်ဆီး - လီဗာပူး နံနက် ၂း၃၀ (၂၃-၁-၁၈)

ဆွမ်ဆီးတို့ ဒီရာသီမှာ ခြေစွမ်းကျဆင်းနေပြီး အမှတ်ပေးဇယားအောက်ပိုင်းမှာ ရပ်တည်နေရလို့ အခုပွဲမှာ ရမှတ်ခွဲယူနိုင်အောင် ပြင်ဆင်လာမှာပါ။ လီဗာပူးကလည်း ကော်တင်ဟို ထွက်သွားပေမယ့် မန်နေး၊ ဆာလတ်တို့ရဲ့ ကစားအားနဲ့အတူ တိုက်စစ်ထက်မြက်နေတဲ့အသင်းဖြစ်တယ်။ အဝေးကွင်းဖြစ်ပေမယ့်လည်း လီဗာပူးက ခြေစွမ်းအသာနဲ့ ကစားနိုင်ဦးမှာပါ။ သွင်းဂိုးအပြန်အလှန် မြင်တွေ့ရနိုင်လို့ ဂိုးများမယ့်ပွဲတစ်ပွဲ ဖြစ်လာနိုင်ပါတယ်။

# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေပြဋ္ဌာန်း

**ယမန်နေ့မှအဆက်**

(ခ) ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၁၅) အရ ပြစ်မှုတစ်ရပ် ဖြစ်ပေါ်စေနိုင်သည့်အခြေအနေတွင် တစ်ဦးတစ်ယောက်သည် ပစ္စည်းတစ်ရပ်ရပ်ကို ငွေကြေးဖြင့်အလဲအလှယ်ပြုလုပ်ခြင်း၊ ပေါင်နှံခြင်း သို့မဟုတ် စီမံဆောင်ရွက်ခြင်းများပြုလုပ်ခဲ့ပါက ထိုသို့သော အခြေအနေတွင် ငွေကြေးဖြင့်အလဲအလှယ်ပြုလုပ်သည့်၊ ပေါင်နှံသည့် သို့မဟုတ် စီမံဆောင်ရွက်သည့် ပစ္စည်းကို သိလျက်ဖြင့် ပြုလုပ်ခဲ့လျှင် သို့မဟုတ် လက်ခံခဲ့လျှင် ထိုသူသည် သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ကိုကျခံရမည်။

**မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများ၏ သဘောဆန္ဒကိုစိစစ်ရန် အစည်းအဝေးများကျင်းပရခြင်း**

၄၀၂။(က) ဤဥပဒေအရ တရားရုံးသည် ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် စပ်လျဉ်း၍ သက်သေထင်ရှား ပြသနိုင်သော မြီရှင်များနှင့် ကြွေးမြီပေးဆပ်ရသူများ၏ သဘောဆန္ဒကို ထည့်သွင်းသုံးသပ်ရန် အခွင့်အာဏာအပ်နှင်းထားရာ ၎င်းတို့၏ သဘောဆန္ဒများကို စိစစ်ရန်အတွက် တရားရုံးသည် သင့်သည်ထင်မြင်သည့်အတိုင်း မြီရှင်များနှင့် ကြွေးမြီပေးဆပ်ရသူများ၏ အစည်းအဝေးများကို တရားရုံးက ညွှန်ကြားသည့် နည်းလမ်းများဖြင့် ခေါ်ယူကျင်းပ ဆောင်ရွက်ရန် ညွှန်ကြားနိုင်သည့်အပြင် အဆိုပါ အစည်းအဝေးတွင်သဘာပတိအဖြစ် ဆောင်ရွက်ရန်နှင့် ထိုအစည်းအဝေးမှ ရလဒ်များကို တရားရုံးသို့ တင်ပြစေရန် ပုဂ္ဂိုလ်တစ်ဦးဦးကို ခန့်အပ်နိုင်သည်။

(ခ) မြီရှင်များနှင့်သက်ဆိုင်သည့်ကိစ္စရပ်တွင် မြီရှင်တစ်ဦးချင်းစီ၏ ကြွေးမြီတန်ဖိုးကို ထည့်သွင်းသုံးသပ်ရမည်။

(ဂ) ကြွေးမြီပေးဆပ်ရသူများနှင့် သက်ဆိုင်သည့်ကိစ္စရပ်တွင် ဤဥပဒေ၊ ဖွဲ့စည်းပုံ အခြေခံစည်းမျဉ်း သို့မဟုတ် ယင်းတို့၏အစုရှယ်ယာဆိုင်ရာ စည်းကမ်းချက်များအရ ကြွေးမြီ ပေးဆပ်ရသူတစ်ဦးချင်းစီအပေါ် ခွင့်ပြုထားသည့် မဲပေးနိုင်သည့်အရေအတွက်ကို ထည့်သွင်းသုံးသပ်ရမည်။

**ကုမ္ပဏီ၏ စာရွက်စာတမ်းများကို သက်သေခံအဖြစ် လက်ခံရခြင်း**

၄၀၃။ ကုမ္ပဏီတစ်ခုခုကို ဖျက်သိမ်းသည့်အခါ ကုမ္ပဏီနှင့် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိတို့၏ စာရွက်စာတမ်းများကို ကုမ္ပဏီကြွေးမြီပေးဆပ်ရသူများအကြား သက်ဆိုင်သည့်ကိစ္စရပ်၌ အဆိုပါ စာရွက်စာတမ်းများတွင် မှတ်တမ်းတင်ထားသည့် ကိစ္စရပ်များအားလုံးသည် မှန်ကန်၍ ခိုင်လုံသည့် သက်သေခံချက်များ ဖြစ်စေရမည်။

**စာရွက်စာတမ်းများကို စစ်ဆေးခြင်း**

၄၀၄။ တရားရုံးကဖြစ်စေ၊ တရားရုံး၏ ကြီးကြပ်မှုဖြင့်ဖြစ်စေ ကုမ္ပဏီဖျက်သိမ်းရန်အတွက် အမိန့်တစ်ရပ် ချမှတ်ပြီးသည့်အခါ တရားရုံးသည် ၎င်းသင့်သည် ထင်မြင်သည့်အတိုင်း ကုမ္ပဏီ၏စာရွက်စာတမ်းများကို ကုမ္ပဏီ၏ မြီရှင်များနှင့် ကြွေးမြီပေးဆပ်ရသူများက စစ်ဆေးနိုင်ရန်အတွက် အမိန့်တစ်ရပ်ချမှတ်နိုင်သည်။ ကုမ္ပဏီ၏ လက်ဝယ်တွင်ရှိသော မည်သည့်စာရွက်စာတမ်းကိုမဆို မြီရှင်များ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများက အဆိုပါအမိန့်အရ စစ်ဆေးနိုင်သည်။ သို့သော် ထပ်မံ၍သော်လည်းကောင်း၊ အခြားနည်းဖြင့်သော်လည်းကောင်း စစ်ဆေးခြင်းမပြုရ။

**ကုမ္ပဏီ၏ စာရွက်စာတမ်းများကို ရှင်းလင်းဆောင်ရွက်ခြင်း**

၄၀၅။(က) ကုမ္ပဏီတစ်ခုကို စာရင်းရှင်းလင်းပြီး ဖျက်သိမ်းမည့်အခါ ကုမ္ပဏီနှင့် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိတို့၏ စာရွက်စာတမ်းများကို အောက်ပါအတိုင်း စီမံခန့်ခွဲဆောင် ရွက်နိုင်သည်-

(၁) တရားရုံးကဖြစ်စေ၊ တရားရုံး၏ ကြီးကြပ်မှုဖြင့်ဖြစ်စေ ကုမ္ပဏီဖျက်သိမ်းသည့် ကိစ္စရပ်တွင် တရားရုံးကညွှန်ကြားသည့်နည်းလမ်းများအတိုင်း ဆောင်ရွက်ရမည် သို့မဟုတ်

(၂) ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းသည့်ကိစ္စရပ်တွင် အထူးဆုံးဖြတ်ချက်ဖြင့် ကုမ္ပဏီကညွှန်ကြားသည့်အတိုင်း ဆောင်ရွက်ရမည်။

(ခ) ကုမ္ပဏီဖျက်သိမ်းသည်မှ သုံးနှစ်ကြာပြီးနောက်တွင် စာရွက်စာတမ်းများနှင့် သက်ဆိုင်သူက အဆိုပါစာရွက်စာတမ်းများ မရရှိသည်ဆိုသောအကြောင်းကြောင့် မည်သည့်တာဝန်ရှိမှုမျှ ကုမ္ပဏီအပေါ်တွင်လည်းကောင်း၊ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိများအပေါ်တွင် လည်းကောင်း သို့မဟုတ် စာရွက်စာတမ်းများအား ထိန်းသိမ်းထားရသူတစ်ဦးဦးအပေါ်တွင် လည်းကောင်းမရှိစေရ။

**ကုမ္ပဏီဖျက်သိမ်းမှု ပျက်ပြယ်ကြောင်းကြေညာနိုင်သည့် တရားရုံး၏ အခွင့်အာဏာ**

၄၀၆။ကုမ္ပဏီတစ်ခုကိုဖျက်သိမ်းပြီးသည့်အခါ ထိုသို့ဖျက်သိမ်းသည့်နေ့မှ နှစ်နှစ်အတွင်း မည်သည့် အချိန်တွင်မဆို ကုမ္ပဏီ၏စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကဖြစ်စေ၊ တရားရုံးက အကျိုးသက်ဆိုင်သူ ဖြစ်သည်ဟုယူဆသော ပုဂ္ဂိုလ်တစ်ဦးဖြစ်စေ လျှောက်ထားလာလျှင် တရားရုံးသည် သင့်သည်ထင်မြင်သည့် စည်းကမ်းချက်များသတ်မှတ်၍ ကုမ္ပဏီဖျက်သိမ်းမှု ပျက်ပြယ်ကြောင်း ကြေညာသည့်အမိန့်တစ်ရပ်ကို ချမှတ်နိုင်သည်။ ယင်းနောက် ကုမ္ပဏီကို ဖျက်သိမ်းခြင်းမပြုသကဲ့သို့ အမှုဆိုင်ရာ ဆောင်ရွက်ချက်များ ပြုလုပ်ရမည်။

၄၀၇။ပုဒ်မ ၄၀၆ ပါ အမိန့်ချမှတ်သည့် လျှောက်လွှာကို တင်ပြသူသည် ထိုအမိန့်အားချမှတ်ပြီးနောက် ၂၁ ရက်အတွင်း အဆိုပါအမိန့်၏ မူရင်းမိတ္တူမှန်တစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည်ဖြစ်ပြီး ထိုသို့ ဆောင်ရွက်ရန် ပျက်ကွက်ပါက ဒဏ်ကြေးငွေ ကျပ်နှစ်သိန်းငါးသောင်းကိုပေးဆောင်ရမည်။

**ဆိုင်းငံ့ထားသော စာရင်းရှင်းလင်းဖျက်သိမ်းခြင်းများနှင့်သက်ဆိုင်သည့် သတင်းအချက်အလက်များ**

၄၀၈။(က) ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းပြီးသည့်အခါ စာရင်းရှင်းလင်း ဖျက်သိမ်းမှုသည် ယင်းအား စတင်ဆောင်ရွက်သည့်နေ့မှ တစ်နှစ်အတွင်း ပြီးစီးခြင်းမရှိခဲ့လျှင် စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိသည် တစ်နှစ်လျှင်တစ်ကြိမ်နှင့် ၁၂ လထက် မပိုသောကာလအတွင်း စာရင်းရှင်းလင်းဖျက်သိမ်းမှုပြီးစီးသည်အထိ တရားရုံး သို့မဟုတ် မှတ်ပုံတင်အရာရှိထံသို့ စာရင်းရှင်းလင်းဖျက်သိမ်းရေးအတွက် ၎င်း၏ပြုလုပ်ဆောင်ရွက်မှုများနှင့် စာရင်းရှင်းလင်း ဖျက်သိမ်းမှု အခြေအနေနှင့်စပ်လျဉ်း၍ သီးခြားကိစ္စရပ်များပါဝင်သော သတ်မှတ်ဖော်ပြထားသည့်ပုံစံဖြင့် ပြုစုထားသည့် ရေးသားဖော်ပြချက်တစ်ရပ်ကို ရှင်းလင်းတင်ပြရမည်။

(ခ) ကုမ္ပဏီ၏ မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူ တစ်ဦးဖြစ်ကြောင်း စာဖြင့်ရေးသား၍ ဖော်ပြသူတစ်ဦးသည် ၎င်းကိုယ်တိုင်ဖြစ်စေ၊ ၎င်း၏ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ မည်သည့်အချိန်တွင်မဆို သတ်မှတ်ဖော်ပြထားသည့် အခကြေးငွေကို ပေးသွင်းလျက်ရေးသား ဖော်ပြချက်များကို စစ်ဆေးကြည့်ရှုခြင်း၊ ယင်းတို့၏ မိတ္တူကိုဖြစ်စေ၊ ကောက်နုတ်ချက်ကိုဖြစ်စေရယူနိုင်သည်။ သို့သော် မြီရှင် သို့မဟုတ် ကြွေးမြီပေးဆပ်ရသူတစ်ဦးဖြစ်သည်ဟု မမှန်မကန်ထုတ်ဖော်ခဲ့လျှင် ထိုသူသည် ရာဇသတ်ကြီး ပုဒ်မ ၁၈၂ အရ ပြစ်မှုအတွက်အပြစ်ရှိပြီး စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက လျှောက်ထားလာလျှင် ထိုပြစ်မှုအရ ပြစ်ဒဏ်ကျခံစေရမည်။

(ဂ) တရားရုံးသို့ရေးသားဖော်ပြချက်အား တင်ပြသည့်အခါ ယင်း၏ မိတ္တူတစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ တစ်ချိန်တည်းတွင် တင်ပြရမည်ဖြစ်ပြီး မှတ်ပုံတင်အရာရှိသည် ယင်းအား ကုမ္ပဏီ၏ အခြားမှတ်တမ်းများနှင့်အတူ သိမ်းဆည်းထားရမည်။

၄၀၉။စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသည် ပုဒ်မ ၄၀၈ ပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် ပျက်ကွက်လျှင် ဒဏ်ကြေးငွေ ကျပ်နှစ်သိန်းငါးသောင်းကို ပေးဆောင်ရမည်။

**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ဘဏ်သို့ငွေပေးချေမှုများ**

၄၁၀။(က) တရားရုံးကဖျက်သိမ်းသည့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ အားလုံးသည် သတ်မှတ်ဖော်ပြထားသည့် နည်းလမ်းများနှင့်အညီ သတ်မှတ်ဖော်ပြထားသည့် အချိန်ကာလ၌ ၎င်းမှလက်ခံရရှိထားသည့် ငွေကြေးများကို သတ်မှတ်စီစဉ်ထားသည့် ဘဏ်သို့ ပေးသွင်းရမည်။ သို့ရာတွင် ကုမ္ပဏီ၏ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရန် သို့မဟုတ် ကြိုတင်ပေးငွေများကို လက်ခံရယူရန် သို့မဟုတ် မြီရှင်များ သို့မဟုတ် ကြွေးမြီ ပေးဆပ်ရသူများ၏ အကျိုးပါရှိသော အခြားအကြောင်းများကြောင့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် အခြားဘဏ်တစ်ခုခုတွင် ငွေစာရင်းဖွင့်လှစ်သင့်ကြောင်း တရားရုံးက ကျေနပ်လက်ခံလျှင် တရားရုံးသည် ယင်းကရွေးချယ်သည့် အခြားဘဏ် တစ်ခုခုတွင် ငွေပေးချေမှုများပြုလုပ်ရန် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိသို့ ခွင့်ပြုနိုင်ပြီး အဆိုပါငွေပေးချေမှုများကို သတ်မှတ်ဖော်ပြထားသည့် နည်းလမ်းများအတိုင်း ဆောင်ရွက်ရမည်။

(ခ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် မည်သည့်အချိန်တွင်မဆို ကျပ်နှစ်သိန်းငါးသောင်းထက်ပိုမိုသည့်ငွေတစ်ရပ် သို့မဟုတ် သီးခြားကိစ္စရပ်များတွင် တရားရုံးက ထိန်းသိမ်းရန် သတ်မှတ်ပေးထားသည့်ငွေပမာဏကို ၁၀ ရက်ထက်ကျော်လွန်၍ ထိန်းသိမ်းထားပြီး ထိုသို့ထိန်းသိမ်းထားရခြင်းအတွက် တရားရုံးက ကျေနပ်လက်ခံနိုင်သည်အထိ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက တင်ပြနိုင်ခြင်းမရှိလျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် တစ်နှစ်လျှင် ၂၀ ရာခိုင်နှုန်းအတိုးနှုန်းဖြင့် ထိန်းသိမ်းထားသည့် ငွေပမာဏအပေါ် အတိုးပေးရမည်။ တရားရုံးက သင့်သည်ထင်မြင်သည့်အတိုင်း အဆိုပါစာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အခကြေးငွေ အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ခံစားခွင့်မပြုဘဲထားနိုင်သည့်အပြင် ၎င်း၏တာဝန်မှ ထုတ်ပယ်နိုင်သည်။ ထို့ပြင် ၎င်း၏ပျက်ကွက်မှုကြောင့် ဖြစ်ပေါ်လာသည့် ကုန်ကျစရိတ်များကို ပေးချေရမည်။

(ဂ) ဖျက်သိမ်းသည့် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ တစ်ဦးသည် သီးခြားဘဏ် ငွေစာရင်းတစ်ရပ်ကို ဖွင့်လှစ်ထားရမည်ဖြစ်ပြီး အဆိုပါငွေစာရင်းသို့ စာရင်းရှင်းလင်း ဖျက်သိမ်းရေးအရာရှိအဖြစ် ၎င်းကလက်ခံရရှိသည့် ငွေပမာဏအားလုံးကို ပေးသွင်းရမည်။

**ကျမ်းကျိန်လွှာပြုလုပ်နိုင်သည့် တရားရုံး သို့မဟုတ် ပုဂ္ဂိုလ်**

၄၁၁။(က) ဤအပိုင်းတွင် ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်များ သို့မဟုတ် ကိစ္စရပ်များအတွက် လိုအပ်သော ကျမ်းကျိန်လွှာတစ်ရပ်ရပ်ကို နိုင်ငံတော်အတွင်း မည်သည့်နေရာတွင်မဆို တရားရုံး တစ်ခုခု၊ တရားသူကြီး သို့မဟုတ် ကျမ်းကျိန်လွှာများကို လက်ခံပြုလုပ်ပေးရန် တရားဝင် အခွင့်အာဏာအပ်နှင်းထားခြင်းခံရသော ပုဂ္ဂိုလ်တစ်ဦးဦး၏ ရှေ့မှောက်တွင်လည်းကောင်း၊ နိုင်ငံတော်ပြင်ပတွင် နိုင်ငံတော်၏ ကောင်စစ်ဝန်၊ ဒုတိယကောင်စစ်ဝန် သို့မဟုတ် သံအမတ်ကြီးတို့၏ ရှေ့မှောက်တွင်လည်းကောင်း ကျမ်းကျိန်ဆိုနိုင်သည်။

(ခ) နိုင်ငံတော်အတွင်းရှိ တရားရုံးများ၊ တရားသူကြီးများ၊ တရားသူကြီးချုပ်များ၊ ကော်မရှင် အဖွဲ့ဝင်များ၊ တရားစီရင်ရေးတာဝန်များကို ဆောင်ရွက်နေရသူများသည် ဤအပိုင်းတွင် ပါရှိသော ကိစ္စရပ်များအတွက် အသုံးပြုမည့်ကျမ်းကျိန်လွှာများ သို့မဟုတ် အခြား စာရွက်စာတမ်းများတွင် ပူးတွဲဖော်ပြထားသော အဆိုပါ တရားရုံး၊ တရားသူကြီး၊ ပုဂ္ဂိုလ်၊ ကောင်စစ်ဝန် သို့မဟုတ် ဒုတိယကောင်စစ်ဝန် သို့မဟုတ် သံအမတ်ကြီးတို့၏ တံဆိပ်၊ လက်မှတ်များပါရှိသော တရားစီရင်ရေးဆိုင်ရာ အကြောင်းကြားမှုကို လက်ခံရယူရမည်။

**ပြည်ထောင်စုတရားလွှတ်တော်ချုပ်က နည်းဥပဒေများကို ပြဋ္ဌာန်းနိုင်သည့် အခွင့်အာဏာ**

၄၁၂။(က) ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် ယင်းနှင့်လက်အောက်ခံ တရားရုံးများတွင် ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းရန်အတွက်ဖြစ်စေ၊ ကုမ္ပဏီကို ဆန္ဒအလျောက်ဖျက်သိမ်းရန်အတွက်ဖြစ်စေ (ကုမ္ပဏီတွင်ပါဝင်သူများနှင့် မြီရှင်များကဖျက်သိမ်းခြင်း နှစ်ရပ်လုံး)၊ ပုဒ်မ ၂၈၇ အရ ဆောင်ရွက်သည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ မြီရှင်များနှင့် ကုမ္ပဏီတွင် ပါဝင်သူများ၏ အစည်းအဝေးများကို ကျင်းပရန်အတွက်ဖြစ်စေ၊ ဤဥပဒေပါပြဋ္ဌာန်းချက်များအရ တရားရုံးသို့ တင်ပြသည့် လျှောက်ထားမှုများအတွက်ဖြစ်စေ ဆောင်ရွက်မည့် နည်းလမ်းများနှင့်စပ်လျဉ်း၍ ဤဥပဒေနှင့်လည်းကောင်း၊ တရားမကျင့်ထုံးဥပဒေနှင့်လည်းကောင်း လိုက်လျောညီထွေရှိသည့် နည်းဥပဒေများကို အခါအားလျော်စွာပြုလုပ်နိုင်သည့်အပြင် ဤဥပဒေအရသတ်မှတ်ဖော်ပြထားသည့် ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သည့်ကိစ္စရပ်များအားလုံးအတွက် နည်းဥပဒေများကို ပြဋ္ဌာန်းနိုင်သည်။

(ခ) အထက်တွင်ဖော်ပြပါရှိသော အခွင့်အာဏာများကို ထိခိုက်ခြင်းမရှိစေဘဲ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သည် အဆိုပါနည်းဥပဒေများအရ အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ တရားရုံး၏ အခွင့်အာဏာနှင့် တာဝန်များဖြစ်သော တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကဖြစ်စေ၊ တရားရုံး၏ ကြီးကြပ်မှုဖြင့်ဖြစ်စေ ကျင့်သုံးဆောင်ရွက်နိုင်သည့် ဤဥပဒေအရ တရားရုံးသို့အပ်နှင်းထားသော အခွင့်အာဏာများနှင့် တာဝန်များအားလုံးကိုလည်းကောင်း၊ တစ်စိတ်တစ်ဒေသကိုလည်းကောင်း ရယူဆောင်ရွက်နိုင်သည် -

(၁) မြီရှင်များနှင့် ကြွေးမြီပေးဆပ်ရသူများ၏ သဘောဆန္ဒကို ရရှိရန်အတွက် အစည်းအဝေးများ ခေါ်ယူကျင်းပခြင်း၊

(၂) ကြွေးမြီပေးဆပ်ရသူများ၏ စာရင်းကို ရှင်းလင်းဆောင်ရွက်ခြင်း၊ ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းကို လိုအပ်ပါကအတည်ပြုရခြင်း၊ ရရန်ပိုင်ခွင့်များကိုစုဆောင်းခြင်းနှင့် အသုံးပြုခြင်း၊

(၃) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ပစ္စည်း သို့မဟုတ် စာရွက်စာတမ်းများကို ပေးပို့ရန်လိုအပ်ခြင်း၊

(၄) ငွေကြေးထည့်ဝင်ရန်အတွက် တောင်းခေါ်မှုများ ပြုလုပ်ခြင်း၊

(၅) ကြွေးမြီများနှင့် တင်ပြတောင်းဆိုမှုများကို သက်သေထင်ရှားပြသစေရန် အချိန်ကာလ သတ်မှတ်ပေးခြင်း။

သို့ရာတွင် တရားရုံး၏ အထူးခွင့်ပြုချက်မပါရှိဘဲ တရားဝင်ခန့်အပ်ထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ကုမ္ပဏီတွင်ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းကို အတည်ပြုခြင်းမပြုရ။ ထို့ပြင် တရားရုံး၏ အထူးခွင့်ပြုချက်မပါရှိဘဲ ငွေကြေးထည့်ဝင်ရန်အတွက် တောင်းခေါ်မှုများကို မပြုလုပ်ရ။

**အခန်း(၂၇)**

**မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီများကို ဖျက်သိမ်းခြင်းနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များ**

**မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီများကို ဖျက်သိမ်းခြင်း**

၄၁၃။(က) ဤအခန်း (၂၇) တွင် ဖော်ပြပါရှိသော ကိစ္စရပ်များအတွက် "မှတ်ပုံတင်ထားခြင်း မရှိသည့်ကုမ္ပဏီ" ဆိုသည်မှာ ဤဥပဒေအရ မှတ်ပုံတင်ထားသော ကုမ္ပဏီမဟုတ်ဘဲ အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်အရ ဖွဲ့စည်းတည်ထောင်ထားသည့် ကော်ပိုရေးရှင်း၊ အစုစပ်လုပ်ငန်း၊ အသင်းအဖွဲ့ သို့မဟုတ် ကုမ္ပဏီအဖွဲ့အစည်း တစ်ရပ်ရပ်လည်းပါဝင်သည်။

(ခ) ဤအပိုင်းတွင် ဖော်ပြပါရှိသည့် ပြဋ္ဌာန်းချက်များ၊ အခြားသက်ဆိုင်သည့် ဥပဒေတစ်ရပ်ရပ်ပါ ပြဋ္ဌာန်းချက်များနှင့်အညီ မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီတစ်ခုခုကို ဤဥပဒေအရ ဖျက်သိမ်းနိုင်သည်။ ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် စပ်လျဉ်းသည့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ အားလုံးသည် အောက်ပါခြွင်းချက်များ၊ ဖြည့်စွက်ချက်များနှင့်အတူ မှတ်ပုံတင်ထားခြင်း မရှိသည့် ကုမ္ပဏီတစ်ခုခုနှင့် သက်ဆိုင်စေရမည် -

(၁) နိုင်ငံတော်အတွင်း ကုမ္ပဏီ၏ အဓိကစီးပွားရေးလုပ်ငန်းလုပ်ကိုင်သည့်နေရာသည် ကုမ္ပဏီ၏မှတ်ပုံတင်ထားသော ရုံးခန်းဖြစ်သည်ဟု မှတ်ယူရမည်။

(၂) မှတ်ပုံတင်ထားခြင်းမရှိသည့် မည်သည့်ကုမ္ပဏီကိုမျှ ဤဥပဒေအရ ဆန္ဒအလျောက် ဖြစ်စေ၊ ကြီးကြပ်မှုဖြင့်ဖြစ်စေ ဖျက်သိမ်းခြင်းမပြုရ။

(၃) မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီတစ်ခုခုကို ဖျက်သိမ်းနိုင်သည့် အခြေအနေများမှာ အောက်ပါအတိုင်းဖြစ်သည်-

(ကက) မှတ်ပုံတင်ထားခြင်းမရှိသည့် ကုမ္ပဏီတစ်ခုခုကို စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ခြင်းမှ ဖျက်သိမ်းလျှင် သို့မဟုတ် ရပ်စဲခဲ့လျှင် သို့မဟုတ် ကုမ္ပဏီ၏ ကိစ္စရပ်များကို စာရင်းရှင်းလင်းဖျက်သိမ်းရန်အတွက်သာလျှင် စီးပွားရေး လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်လျှင် သို့မဟုတ် **ဆက်လက်ဖော်ပြပါမည်။**



# ကောင်းမွန်သောရွေးချယ်ပိုင်ခွင့်များ ရရှိနိုင်မည့် အိမ်ရာနှင့် အဆောက်အအုံဆိုင်ရာပြပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၉**
တိုးတက်လာသောလူဦးရေအရ အိမ်ရာအဆောက်အအုံ လိုအပ်မှုများပြားလာသည့်အတွက် ကောင်းမွန်စွာ ရွေးချယ်ပိုင်ခွင့်ရရှိရန် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီ၏ ပံ့ပိုးကူညီမှုဖြင့် တတိယအကြိမ် အိမ်ရာနှင့် အဆောက်အအုံဆိုင်ရာပြပွဲ ၂၀၁၈ ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရာ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးမောင်မောင်စိုး တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြခန်းများအား ကြည့်ရှုလေ့လာခဲ့သည်။

အဆိုပါပြပွဲကို ဇန်နဝါရီ ၁၉ ရက်မှ ၂၁ ရက်ထိ ပြခန်းပေါင်း ၉၀ ဖြင့် နံနက် ၉ နာရီမှ ညနေ ၆ နာရီထိ ကျင်းပမည်ဖြစ်ပြီး ပြပွဲတွင် ပြည်တွင်းပြည်ပမှ ကွန်ဒိုတိုက်ခန်းများ၊ အိမ်ရာအရောင်းပြခန်းများနှင့် အိမ်တွင်းအလှဆင်ပစ္စည်းများ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ကွန်ကရစ်လုပ်ငန်းများ၊ အိမ်အမိုးပြားများ၊ အိမ်သုတ်ဆေးများ၊ ကြမ်းခင်းများ၊ ရေချိုးခန်းသုံးပစ္စည်းများ၊ ကြွေပြားကျောက်ပြားများ၊ အိမ်တွင်း ခေတ်မီပရိဘောဂပစ္စည်းများ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ တံခါးများ၊ မျက်နှာကြက်များ၊ အိမ်ခြံမြေအကျိုးဆောင် လုပ်ငန်းများ၊ အိမ်ခြံမြေဆိုင်ရာ ဘဏ်လုပ်ငန်းများ၊ အိမ်ခြံမြေဆိုင်ရာ အာမခံလုပ်ငန်းများ အပြင် အိမ်ရာအဆောက်အအုံနှင့် အဆင့်မြင့်အသုံးဆောင်ပစ္စည်းများကို အများပြည်သူတို့သုံးစွဲရန် လက်လှမ်းမီသည့် အနေအထားဖြင့် ခင်းကျင်းပြသထားကြောင်း သိရသည်။

ယင်းပြပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ "အိမ်ရာအဆောက်အအုံနှင့်ပတ်သက်သည့် တည်ဆောက်ပြီးနှင့် တည်ဆောက်ဆဲစီမံကိန်းများ၊ တည်ဆောက်တော့မည့် စီမံကိန်းများ၊ တန်ဖိုးနည်း၊ တန်ဖိုးသင့်၊ တန်ဖိုးမျှတ၊ တန်ဖိုးလတ် အိမ်ရာစီမံကိန်းများနှင့် အိမ်ခြံမြေများကို ပြောင်းလဲလာတဲ့ နေထိုင်မှုဘဝများနှင့်အညီ အဆင့်အတန်းမြင့် အသုံးအဆောင်ပစ္စည်းတွေကို စုပေါင်းခင်းကျင်းပြသမှာ ဖြစ်တဲ့အတွက် အရည်အသွေးပိုင်းကို မျက်မြင်ထိတွေ့ သိရှိပြီး မှန်ကန်စွာရွေးချယ်နိုင်ကြမှာ ဖြစ်ပါတယ်" ဟု Dagon Exhibitions Limited မှ Asst. Marketing Manager ကိုမြင့်ဇော်က ပြောသည်။

ပြပွဲတွင် ဆွေးနွေးပွဲများအဖြစ် ဇန်နဝါရီ ၂၀ ရက်တွင် အိမ်ခြံမြေဈေးကွက်စန်းပွင့်ချိန် ခေါင်းစဉ်ဖြင့် ဦးကျော်ကျော်လှိုင် (Chairman-Smart Group)၊ ဦးခင်မောင်ညို (ဘောဂဗေဒ)၊ ဦးအေးလွင်(ဗဟိုအလုပ်အမှုဆောင်- UMFCCI)၊ ဦးစိုင်းခွန်နောင်(ဥက္ကဋ္ဌ-ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေလုပ်ငန်းရှင်များအသင်း)နှင့် ဦးသိန်းမြင့်ဝေ (လက်ထောက်ညွှန်ကြားရေးမှူး-စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန) (TTI)တို့မှလည်းကောင်း၊ ဇန်နဝါရီ ၂၁ ရက် မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးနှင့် မွန်းလွဲ ၂ နာရီခွဲတွင် "Housing Needs & Housing Demand" ခေါင်းစဉ်ဖြင့် ဦးဝင်းဇော် (Managing Director-ဆောက်လုပ်ရေးနှင့် အိမ်ရာဖွံ့ဖြိုးရေးဘဏ်)တို့ကလည်းကောင်း ဆွေးနွေးဟောပြောမည် ဖြစ်ကြောင်း သိရသည်။

**သတင်း-အေးမင်းသူ၊ ဓာတ်ပုံ-ခင်မောင်ဝင်း(ကြေးမုံ)**

# နိုင်ငံ၏GDP တစ်ခုတည်းမဟုတ်ဘဲ ဒေသတွင်းပြည်သူများ၏ပျော်ရွှင်မှုသည်လည်း လိုအပ်

**ရန်ကုန် ဇန်နဝါရီ ၁၉**
နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန်မှာ ထိုနိုင်ငံ၏ GDP တစ်ခုတည်းမဟုတ်ဘဲ ဒေသတွင်း ပြည်သူများ၏ ပျော်ရွှင်မှုသည်လည်း လိုအပ်ကြောင်း ဇန်နဝါရီ ၁၇ ရက်က ဆီမီယိုဒေသဆိုင်ရာသမိုင်းနှင့် ရိုးရာဓလေ့ဌာန တွင် ပြုလုပ်ခဲ့သော ကျေးလက်ဒေသများရှိ သမိုင်း၊ ယဉ်ကျေးမှုနှင့် ဓလေ့ထုံးစံများကို ထိန်းသိမ်းဖော်ထုတ်ခြင်းဖြင့် သာယာနာပျော်ဖွယ်ဒေသများဖြစ်လာစေရန် ချဉ်းကပ်ဖော်ထုတ်ကြမည့် အလုပ်ရုံဆွေးနွေးပွဲမှ သိရသည်။

အဆိုပါဆွေးနွေးပွဲကို ဆီမီယိုဒေသဆိုင်ရာသမိုင်းနှင့် ရိုးရာဓလေ့ဌာနနှင့် ဂျပန်နိုင်ငံ တိုကျိုတက္ကသိုလ် အရှေ့တောင်အာရှလေ့လာရေးဌာနတို့ ပူးပေါင်း၍ ပြုလုပ်ခြင်း ဖြစ်သည်။

"နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာ GDP တစ်ခုတည်းကိုပဲ ကြည့်လို့မရဘူး၊ နိုင်ငံသူ၊ နိုင်ငံသားတွေရဲ့ ပျော်ရွှင်မှုကိုလည်း ကြည့်ရမယ်၊ ဘူတန်ဘုရင်ဆို ၁၉၇၀ လောက်ကတည်းက ဒါကို အကောင်အထည်ဖော်ခဲ့တယ်၊ သူ့နိုင်ငံအတွက်ကို နှစ် ၄၀ ကြာအောင် သူလုပ်ဆောင်ခဲ့တယ်၊ သူ့နည်းလမ်းက အောင်မြင်တယ်၊ သူ့လူတွေက ပျော်ရွှင်တယ်၊ အပြင်ပန်းဖွံ့ဖြိုးတိုးတက်မှုမှာလည်း ပြည့်စုံတယ်လို့ ယူဆလို့ရတယ်။

အန်တီတို့အနေနဲ့ သူ့ဆီက နမူနာလေးကိုယူပြီး ကိုယ့်မြန်မာနိုင်ငံသာမက အရှေ့တောင်အာရှဒေသတွင်း နိုင်ငံတွေအတွက်ပါ သာယာနေပျော်ဖွယ်ကောင်းတဲ့ နိုင်ငံဖြစ်လာအောင် ဘယ်လိုဆောင်ရွက်ကြမလဲ၊ ဒါကို ဒီပွဲကနေ ဝိုင်းဝန်းအဖြေရှာကြတာပါ" ဟု ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့်ရိုးရာဓလေ့ဌာနမှ တာဝန်ခံ ညွှန်ကြားရေးမှူး ဒေါ်ခင်လေးစိုးက ပြောသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် မြန်မာနိုင်ငံအပါအဝင် ဘူတန်နိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့မှ တက္ကသိုလ်ပါမေက္ခများက သာယာနာပျော်ဖွယ်နိုင်ငံဖြစ်အောင် ဘယ်လိုဆောင်ရွက်ကြမလဲ Gross National Happiness (GNH) ဟူသည့် ခေါင်းစဉ်အောက်တွင် ရှုထောင့်အသီးသီးမှ လေ့လာပြုစုထားသည့် စာတမ်း ၁၉ စောင်ကို တင်သွင်းဖတ်ကြားခဲ့ကြသည်။

စာတမ်းပါအကြောင်းအရာများသည် စိုက်ပျိုးရေးနှင့် ဒေသဖွံ့ဖြိုးရေး၊ ပညာရေးကဏ္ဍ၊ ရှေးဟောင်းယဉ်ကျေးမှု၊ သဘာဝပတ်ဝန်းကျင်နှင့်လူမှု ဆက်သွယ်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ရည်ရွယ်သည်။

"အန်တီတို့ မျှော်မှန်းတာက ကျေးလက်ဒေသကသူတွေ စားဝတ်နေရေးပြေလည်ရုံမျှမကဘူး၊ ကိုယ့်ဒေသမှာ ပျော်ရွှင်ကျန်းမာစွာနဲ့ အလုပ်လုပ်နိုင်ဖို့အတွက် နည်းလမ်းကို ဝိုင်းဝန်းရှာဖွေကြတာပါ။ GNH ကို အခြေခံပြီးတော့ အမှန်တကယ်ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဖို့ဆိုတာလည်း ဒီတစ်ခုတည်းနဲ့ မပြီးဘူး။ ဆက်လက်ပြီးတော့ အလုပ်ရုံဆွေးနွေးပွဲတွေ လုပ်သွားရမယ်။ အဲဒီက ရလာမယ့် ရလဒ်တွေဟာ အစိုးရကို တစ်ဖက်တစ်လမ်းက ကူညီနိုင်လိမ့်မယ်လို့ မျှော်လင့်တယ်" ဟု တာဝန်ခံညွှန်ကြားရေးမှူးက ဆက်လက် ပြောသည်။

ဆွေးနွေးပွဲသို့ ဘူတန်နိုင်ငံ၊ ဂျပန်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံ တက္ကသိုလ်ပါမောက္ခများ၊ ရန်ကုန်တက္ကသိုလ်မှ ပါမောက္ခများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ပြီး ဆွေးနွေးပွဲကို ဇန်နဝါရီ ၁၆ ရက် မှ ၁၇ ရက်ထိ နှစ်ရက်ကြာ ပြုလုပ်ခဲ့သည်။ **ခင်ဇာလီ**

# အာရှအဆင့် ထိပ်တန်းစက်ဘီးစီးပြိုင်ပွဲ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၁၉**
အာရှစက်ဘီးအဖွဲ့ချုပ် (ACC) နှင့် မြန်မာနိုင်ငံစက်ဘီးအဖွဲ့ချုပ် (MCF) တို့ ပူးပေါင်းကျင်းပသည့် အာရှအဆင့် တာဝေးနှင့် မသန်စွမ်းသူများ စက်ဘီးစီးတံခွန်စိုက်ပြိုင်ပွဲ Asia Road and Para Cycling Championships - 2018 အား ဖေဖော်ဝါရီ ၈ ရက်မှ ၁၂ ရက်အထိ နေပြည်တော်ဝဏ္ဏသိဒ္ဓိ အားကစားကွင်း၌ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် မြန်မာနိုင်ငံ အပါအဝင် နိုင်ငံပေါင်း ၂၅ နိုင်ငံမှ အားကစားသမား စုစုပေါင်း ၄၀၀ နီးပါး ဝင်ရောက် ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ကစားသမားများတွင် ဟောင်ကောင်မှ ပထမအများဆုံး၊ ဒုတိယအများဆုံး ဂျပန်နိုင်ငံနှင့် တတိယအများဆုံး ထိုင်းနိုင်ငံတို့မှ လာရောက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ ပြိုင်ပွဲအမျိုးအစားမှာ မသန်းစွမ်း အမျိုးသား၊ အမျိုးသမီး၊ လက်ရွေးစင်တန်း အမျိုးသား၊ အမျိုးသမီး၊ အသက် (၂၃)နှစ်အောက် အမျိုးသား၊ အမျိုးသမီး၊ အသက်(၁၉) နှစ်အောက် အမျိုးသား၊ အမျိုးသမီးနှင့် မာစတာတန်း အမျိုးသားပြိုင်ပွဲများ ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။ **သက်မှူး**


# မူခင်းအသိပညာပေးဆွေးနွေး

**ဒဂုံမြို့သစ် (တောင်ပိုင်း)**
ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်းတို့၌ ဇန်နဝါရီ ၁၈ ရက်က မူခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေး ဆောင်ရွက်ခဲ့သည်။

ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး အောင်သိန်းအေးနှင့် မြို့မစခန်းမှူး ဒုရဲမှူး မောင်မောင်ဦးတို့က မူခင်းအသိပညာပေး ဆွေးနွေးသည်။ **ကြေးမုံ**

**မြောက်ဥက္ကလာပ**
မြောက်ဥက္ကလာပမြို့နယ် ရွှေပေါက်ကံမြို့သစ် ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ဇန်နဝါရီ ၁၇ ရက် မွန်းလွဲ ၂ နာရီခွဲက မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး ထွန်းလှိုင်က သက်ငယ်မုဒိမ်းမှု ပပျောက်ရေး မူခင်းအသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

# Remax အမှတ်တံဆိပ် Notebook များကို ပြည်တွင်းဈေးကွက်တွင် ဖြန့်ချိတော့မည်



ပြည်တွင်းဈေးကွက်တွင် မိုဘိုင်းနှင့်ဆက်စပ်ပစ္စည်းများတင်သွင်းရောင်းချလျက်ရှိသော Remax အမှတ်တံဆိပ်သည် လူငယ်များအကြားရေပန်းစားလျက်ရှိပြီး ကောင်းမွန်သည့်အရည်အသွေးဖြင့် ဈေးကွက်အတွင်းရပ်တည်လျက်ရှိရာ ယခုအခါ ၎င်းအမှတ်တံဆိပ် Notebookများကို ယခုနှစ် နှစ်ဦးပိုင်းတွင် ဈေးကွက်အတွင်း ထပ်မံပို့ဆောင်ပေးတော့မည်ဖြစ်သည်။

မျက်နှာပြင်အကျယ် ၁၄ လက်မနှင့် ပါးလွှာသော ကိုယ်ထည်ပိုင်းဖြင့်တည်ဆောက်ထားပြီး ၁ ဒသမ ၅၆ ကီလိုဂရမ်သာ အလေးချိန်ရှိသောကြောင့် သယ်ဆောင်ရလွယ်ကူပေါ့ပါးမည်ဖြစ်သည်။ Remax အမှတ်တံဆိပ်သည် တရုတ်နိုင်ငံအခြေစိုက်ပင်ဖြစ်သော်လည်း အရည်အသွေးကောင်းမွန်ပြီး ဒီဇိုင်းပိုင်းထူးခြားသော ထုတ်ကုန်များကြောင့် ရန်ကုန်မြို့အပါအဝင် အခြားမြို့ကြီးများရှိ သုံးစွဲသူများအကြား ရေပန်းစားပျံ့နှံ့လျက်ရှိနေပြီး ဈေးနှုန်းအလယ်အလတ်တန်းစား မိုဘိုင်းစပ်ဆက်ပစ္စည်းများကို ပြည်တွင်းဈေးကွက်တွင် ဖြန့်ဖြူးရောင်းချနေသော အမှတ်တံဆိပ်တစ်ခုအဖြစ် ရပ်တည်နိုင်ခဲ့သည်။

မကြာမီကာလအတွင်း တင်သွင်းပေးတော့မည့် Rexbook Notebook တွင် အမျိုးအစားနှစ်မျိုး ရောင်းချပေးသွားမည်ဖြစ်ပြီး Rexbook Notebook အမျိုးအစားနှင့် Rexbook S Notebook အမျိုးအစားတို့ဖြစ်သည်။ ပထမအမျိုးအစားတွင် Window 10 စနစ် Intel Celeron Quad Core 2.2 GHz ပရိုဆက်ဆာနှင့် RAM 6GB DDR3 ပါဝင်ကာ သိုလှောင်သိမ်းဆည်းမှုအတွက် 128GB SSD ထည့်သွင်းပေးထားပြီး Intel HD Graphics 500 ဂရပ်ဖစ်ပရိုဆက်ဆာ ပါဝင်ကာ ဒုတိယအမျိုးအစားတွင်မူ RAM 8GB DDR3နှင့် သိုလှောင်သိမ်းဆည်းမှု 256GBSSD ပါဝင်ပြီး ဂရပ်ဖစ်ပရိုဆက်ဆာအတွက် Intel HD Graphics 615 ဟူ၍ ကွဲပြားသွားပြီး အမျိုးအစားနှစ်ခုလုံးတွင် 5000 mAh ပမာဏရှိ ဘက်ထရီစနစ်ပါဝင်မည်ဖြစ်သည်။ အရောင်အားဖြင့် အနီ၊ အပြာနှင့် ခဲရောင်ဟူ၍ သုံးမျိုးရရှိနိုင်မည်ဖြစ်ပြီး ဈေးနှုန်းမှာ ပထမအမျိုးအစားကို မြန်မာကျပ်ငွေ ခြောက်သိန်းကျော်နှင့် ဒုတိယအမျိုးအစားအတွက် မြန်မာကျပ်ငွေ ရှစ်သိန်းကျော်ဖြင့် ရောင်းချပေးသွားမည်ဟု သိရသည်။ ALEX

# Appleမှ၎င်း၏iPhone မော်ဒယ်ဟောင်းများကို နှေးကွေးအောင်ပြုလုပ်ခဲ့ခြင်းကြောင့် တောင်ကိုရီးယား သုံးစွဲသူများက တရားစွဲ

နာမည်ကျော် ထုတ်ကုန်အမှတ်တံဆိပ် Apple သည် ၎င်း၏ iPhone မော်ဒယ်ဟောင်းများကို နှေးကွေးအောင်ပြုလုပ်ခဲ့သည်ဟု ၂၀၁၇ ခုနှစ်ကုန်ပိုင်းက တရားဝင် ဝန်ခံခဲ့ပြီးနောက် တောင်ကိုရီးယားနိုင်ငံရှိ iPhone သုံးစွဲသူများက ယုံကြည်မှုအလွဲသုံးစားလုပ်သည်ဟုဆိုကာ Apple ကုမ္ပဏီအား တရားစွဲဆိုမှုများပြုလုပ်ခဲ့သည်ဟုသိရသည်။

iPhone မော်ဒယ်ဟောင်းများတွင် ဘက်ထရီပြဿနာကြောင့် ဖုန်းပါဝါပိတ်သွားခြင်းများအပေါ်တွင် ဖြေရှင်းနိုင်ရန် ဖုန်းမော်ဒယ်အဟောင်းများကို နှေးကွေးလေးလံစေခဲ့ခြင်းဖြစ်သည်ဟု Apple မှ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလတွင် တရားဝင်ဝန်ခံခဲ့ပြီး ယခုကဲ့သို့ တရားစွဲဆိုမှုများ ကြုံတွေ့ရခြင်းဖြစ်သည်ဟု သိရသည်။

တောင်ကိုရီယားနိုင်ငံရှိ iPhone သုံးစွဲသူပေါင်း ၃၇၀၀၀၀ ကျော်ကတရားစွဲဆိုထားခြင်းဖြစ်ပြီး သုံးစွဲသူများ၏ ယုံကြည်မှုကို အလွဲသုံးစားပြုလုပ်သည်ဟု စွဲချက်တစ်ခုတည်းဖြင့် တရားစွဲဆိုခဲ့ကြခြင်းဖြစ်သည်ဟုသိရသည်။ အဆိုပါ တရားစွဲဆိုမှုကို တောင်ကိုရီးယားတရားရေးဌာနမှလည်း အသိအမှတ်ပြုခဲ့ပြီး နစ်နာမှုများအတွက် သုံးစွဲသူတစ်ဦးလျှင် ဒေါ်လာ ၂၀၀၀ ခန့် နစ်နာကြေးအဖြစ် ပြန်လည်ပေးအပ်ပေးရန် Apple အားတောင်းဆိုမှုများရှိခဲ့သည်ဟု သိရသည်။

ALEX

# ဂုဏ်ယူဝမ်းမြောက်ကြောင်း

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှု၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပခဲ့သော ရန်ကုန်အပြည်ပြည်ဆိုင်ရာ ကျောက်မျက်နှင့် လက်ဝတ်ရတနာ အခြောထည်ပြပွဲ (Yangon International Gems & Jewellery Fair 2018) ကို (၁၁-၁-၂၀၁၈) မှ (၁၄-၁-၂၀၁၈) အထိ ရန်ကုန်မြို့၊ ပြည်လမ်း၊ Lotte Hotel တွင် အောင်မြင်စွာ ကျင်းပနိုင်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

မြန်မာနိုင်ငံကျောက်မျက်ရတနာ
လုပ်ငန်းရှင်များအသင်း

# ဂုဏ်ယူဝမ်းမြောက်ကြောင်း

မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း (MGJEA)နှင့် မြန်မာ့ကျောက်မျက်ဓာတ်ခွဲခန်း(MGL)တို့ပူးပေါင်း၍ ၁၄-၁-၂၀၁၈ ရက်တွင် ရန်ကုန်မြို့ Junction City Office Tower, 6th floor ၌ မြန်မာနိုင်ငံကျောက်မျက်ပညာသိပ္ပံ (Gemological Institute of Myanmar) (GIM)ဖွင့်လှစ်ခဲ့ခြင်းကို ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

မြန်မာနိုင်ငံကျောက်မျက်ရတနာ
လုပ်ငန်းရှင်များအသင်း

**မိုးရှာမောင်**
**အိမ်ပြောင်း/အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း**
ခြင်းများအတွက် 10', 15', 16'
09 5024774
09 73179228
09 49155515
09 49225338

**သိန်း(၅၀၀)တန် တိုက်ခန်းကို သိန်း(၃၉၀)ဖြင့် ရောင်းမည်**
BCC ကျပြီး မ-ဥက္ကလာပမြို့နယ်၏ အချက်အချာနေရာဖြစ်သည့်မေဓါဝီလမ်းမကြီး၏ ဈေးလမ်းမပေါ် ပေ(၁၉×၅၄) (Hall Type) (6)ထပ်တိုက်၏ (၅ လွှာ)။
ဖုန်း-၀၉- ၂၅၂၉၈၆၈၄၄
၀၉- ၄၄၁၀၇၅၃၀၀

**မြေညီထပ်(ထပ်ခိုးအပါ) အရစ်ကျဖြင့် ရောင်းမည်**
သာကေတ၊ ရုပ်ရှင်ရုံအနီး၊ စီးပွားရေးလုပ်ရန် နေရာကောင်း ပေ(၁၈×၅၄) မြေညီထပ်(ထပ်ခိုးအပါ) တိုက်ခန်းအား ၁၅ လ အရစ်ကျဖြင့် ကျပ်သိန်း(၈၅၀)ဖြင့် ရောင်းမည်။
**ဆက်သွယ်ရန်ဖုန်း**
၀၉-၉၇၅၅၄၉၈၀၁
၀၉-၇၉၆၈၁၇၃၂၄

**အဆင်မြင့်တိုက်ခန်းရောင်းမည်**
ရန်ကင်းမြို့နယ်၊ ရွှေအုန်းပင်အိမ်ရာ၊ အမှတ်(၅)၊ တိုက်အမှတ်(၁)၊ ပထမထပ်၊ ၁၂၀၀ Sqft- MB-(၁)ခန်း၊ Single ၂ ခန်း ပါကေးခင်းပြီး Aircon ၄ လုံး၊ ရေပူရေအေးပါ။
ဆိုဈေး - သိန်း ၂၂၀- အလျှော့အတင်းရှိ
**ဖုန်း-၀၉ ၅၇၇၄၁၃၈၂၊ ၀၉ ၄၄၈၃၆၈၈၈၈**

**SEVEN ဝ**
09-33 333 511
09-33 333 514
09-33 333 644

**ကားရောင်းမည်**
1- LEXUS 570
2008 Model 2014 (ကညန) ရုပ်ပြောင်း
6M/2 အပူး၊ အနက်ရောင်၊ Cool Box ပါ၊ TV
2- Landcruiser AXG
2008 Model 2014 ရုပ်ပြောင်း
1N/9 ထောင်ကျော်၊ အနက်
3- Alphard 2008၊ အနက်
2L/9 ထောင်ကျော်
**ဆက်သွယ်ရန် Ph-09-5501850**
**09-790865625**

**Shwe Pyae Nadi Company Limited**
၁။ အစားအစာနှင့်ပတ်သက်သည့်ပစ္စည်းထောက်ပံ့ခြင်း
၂။ စက္ကူနှင့်စာရေးကိရိယာပစ္စည်းထောက်ပံ့ခြင်း
၃။ ကားလက်မှတ်၊ လေယာဉ်လက်မှတ် ဝန်ဆောင်မှုပေးခြင်း
လိပ်စာ။ No(5), 1F, 23rd st, Latha Township, Yangon
ဖုန်း-၀၉-၂၅၀၀၄၅၅၊ ၀၁-၂၃၁၅၃၀၉






# အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

၂၀၁၈ခုနှစ်၊ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်-၁/၂၀၁၈ အရ ဘွဲ့တံဆိပ်ချီးမြှင့် အပ်နှင်းခြင်းခံရသည့် မြန်မာနိုင်ငံ ဓာတုသိပ္ပံအသင်းဝင်များ ဖြစ်ကြသော ဒေါ်ခင်လှဲ့လှဲ့ဝင်း(သီရိသုဓမ္မသိင်္ဂီ)နှင့် ဒေါ်တင်လေးကြည် (သုဓမ္မသိင်္ဂီ)တို့အား အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဒေါက်တာအောင်မြင့်မိသားစု

# အထူးဂုဏ်ယူဝမ်းမြောက်ကြောင်း

၂၀၁၈ခုနှစ်၊ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နိုင်ငံတော်သမ္မတရုံး အမိန့်ကြော်ငြာစာအမှတ်-၁/၂၀၁၈အရ ဘွဲ့တံဆိပ်ချီးမြှင့် အပ်နှင်းခြင်းခံရသည့် မြန်မာနိုင်ငံဓာတုသိပ္ပံအသင်းဝင်များ ဖြစ်ကြသော **ဒေါ်ခင်လှဲ့လှဲ့ဝင်း(သီရိသုဓမ္မသိင်္ဂီ)**နှင့် **ဒေါ်တင်လေးကြည်(သုဓမ္မသိင်္ဂီ)**တို့အား အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

မြန်မာနိုင်ငံဓာတုသိပ္ပံအသင်း

ရွှေလမ်းညွှန်
115000
50000
09-420087371, 09-259302029

09 451301117
09 250366204

မင်းကြီးသောင်း
(မြို့တွင်း / နယ်စေး)
09-258022220
09-250499979
09-73209992
09-254449533

နန်းထိုက်အောင်
09 3128 2593
09 3128 2594
09 3128 2595

PUN HLAING + SILOAM HOSPITALS
မှန်ပြောင်းဖြင့် မီးယပ်ရောဂါဆိုင်ရာ ခွဲစိတ်ကုသမှု အစီအစဉ်
Only JCIA Hospital in Myanmar
ခွဲစိတ်ရန်လိုအပ်သော အမျိုးသမီးများ၏ မီးယပ်ရောဂါများအတွက် အတွေ့အကြုံများစွာရှိသော မလေးရှားနိုင်ငံမှ သားဖွားနှင့်မီးယပ်အထူးကုဆရာဝန်ကြီး ကိုယ်တိုင် မှန်ပြောင်းအသုံးပြု၍ ခွဲစိတ်ကုသပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။
ဇန်နဝါရီလ (၂၆) ရက်မှ (၂၈) ရက်

ဆက်သွယ်ရန် - ရန်ကုန် (၀၁) ၃၆၈ ၄၃၂၃၊ ၃၆၈ ၄၃၂၅၊ ၃၆၈ ၄၃၃၆၊ ၃၆၈ ၃၀၁၅၊ ၃၆၈ ၃၀၆၀၊ (၀၉) ၄၂၀၀၄၂၆၇၇
Facebook Pun Hlaing Siloam Hospitals
www.punhlaingsiloamhospitals.com

MOTHERLAND ဆောက်လုပ်ရေး


တိုက်ခန်းဝယ်ယူလိုသည့် Customer များ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်သည်။
ဆက်သွယ်ရန် - အမှတ်(၄၅၅/၄၅၇)၊ သိမ်ဖြူလမ်း(ကန်တော်ကလေးစာတိုက်အနီး)၊ မင်္ဂလာတောင်ညွန့်မြို့နယ်။
399032, 399034, 399082, 394822, 376342, 01 248912, 09 5002257, 09 5000647, 09 795002257, 09 785000647

N-WINNER Co.,Ltd
ထိမ်း၊ ဖြူး၊ ခြေ ၅ "အခြန်စောင်းစည်"
Ph:09450073838,09783233356-57,09254418033

| | | | | |
|---|---|---|---|---|
| [illegible] | (41'x114') | | 2RC | 7200L |
| [illegible] | (75'x65') | | | 4800L |
| [illegible] | (57'x80') | | 2RC | 4500L |
| [illegible] | (40'x60') | | 2RC | 4200 L |
| [illegible] | (56'x60') | | | 3600 L |
| [illegible] | (9695sqft) | | | 3300 L |
| [illegible] | (40'x60') | | | 2500 L |
| [illegible] | (50'x70') | | 1RC | 2200 L |
| Condo | (950sqft) | 1M,1B | | 1750L |
| Condo | (1300sqft) | 1M,2B | | 1650 L |
| Mini Condo | (19'x54') | 1M,1B, | | 650 L |
| Mini Condo | (18'x60') | 1M, | | 1700L |

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁/ရွှေအင်ကြင်းရပ်)၊ မြေကွက်အမှတ်(ဒ-၃၃၃၁၉)၊ ဧရိယာ(၀. ၁၄၆)ဧက၊ ဒေါ်ကြည်ကြည်စန်း(ဘ)ဦးစံကွန်း[၉/မနမ(နိုင်)၀၃၁၇၉၅]အမည်ပေါက်ပါမစ်မြေကွက်အား ဒေါ်မြမြစန်း(ဘ)ဦးဝင်းမြင့်[၁၃/လလန(နိုင်)၀၀၆၄၃၄]မှ မြေပေးမိန့်(ပါမစ်)မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက် မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှဝန်ခံကတိပြုချက် မူရင်းများတင်ပြ၍ မြေငှားစာချုပ်သစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်း အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# နေ့စဉ် Facebook အပိုလက်ဆောင်

၃၁ – ၁ – ၂၀၁၈ အထိ

MPT
ရှေ့သို့လှမ်းချီမြန်မာပြည်



| E-topupဖြင့် ဖြည့်သွင်းသည့်ပမာဏ(ကျပ်) | အပိုလက်ဆောင်ပမာဏ (MB) |
|---|---|
| 1,000 MMK | 50 MB |
| 3,000 MMK | 150 MB |
| 5,000 MMK | 250 MB |
| Every 10,000 MMK | 500 MB |

E-topup ( သို့မဟုတ် ) Mobile Banking ဖြင့် အနည်းဆုံး ၁,၀၀၀ ကျပ်ဖိုး ငွေဖြည့်သွင်းပြီး Facebook ( သို့မဟုတ် ) အခြား လူမှုကွန်ရက်များအတွက် ဒေတာ အပိုလက်ဆောင်များ ရယူလိုက်ပါ။

အသေးစိတ်သိရှိလိုပါက

www.mpt.com.mm mptofficialpage mptofficial

CALL CENTER 106 | free hotline 24 hours everyday

# မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်နေ
ဦးသောင်းဝင်း(အကြံပေးအရာရှိ) (အထွေထွေမန်နေဂျာ-ငြိမ်း) SMIDB Bank -
ဒေါ်သီသီဝေ (မန်နေဂျာ-စက်မှုဝန်ကြီးဌာန-ငြိမ်း)တို့၏သားငယ်

**မောင်ဘုန်းဝေမောင်**
**A.G.T.I (Electrical Power) Electro Technical Officer World Tanker Ship Management Pte.Ltd Singapore**

နှင့်

ခေတ္တစင်ကာပူနိုင်ငံနေ
ဦးဇော်မြင့်**(Tuas Logistics Pte.Ltd Singapore)**-ဒေါ်ညိုညိုခင်(အလပြ) (ငြိမ်း)တို့၏သမီးငယ်

**မခင်သွယ်ရည်ဇော် B.Sc(Phys). A.C.C.A , Part II**
**Accounts Executive Good Wood Ship Management Pte.Ltd Singapore**

တို့၏ ၂၉-၁၀-၂၀၁၇ရက်(Novotel Yangon Max Hotel) မန္တလေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည့် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးခဲ့ပါသော ဦးညီညီလွင်(ဒုတိယညွှန်ကြားရေးမှူး-ရန်ကုန်တိုင်းဒေသကြီးဥပဒေ(ချုပ်ရုံး)အားလည်းကောင်း၊ မင်္ဂလာခန်းမအသိသက်သေအဖြစ် လက်မှတ်ရေးထိုးပေးပါသော ဦးစိုးလွင်ဇနီး ဒေါ်ဝါဝါခင်၊ ဦးနိုင်လင်းထွန်းနှင့် ဇနီး ဒေါ်စုမွန်စိုးတို့အားလည်းကောင်း၊ ယင်းအခမ်းအနားတက်ရောက်သူများအားလည်းကောင်း၊ ၄-၁-၂၀၁၈ရက် Sedona Hotel (Grand Ballroom) ၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်တို့ ဆင်မြန်းပေးပါသော ဒေါက်တာဇေယျာညွန့် (အဖွဲ့ဝင်၊ အသေးစားနှင့်အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ) (အမှုဆောင်အရာရှိချုပ်- SMIDB Bank)နှင့်ဇနီး သုခမ္မသိဂီ ဒေါ်အိသန္တာဘို(Pro-energy စက်သုံးဆီဖြန့်ဖြူးရောင်းချရေးလုပ်ငန်း) နှင့် ဦးစိုးလင်း (ဒု-ညွှန်ကြားရေးမှူး (ငြိမ်း)မွန်ပြည်နယ်ထွေ/အုပ်နှင့် ဇနီး ဒေါ်ခင်စိုးဝေတို့အားလည်းကောင်း၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးဘိုမြင့်သန်း၊ မင်္ဂလာတေးသံသာများဖြင့် ညှော်ခံသီဆိုပေးပါသော မေတ္တာရွှေရည် တေးဂီတတီးဝိုင်းနှင့် မင်္ဂလာအခါတော်ပေးသီဆိုပေးပါသော ဒေါ်ခင်စိုးဝင်းနှင့် စောင်း ကိုဟန်စိုးအားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မရည်မွန်သန့်၊ မင်္ဂလာပန်းဗန်းကိုင်ဆောင်ပေးပါသော မသီရိရွှေရည်၊ မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးပါသော မဖူးစံပယ်သင်း၊ မင်္ဂလာသတို့သားအရံအဖြစ် မောင်အောင်ကောင်းခန့်၊ မောင်မင်းညွန့်ဦး၊ မင်္ဂလာသတို့သမီးအရံအဖြစ် မဖူးပြည့်ပြည့်စိုး၊ မအိမ့်ပိုးဖြူတို့အားလည်းကောင်း၊ မေတ္တာဖြင့် မင်္ဂလာလက်ဝတ်ရတနာများဆင်မြန်းပေးပါသော ဝင်းညွန့်ညွန့် ရတနာရွှေဆိုင်နှင့် မအေးသန္တာ မိသားစုအားလည်းကောင်း၊ မင်္ဂလာဝတ်စုံများ ဖန်တီးပေးပါသော creative designer Nyi Nyi၊ ပန်းအလှပြင်ဆင်ပေးပါသော His & Her Floral Service Make Up အလှပြင်ဆင်ပေးပါသော ဒီဇင်ဘာနှင်း၊ ဗီဒီယို မှတ်တမ်းတင်ရိုက်ကူးပေးသော Love Diary Wedding Studioမှ အဖွဲ့သားများအားလည်းကောင်း၊ ဝိုင်းဝန်းကူညီပေးသော SMIDB ဝန်ထမ်းများအားလည်းကောင်း၊ မင်္ဂလာပစ္စည်းပေးပို့ပါသော SMIDB ဥက္ကဋ္ဌကြီး ဒေါ်စန်းစန်းရီနှင့် မိတ်ဆွေများအားလည်းကောင်း၊ မေတ္တာဖြင့် ကြွရောက်ချီးမြှင့်ပေးပါသော ဂုဏ်သရေရှိ ညှော့်ပရိသတ်အပေါင်းနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို အထူးလှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။

**နှစ်ဖက်မိဘများနှင့်**
**မောင်ဘုန်းဝေမောင်-မခင်သွယ်ရည်ဇော်**



ဗုဒ္ဓမိစ်ဒေါ် ဆန်းစွမ်း
ရှယ်ကြီး
52000Ks [illegible]
[illegible]
☎ 01512443, 0973017656, 095005174

အောင်ချမ်းသာ
အိမ်ပြောင်း/အိမ်ရွှေ့
ဝန်ဆောင်မှုလုပ်ငန်း
[illegible] DYNA 14',16'
[illegible]
09 43182828
09 73140091
09 5037847

စလင်းမြို့နယ်အသင်း (ရန်ကုန်)
နှစ်ပတ်လည်သင်းလုံးကျွတ်စည်းဝေးပွဲ သက်ကြီးပူဇော်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ

[illegible]

[illegible]

* [illegible]

အမှုဆောင်အဖွဲ့ (ရန်ကုန်မြို့)

Victoria Hospital
HVC
ဗိတိုရိယဆေးရုံ နှလုံးနှင့်သွေးကြောဌာနတွင်
Bulgaria နိုင်ငံမှ နှလုံးနှင့်သွေးကြောအထူးကုဆရာဝန်ကြီးသည်
(အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့ အတွင်း) ပြင်ပလူနာများကို ကြည့်ရှုပေးမည်အပြင်
24/7
နှလုံးသွေးကြော ဓါတ်မှန်ရိုက်ခြင်း (Angiogram)
နှလုံးသွေးကြောချဲ့ ကုသခြင်း(Angioplasty)
နှလုံးထောက်တိုင် (Stent) ထည့်သွင်းကုသခြင်း
နှလုံးခုန်အားဘက္ထရီ (Pacemaker) တပ်ဆင်ခြင်း
အစရှိသည့် နှလုံးနှင့် ပတ်သက်သောကုသနည်း
အမျိုးမျိုးကို ကုသပေးနေသည်ဖြစ်ကြောင်း
သတင်းကောင်းပါးအပ်ပါသည်။
ရှုနာစာရင်းပေးသွင်းလိုပါက
Hunt Line - +95 1 9666141
Hot Lines - +95 9 783666 141~4 Ext - 7080 (or) 2

STANDARD
your affordable quality
SG Eco laminate floor
New Designs
တက်ရှိတိုက်ရိုက် အထူးဈေးနှုန်း
12 mm-၁ ကျင်း
134,000 Ks



Hotline: 09 4555 444 30, 09 4555 444 03

မောင်[illegible] (၁၂/အစန(နိုင်)[illegible]) အား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန် ကြော်ငြာခြင်း

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်[illegible] (LL.B) [illegible]
ဒေါ်[illegible] (LL.B) [illegible]
ဦး[illegible] (LL.B) [illegible]
[illegible]

## အမည်ပြောင်း

အဖ ဦးချစ်ကိုကို၏ သမီး အထက(၁) ပန်းဘဲတန်း၊ တတိယတန်းမှ မယွန်းနန္ဒာကိုအား ယနေ့မှစ၍ မခွန်းဆင့်သံသာဟု ပြောင်းလဲခေါ်ပါရန်။

**မခွန်းဆင့်သံသာ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 8K/4169၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ကုန်အမှတ်တံဆိပ်ကြေညာချက်

[illegible]

Quick

[illegible] E-mail Internet Facebook Website [illegible]

[illegible]

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်နီလာ (LL.B, D.B.L, D.I.L, D.I.R, C.B.D.S. MOFA)
အထက်တန်းရှေ့နေ (စဉ်-[illegible])
[illegible]
ဖုန်း-[illegible]

အများသိစေရန်ကြော်ငြာခြင်း

[illegible]

အများသိစေရန်ကြော်ငြာခြင်း

[illegible]

ရန်ကုန်မြို့ [illegible]

[illegible]

လွှဲအပ်ညွှန်ကြားချက်များအရ

| | |
|---|---|
| ဦးသန့်ဇင် (LL-B) | ဒေါ်[illegible] (LL-B) |
| အထက်တန်းရှေ့နေ(စဉ်-[illegible]) | အထက်တန်းရှေ့နေ(စဉ်-[illegible]) |
| Ph-09-253995848 , 09-798420119 | Ph-09-4200 73685 |

[illegible]

ဥတုရာသီ တောက်ပမှီ၏

ဆရာကျော် (ရန်ကုန်ကွန်ပျူတာ)
မွေ့ မူ/လယ်/ထက် အခြေခံစာစီစာကုံးနှင့်သချင်္ချာသင်တန်း
သင်ရိုးကုန်တန်းခွဲများ
အမှတ် ၁၆၊ ဓာတ်ရယဲလမ်း၊ သုခမိန်လမ်း၊ စမ်းချောင်း။
Ph: 01508203, 09-5078302, 09-450061609

ဦးအောင်ဝင်း
(ရွှေတံဆိပ်ဆုရှင်-လန်ဒန်)
LCCI Level - I&II, III စာရင်းကိုင်
သင်တန်းများ ဖုံနံပါတ်ယူထားနိုင်သည်။
LCCI
(၂၅)နှစ်ကျော်အတွေ့အကြုံကြောင့်
သင်ကြားမှုပြီးပြည့်စုံစေသည်။
အမှတ်(၂၀)၊ တတိယ၊ ပန်းဆိုးတန်းလမ်း(အထက်ဘလောက်)။
☎ - 09-776349905, 978578325, 01-371741, 240824

ပန်းပျိုးအိမ်
ပန်းချီသင်တန်း
(မနေ့ရာသီနှင့်ပုံမှန်တန်းခွဲများ)
မွေးနှာလပ်ပြတ် - 55000Ks
www.facebook.com/PanPyoeEainArtSchool
Tel - 09795605029 , 09421080825

မြင့်မိုရ် CAR RENTAL
ALPHARD,HIACE (အမျိုးမျိုး)
09-5191361,09-765191361

ကိုကျော်နိုင် CAR RENTAL
ALPHARD, HIACE (အမျိုးမျိုး)
☎ 09 25 358 2510
09 515 8803

၂၀၁၇ ခုနှစ် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် များတွင် မိုးလုံးပတ်နီညံ အောင်ပွဲခံသွားသော
၂၀၁၈ တိုင်းကျင်းအေး
ပထမတန်း
မေးခွန်း ၅ စုံ နှင့် ဖြေကြားမှုများ
မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊
ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ
ဘာသာစုံတစ်အုပ်(၁၅၀၀)ကျပ်
၂၀၁၈ တိုင်းကျင်းအေး
အဋ္ဌမတန်း
မေးခွန်း ၅ စုံ နှင့် ဖြေကြားမှုများ
မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊
ပထဝီဝင်၊ သမိုင်း၊ အထွေထွေသိပ္ပံ
ဘာသာစုံတစ်အုပ်(၁၃၀၀)ကျပ်
၂၀၁၈ တိုင်းကျင်းအေး
မေးခွန်း ၃ စုံ နှင့် ဖြေကြားမှုများ
သိပ္ပံတွဲ၊ ဝိပ္ပံတွဲ၊ ဝိဇ္ဇာတွဲ
တစ်ဘာသာတစ်အုပ်(၁၀၀၀)ကျပ်
ပြည့်ဝေကျော် စာပေ - အမှတ်(၄၅၆)၊ ရွှေဘုံသာလမ်း(အထက်)၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၁-၃၈၅၁၃၉၆၊ ၀၉-၇၃၀၂၉၈၂၉



TNC
GNC BRANDED အရည်အသွေးမြင့် ဖြည့်စွက်အာဟာရများကို အောက်ပါ TNC Showroom များတွင် ရရှိနိုင်ပါပြီ။
• Junction City • Junction Mawtin • Junction
• Order များ မှာယူလိုပါက ၀၉-၄၅၉ ၁၉၃ ၁၀၄ သို့ ဆက်သွယ်မှာယူနိုင်ပါသည်။ အမြို့မြို့ အနယ်နယ်ရှိ Citymart ဆိုင်ခွဲတိုင်းနှင့် ဆေးဆိုင်ကြီးများတွင် ဝယ်ယူရရှိနိုင်ပါပြီ။

ဦးနှင်းဦး(တာဝယ်)
ထိပ်တန်း
အခြေခံ စက်ပြင်ယာဉ်မောင်းသင်တန်း
Manual/Auto

နေ့လယ်ခံ ဗိုက်ချပ်လိုသူများ
ဗိုက်ချပ်လိမ်းဆေး
အဆီကျဆေး

ဗလပ်မွှင့်ဒီဇိုင်ခြံမြေ ကျွမ်းကျင်မှ ရောင်း/ငှား ရန်ရှိပါသည်။

| | | | |
|---|---|---|---|
| ထားနီဆွေကောင်းကျား | (40'x70') | 1BN,နေရာကောင်း | 6500 L |
| ရွှေပေါက်ကွက်စက်မှုဇုန်(ခြံ) | (100'x100') | 2RC(30'x70'),P.W | 3800 L |
| မ/အုံ(၅၅/၅၁/၅၃) | (40'x60') | 1PT,1RC,ဂရန် | 600, 1150 L |
| အဝိုဆင်ရောက်ထည်း | (25'x50') | Lift,Hall,တိုက်သစ် | 1000 L |
| တ/ဥက္ကလာပ(၅တ) | (18'x54') | Lift,1M,1Bပြင်ပြီး | 760 L |
| ထားရွှေစက်မှုလယ်ကွင်း | (100'x150') | ထုပ်ပိုး/နေရာကောင်း | 35 L |
| လှိုင်GEMS Condo | (900 Sq) | Lift,1M,1B,F.F,ပါကင် | 18 L |
| မရမ်းနေဘီမိုကွန်ဒို | (1500 Sq) | 5F,1M,2B,F.F,Lift | 15 L |
| ထားထောင်ရွှေတိကွန်ဒို | (1600 Sq) | Lift,1M,2B,4AC,ပါကင် | 10 L |
| ထားထားOrange Condo | (1380 Sq) | 9F,2M,2BR,4AC,ပါကင် | 8 L |

Tel : 0997790 1501, 09 977901502, 0997790 1503

ရွှေနှင်းစိ
အိမ်ခြံမြေ/အိမ်ရွှေလုပ်ငန်း
မြို့ရှာ/နယ်ဆေး
09-425308777
09-770639155

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
လှည်းကူးမြို့အထွက်အထည်ချုပ်စက်ရုံအနီး
(40'x60')=70သိန်း
(25'x60')=45သိန်း
Ph:09-795518355, 09-450378377

မူးလျှင်ရှူ-မောလျှင်သောက်
ရွှေမှုန်ကြေး
TMR000849(0519)
အမှတ်တံဆိပ်
ပန်းပေါင်းစုံ ဆေးသွေး
ပြန်မှာဆေးစွမ်းကောင်း

STRATEGY FIRST INSTITUTE
Professional စာရင်းကိုင်အဖြစ် အသက်မွေးလိုသူများအတွက် နှစ်ပေါင်း(၃၀)ကျော် သက်တမ်းရှိ Association of Accounting Technicians (AAT), UK မှ အဆင့်မြင့်စာရင်းကိုင် ဒီပလိုမာ
(၆) ဘာသာအတွက် အထူးသင်တန်းကြေး ၇၀၀,၀၀၀ ကျပ် ခြွင်းချန်နိုင်ပါပြီ။
Exam Fees - 50 GBP per Subject | Textbook Fees - 80,000 Ks

Advanced Diploma in Accounting (Level 3)
1. Advanced Bookkeeping (UA)
2. Final Account Preparation (UA)
3. Management Accounting: Costing (UA)
4. Indirect Tax (UA)
5. Ethics for Accountants (SA)
6. Spreadsheets for Accounting (SA)
aat



LCCI Level 1 & 2 ပြီးထားသူများအတွက် အထူးသင့်တော်ပြီး တက္ကသိုလ်ဝင်တန်းအောင်သူများလည်း တက်ရောက်နိုင်ပါသည်။
ဇန်နဝါရီလ (၂၀) ရက်နေ့ ရန်ကုန်မြို့တွင် အတန်းများ စပါမည်။
Call Now : 09 250 717166~68

# ADJUSTABLE MOBILE CONVEYOR




**MANN STANDARD CO.,LTD**

Yangon Office
No (82/1), Ground Floor, Myinthar(7)Street, (14/1)Quarter, South Okkalapa Township, Yangon.
Ph; 09-91017412, 09-969919344, 09-969919335. Mail; mannstandard@gmail.com

Office & Show Room
La La- 7/11 Corner of 61Street & Kanaung Mingyi Main Road, Pyigyitagon Township Mandalay. Ph; 09-797009005,09-797009007,09-797009008.

Factory
Pa Pa-18/20+21,Sabai Street,Bet;62nd+63rd Street,Industrial Zone(1), Pyigyitagon Township Mandalay.Ph.09-5125098




---

**CROWN EDUCATION**

လောကရုပ်ဝန်းနှင့်အတွေ့အကြုံနှင့်

"စင်ကာပူပြည်ကြီးလျှ နစ်နိုင်ငံတွင် စာသင်အတွေ့အကြုံရရှိမည့်
TOURISM & HOSPITALITY MANAGEMENT ဘွဲ့များအကြောင်းဆွေးနွေးပွဲ"




- စင်ကာပူရှိ ထိပ်တန်းဟိုတယ်ကြီးများတွင် စာတွေ့ နှင့် လုပ်သလစာရရှိသော လက်တွေ့ ပါဝင်သင်ယူရမည့် Diploma in Tourism & Hospitality Management
- Postgraduate Diploma in Tourism & Hospitality Management ဘာသာရပ်ကို စာတွေ့ (၆)လ၊ လက်တွေ့ (၆)လ သင်ယူခွင့်
- ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းခွင်သို့ ဝင်ရောက်ချင်သူများအတွက် အချိန်တိုတိုအတွင်း ကျွမ်းကျင်စေမည့် သင်ယူနိုင်မည့် အခွင့်အရေး
- Griffith University Australia ၏ Bachelor of International Tourism & Hospitality Management ဘွဲ့ကို ရယူနိုင်မည့်အခွင့်အလမ်းများ

NANYANG INSTITUTE OF MANAGEMENT 南洋現代管理學院

Date Jan 27 (Sat)
Time 10 Am - 12 Noon
Venue CROWN Edu: Center

Call us : 01 527 838, 09 44 55 66 701, 09 44 55 66 702

---

၂၀၁၈ – ခုနှစ်အတွက် "ဆရာစံ–ဇာတ်ဗိုဒ်"၏ ဟောပြောချက်များထဲမှ အကောင်းဆုံးစာအုပ် –

၂၀၁၈–ခုနှစ်
# စံ-ဇာတ်ဗိုဒ်
# ၁၂–ရာသီဟောကိန်း

City Mart, Ocean, City Express, Capital, Orange, Sein Gay Har ဆိုင်များတွင်လည်း ဝယ်ယူရရှိနိုင်ပါသည်။

ထွက်ပြီ

---

**မင်္ဂလာပါ**
အိမ်ပြောင်း၊အိမ်ရွှေ့ လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားများဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

---

**ရောင်ခြည်ထိပ်**
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
10',14',15' ကားများဖြင့်
လုပ်သားအပြည့်အစုံ မြို့တွင်း/နယ်ဝေး
ဝန်ဆောင်မှုပေးသည်။
Ph:09-450454771
09-450454772
09-450454773


---

### ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၈/ဒက္ခိဏသီရိအလယ်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၁၅၅၇)၊ ဧရိယာ(၀. ၁၄၆)ဧက ဦးအောင်မြတ်သူ(ဘ)ဦးအောင်မြ၁၄/ပေတ(နိုင်)၁၆၆၅၅၂အမည်ပေါက် နှစ်(၃၀)အငှားစာချုပ်မြေကွက်အား ဦးအောင်မြတ်သူ(ဘ)ဦးအောင်မြမှ မြေငှားစာချုပ်မိတ္တူ၊ ဒက္ခိဏခရိုင်တရားရုံး၏ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်ဆိုချက်၊ ဒက္ခိဏသီရိရပ်ကွက်/ ရဲစခန်းထောက်ခံချက်မှုရင်းများတင်ပြ၍ မြေငှားစာချုပ်မိတ္တူမှန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းအထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာပါသည့်နေ့မှစ၍ (၃၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

---


09 4200 35882
09 4200 35884

---

ရန်ကုန်မြို့တွင်ကျောင်းသားအများဆုံးရရှိနေသော၊အောင်ချက်ကောင်း၊စာသင်ကောင်း၊စည်းကမ်းကောင်းခြင်းတို့ကြောင့်ကြည့်မြင်တိုင်မြို့နယ်၊အင်းစိန်မြို့နယ်များတွင်အောင်ချက်အကောင်းဆုံးစာရင်းဝင်ခဲ့ပြီးဂုဏ်ထူးရှင်ပေါင်းများစွာမွေးထုတ်ပေးခဲ့သော...

ဆရာ **ဦးသန်းစိန်** ဓာတု/ရူပ နှင့် ဆရာမ **ဒေါ်ဇင်နီမြင့်** အင်္ဂလိပ်စာ [M.A (English), Dip in ELT(YU)]

ကိုယ်တိုင် အုပ်ချုပ်သင်ကြားသော

PRIVATE UTS HIGH SCHOOL U THAN SEIN

# UTS ကိုယ်ပိုင်အထက်တန်းကျောင်း
(သူငယ်တန်းမှတက္ကသိုလ်ဝင်တန်းအထိ)

Guide များ လျှောက်ထားနိုင်သည်။
ဘော်ဒါဝိုင်း။
ကျောင်း။
နှစ်သက်ရာ တက်ရောက် နိုင်သည်။

## ၂၀၁၈ – ၂၀၁၉ ပညာသင်နှစ်အတွက်ကြိုတင်လက်ခံပြီ။
လေ့လာပါ၊ စုံစမ်းပါ၊ ကြိုက်မှကျောင်းအပ်ပါ။

ဓာ၉၊၁၀တန်းများ (၁၀-၃-၂၀၁၈)ရက်နေ့စမည်။

အဆောင်နေကျောင်းသား/သူများ (၉-၃-၂၀၁၈)အဆောင်ဝင်ရမည်။

စာသင်ကျောင်းတည်နေရာ (၁) ဘုရင့်နောင်လမ်းမကြီး၊ ကွက်သစ်(၂)လမ်းထိပ်၊ ပေါက်တောဝ၊ အင်းစိန်မြို့နယ်။
စာသင်ကျောင်းတည်နေရာ (၂) (၇၄)၊ ဗိုလ်ဥတ္တမလမ်းထိပ်၊ ဘောဂရပ်ကွက်၊ ဗားဂရာမီးပွိုင့်အနီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်မြို့။

Phone: 095167915, 095595167915,09775167915,095190862,09263889212,09450014699,09420273846
Facebook Page - Saya U Than Sein Private High School

၂၉-၁-၂၀၁၈ ရက်နေ့တွင် ဆုပေးပွဲအခမ်းအနားနှင့် စုညီပွဲတော်ကို M.C.C ခန်းမတွင် နံနက်၉း၀၀နာရီမှ ညနေ ၅း၀၀နာရီအထိ အဆိုအကများဖြင့် စည်ကားစွာ ကျင်းပမည်ဖြစ်ပါသဖြင့် တက်ရောက်ခဲ့သော ကျောင်းသားဟောင်း၊ ကျောင်းသားသစ်များ အားလုံးကို ဖိတ်ကြားပါသည်။ ဆရာဦးသန်းစိန် ( UTS) ကိုယ်ပိုင်အထက်တန်းကျောင်းသို့ ဆက်သွယ်ပါ။

သာသနာနှစ် ၂၅၆၁

မင်းဓမ္မကုန်းတော်၊ လောကချမ်းသာ အဘယ လာဘမုနိ ရုပ်ပွားတော်မြတ်ကြီး(ကျောက်တော်ကြီးဘုရား)

# ၁၇-ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် ဓမ္မပူဇာသဘင်

ခရစ်နှစ် ၂၀၁၈ ခုနှစ်



**ဒေါက်တာအရှင်ဝိမလ**


သာသနဗဟုဓမ္မာစရိယ၊

ဝိနယဝိဒူ M.A(Pali),Ph.D

တရားဟောကြားမည့်နေ့

၂၇-၁-၂၀၁၈

(စနေနေ့)



**ဘဒ္ဒန္တရေဝတ**

**(သာသနာ့ပျိုးခင်း)**


သာသနတက္ကသိုလမဟာဓမ္မာစရိယ

M.A(Buddhism)

တရားဟောကြားမည့်နေ့

၂၈-၁-၂၀၁၈

(တနင်္ဂနွေနေ့)



**ဘဒ္ဒန္တမာလာစာရ**

(ဓမ္မာစရိယ)

ပြည်တွင်းပြည်ပသာသနာပြု

ပဓာနနာယက

တရားဟောကြားမည့်နေ့

၂၉-၁-၂၀၁၈

(တနင်္လာနေ့)

မင်းဓမ္မကုန်းတော် ဓမ္မရင်ပြင်တွင် ညစဉ်(၇း၀၀)နာရီအချိန် တရားအလှူ ပေးဝေခြင်းကို ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

---

ရတနာဟူသည် ရတနာတန်ဖိုးသိသူတို့၏ မြတ်နိုးရာဖြစ်သကဲ့သို့ ပညာရှင်ဟူသည် ပညာတန်ဖိုးသိသူတို့၏တိုင်ပင်ရာဖြစ်သည်။



*Professor Dr.* ဦးစံအောင်ဆောင် (ဒဂုံ)၏ တပည့်

**ဒေါက်တာကျော်လွင် Hony. Doctor of Palmistry (Ph-D)**

Ph - 09-450025482, 09-764525482

**"အနုစမာဓနာပြုစရာ မင်္ဂလာသတင်းလွှာ"**

ဒေါက်တာကျော်လွင် Hony. Doctor of Palmistry (Ph-D)

---

**ကန့်ကွက်နိုင်ကြောင်းကြော်ငြာ**

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၉/D၊ တောင်သူကုန်း၊ မြေကွက်အမှတ်-၂၄/က၊ ဧရိယာ(၀. ၇၂)ဧက၏ တစ်စိတ်တစ်ဒေသ၊ မြေကွက်တည်နေရာအမှတ်-၂၇၊ အမက(၄၉) ကျောင်းလမ်း၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ (ဦးကိုကိုနိုင်[၁၂/အစန(နိုင်)၀၄၆၄၈၆]) အမည်ပေါက် မြေပိုင်မြေ ၃(ခ)ထုတ်ပေးမြေအား မေတ္တာဖြင့် အပိုင်ပေးစာချုပ်အမှတ်-၅၂၆/၀၅(၁၅-၂-၂၀၀၅)ဖြင့် ပေ(၄၄×၆၀)အား ပိုင်ဆိုင်လာသူ ဦးကျော်မင်း[၁၂/အစန(နိုင်)၁၃၉၄၉၄] ကွယ်လွန်သဖြင့် ၎င်း၏ဇနီးတော်စပ်သူ ဒေါ်ဝင်းဝင်းမော်(ခ)ဒေါ်ဝင်းဝင်းကြည်[၁၂/အစန(နိုင်)၀၄၄၁၇၀]မှ တရားဝင်ဇနီးတော်စပ်ကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန်လွှာ၊ သေစာရင်း၊ အပိုင်ပေးစာချုပ်တို့ တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**

**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---



သင် ဘာပဲ ဖြစ်ဖြစ်...

**ပန်းလှိုင်ဆေးခန်း**

(ပိုလ်ချုပ်အောင်ဆန်းလမ်း)

01 8245 483

PUN HLAING + SILOAM HOSPITALS

အရေးပေါ်လူနာနှင့် နှလုံးအောင့်ခြင်းဝေဒနာများအတွက် (၂၄) နာရီ (၇) ရက် ဝန်ဆောင်မှု

EMERGENCY 24/7 Services 01 25 06 77

---

ပထမဦးဆုံးမြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည်

Since 2001

**နေရာတိုင်းဆောင်ထား**

- အရောက်ပို့
- တပ်ဆင်
- ရှင်းပြ

Rain Flower

ကြည့်မြင်တိုင်
ဖုန်း -၀၉-၇၃၁၀၀၈၉၀
-၀၉-၇၃၁၀၀၈၉၀
-၀၉-၄၅၀၇၃၀၀၀၅
-၀၉-၄၅၀၇၃၀၀၀၆

မြောက်ဥက္ကလာပ
ဖုန်း -၀၉-၇၃၀၅၄၆၇၀
-၀၉-၄၅၀၇၃၀၀၀၈

စ-မိုင်၊ ပြည်လမ်း
ဖုန်း -၀၉-၄၃၀၄၉၃၅၆

ပေါက်တောတ၊ အင်းစိန်
ဖုန်း -၀၁-၆၄၃၇၅၈
-၀၉-၇၃၀၂၆၀၅၇
-၀၉-၃၁၄၇၁၆၅၄
-၀၉-၄၅၀၇၃၀၀၀၂

နေပြည်တော်
ဖုန်း -၀၉-၄၉၂၀၈၈၀
-၀၉-၃၀၁၃၆၂၆၁

မန္တလေး
ဖုန်း -၀၉-၄၂၀၈၈၄၂၂
-၀၉-၆၅၀၀၄၁၃



5 Year Warranty

---

ဓာတုဗေဒ ဂုဏ်ထူး ရည်မှန်းသူများ အတွက်

အခြေခံ ပိုင်၍ သင်နိုင်စေသည်

ဆရာ နွေ

ဓာတုဗေဒ

ဓမဓ (ဘာသာရပ်)

နှစ်တိုင်းပေါက် "ပိုင်း" တန်းခွဲများလည်း လက်ခံနေပြီ

H- 2 မေဓာလမ်း၊ မေဓာအိမ်ရာ၊ သာယံကျွန်းမြို့နယ်၊ ရန်ကုန်

**CHEMISTRY**

**ဆွေ (မတ်၊ ချို၊ ပေ)**

**ဓာတုဗေဒ သီးသန့်သင်တန်း**

**စတင် လက်ခံနေပါပြီ**

---

**ဒေါ်ခင်ထက်ထက်အောင် (၁၂/ရကန(နိုင်) ၀၇၅၁၀၈)နှင့်**

**အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၈)ရပ်ကွက်၊ မန္တလေးလမ်း၊ အမှတ်(၅၉၄)နေ ဦးသက်ထွန်းဦး (၉/ပဘန(နိုင်) ၀၆၄၉၄၄)၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်သည်မှာ - လူကြီးမင်းတာကျွန်ုပ်၏ မိတ်ဆွေထံ (၆. ၆. ၂၀၁၇) ရက်နေ့တွင် တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၅)၊ ဗိုလ်မင်းခေါင်လမ်း အမှတ်(၂၉၉/၁၇) မြေကွက်နှင့်မြေကွက်ပေါ်ရှိ (၂)ထပ်တိုက်တို့အား ရောင်းချခဲ့ပြီးဖြစ်ရာ အဆိုပါအရောင်းအဝယ်စာချုပ်အား ကျွန်ုပ်၏မိတ်ဆွေက မှတ်ပုံတင်ပြုလုပ်ရန်လိုအပ်ပါသဖြင့် ဤကြော်ငြာပါသည့်နေ့မှ (၁၅)ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ပေးရန်၊ ပျက်ကွက်ပါက ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးသက်ထွန်းဦး၏ လွှဲအပ်ညွှန်ကြားချက်အရ

| | | |
|---|---|---|
| ဒေါ်နီနီလွင် (LL.B) | ဒေါ်စံရွှေဦး (LL.B) | ဦးမြင့်ဇော် (LL.B) |
| အထက်တန်းရှေ့နေ (စဉ်-၄၃၁၈၀) | အထက်တန်းရှေ့နေ (စဉ်-၄၂၅၆၀) | တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၅၇၈) |

အမှတ်(၁၀၁၂)၊ ရွှေပါတွန်းလမ်း၊ (၄၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊
ဖုန်း - ၀၉ - ၈၆၂၄၃၈၀၀၊ ၀၉ - ၇၆၇၄၅၅၅၇၀၉

Reg: 219/99

## "ရွှေဝယ်သင့်တဲ့ အချိန်ကောင်း"

၂၀၁၈ ခုနှစ်တွင် **အောင်သမာဓိ** မှ ရွှေဝယ်ယူသူ မိဘပြည်သူများအတွက် မြန်မာနိုင်ငံမှာ ပထမဦးဆုံး ရွှေတစ်ပိဿာကံစမ်းမဲကြီး စတင်ပေးနေပြီနော်။ အောင်သမာဓိရွှေဆိုင်တိုင်းတွင် ဝယ်ယူအားပေးသော ရွှေချစ်သူများအတွက်

# ရွှေတစ်ပိဿာ နှင့် စိန်လက်စွပ်အကွင်း (၆၀)

ကံစမ်းမဲကာလကတော့ (၁.၁.၂၀၁၈) မှ (၆.၁၀.၂၀၁၈) အထိ ဖြစ်ပါတယ်။ ရန်ကုန်မြို့ နှင့် မန္တလေးမြို့ရှိ အောင်သမာဓိ ရွှေဆိုင်တိုင်းတွင် အမြန်ဆုံးလာရောက် ဝယ်ယူအားပေးကြပါရန် ဖိတ်ခေါ်အပ်ပါတယ်နော်။

ဆိုင်(၁) စ၉လမ်း၊ ၂၀ × ၂၁ကြား၊ မန္တလေးမြို့ ၀၂-၄၀၇၁၇၄၄၊ ၄၀၃၃၅၇၃၀၊
ဆိုင်(၃) အမှတ်(၅၅)၊ ၂၉လမ်း(အောက်ဘလောက်)၊ ရန်ကုန်မြို့ ၀၁-၃၈၉၉၂၂၊ ၀၁-၃၇၄၄၈၈
ဆိုင်(၅) အမှတ်(၈၀)၊ ရွှေဘုံသာလမ်း (အောက်ဘလောက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့ ၀၁-၃၇၅၈၃၃
အလုပ်ရုံ - ၁၄လမ်း၊ ၈၇ × ၈၈လမ်းကြား၊ မန္တလေးမြို့ ၀၂-၄၀၇၅၅၅၆၊
ဆိုင်(၂) အမှတ်(၁၁၅)၊ ၈၄လမ်း၊ ၂၉ × ၃၀လမ်းကြား၊ မန္တလေးမြို့ ၀၂-၄၀၆၆၇၈၅
ဆိုင်(၄) အမှတ်(၁၁၇)၊ ၈၄လမ်း၊ ၃၀ × ၃၁လမ်းကြား၊ မန္တလေးမြို့ ၀၂-၄၀၃၀၁၄၂
ဆိုင်(၆) ၂၂လမ်း၊ ၈၈ × ၈၉လမ်းကြား၊ မန္တလေးမြို့ ၀၉-၉၁၀၀၇၅၃၅

ရန်ကုန်မြို့ မြောက်ဥက္ကလာပမြို့နယ် (၁)ရပ်ကွက် သမိန်(၁၃)လမ်း ... (၄-ဆခ)ကန်ဆန့်ကျင်ကြောင်း ... အထွေထွေလူထုအား ... အကြောင်းကြားခြင်း

... လွှဲအပ်စာချုပ်အရ

ဦးသန့်ဇင် (LL-B)
အထက်တန်းရှေ့နေ(စဉ်-၂၇၈၆)
Ph-09 253995848 , 09-798420119

ဒေါ်ဟန်နွေနိုင် (LL-B)
အထက်တန်းရှေ့နေ(စဉ်-၂၇၅၃)
Ph-09-4200 73685

အမှတ်(၅၀) ပ-ထပ် အခန်း(D-2)၊ ဘားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

တိုင်းရင်းဆေးသုတေသီများ၊ အရိုးကျိုးပေါင်းရောဂါရှင်များနှင့် တိုင်းရင်းဆေးလောကအတွက် လိုအပ်လျက်ရှိသော ကွက်လပ်ကို ဖြည့်ဆည်းပေးလိုက်သည့်

ဆရာမြင့် (ကြော့မင်း)၏

မြန်မာ့တိုင်းရင်းဆေးပညာနှင့် အရိုးကျိုးပေါင်းရောဂါ ကုထုံးလမ်းညွှန်ကျမ်း

ထွက်ပြီ

ဖြန့်ချိရေး - မြင့်မြတ်မြန်မာစာပေ၊ ဖုန်း - ၀၉ ၅၁၉၂၁၇၇၊ ၀၉ ၄၃၀ ၈၃၄၇၇၊

SAMSUNG

# New Year Top up Promotion

ဇန်နဝါရီလ (၆) ရက်နေ့မှ ဇန်နဝါရီလ(၃၁) ရက်နေ့ အထိ

On 7
ဝယ်ယူသူတိုင်းအတွက်
*10,000KS
ဖုန်းဘေလ်နှင့်
**1GB DATA
လက်ဆောင်

J2 Prime
ဝယ်ယူသူတိုင်းအတွက်
*10,000KS
ဖုန်းဘေလ်နှင့်
**1GB DATA
လက်ဆောင်

J3 Pro
ဝယ်ယူသူတိုင်းအတွက်
*15,000KS
ဖုန်းဘေလ်နှင့်
**1.5GB DATA
လက်ဆောင်

J7 Core
ဝယ်ယူသူတိုင်းအတွက်
*15,000KS
ဖုန်းဘေလ်နှင့်
**1.5GB DATA
လက်ဆောင်

J5 Pro
ဝယ်ယူသူတိုင်းအတွက်
*20,000KS
ဖုန်းဘေလ်နှင့်
**2GB DATA
လက်ဆောင်

J7 Prime
ဝယ်ယူသူတိုင်းအတွက်
*20,000KS
ဖုန်းဘေလ်နှင့်
**2GB DATA
လက်ဆောင်

J7 Pro
ဝယ်ယူသူတိုင်းအတွက်
*20,000KS
ဖုန်းဘေလ်နှင့်
**2GB DATA
လက်ဆောင်

ယခုပရိုမိုးရှင်းအား ရယူရန် ဝယ်ယူသူ၏ အမည်၊ နေရပ်လိပ်စာ၊ ဘေလ်ထည့်ပေးရမည့် ဖုန်းနံပါတ်နှင့် IMEI နံပါတ်ပါဝင်သော ဘောင်ချာကို ဆိုင်ရှင် (သို့) ဝယ်ယူထားသော Customer မှ 09424188884 သို့ Viber ဖြင့်ပို့ပေးရန် လိုအပ်ပါသည်။

* ဖုန်းဘေလ်လက်ဆောင်အား မည်သည့် Sim card အမျိုးအစားကိုမဆို ဝယ်ယူရာတွင်၊ ** Internet Data လက်ဆောင်မှာ ooredoo၊ telenor သုံးစွဲသူများအတွက်သာ ဖြစ်ပါသည်။

samsung myanmar | samsungmyanmar | samsung.com/mm | samsungmembers

Call Center 01 2399 888 (Mon-Sun) 7AM to 11PM













## အမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ထိယာလိအပိုင် ရှော်ချောင်းကျေးရွာနေ ဦးကျော်မြင့်-ဒေါ်စောဝင်း တို့၏ သားကြီး မောင်အာကာကျော်(ခ)အာကာ [၁၄/ဘကလ(နိုင်)၂၈၅၁၁၄]သည် မိဘဆိုဆုံးမခြင်းကိုမနာခံဘဲ စိတ်ဆင်းရဲအောင်ပြုလုပ်ခဲ့ပါသဖြင့် မိဘတို့က သားအဖြစ်မှ အပြီးအပိုင်အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်ပေးမည်မဟုတ်ကြောင်း လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။(စုံစမ်းမေးမြန်းနိုင်ပါသည်။)

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နွယ်နီအေး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၃၃၉)**
**အမှတ်(၃/၁၀၄) ဂန္ဓမာလမ်း၊ ဝေဘာဂီမြို့သစ်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း ၀၉-၂၅၂၂၁၀၈၀၇**

## တောတောင်ခြောက်ခန်း လယ်ယာနွမ်း၏

## ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ပုသိမ်မြေ(၄)လမ်း၊ အမှတ် ၁၁၉၊ သုံးထပ်ခွဲ(၅)ထပ်တိုက်၏ မြေညီထပ်ခေါင်းရင်းခန်းရှိ တိုက်ခန်းတစ်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဒေါ်မြင့်မြင့်ရီ၊ ဒေါ်လှဲ့လှဲ့ရီ၊ ဒေါ်ခင်မေကြည်၊ ဒေါ်ထွေးထွေးရီတို့မှ ပိုင်ဆိုင်ထားပြီး ၎င်းတို့ထံမှ ကျွန်မဒေါ်လှဲ့လှဲ့ဝင်းမှ ဝယ်ယူရန် စရန်ငွေပေးချေထားပါသည်။ အကျိုးသက်ဆိုင်ခွင့်ရှိသူများသည် ခုနစ်ရက်အတွင်း အထောက်အထားခိုင်လုံစွာဖြင့် ကျွန်မဒေါ်လှဲ့လှဲ့ဝင်းထံသို့ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ကန့်ကွက်လွှာကို လက်ခံမည် မဟုတ်ပါ။ အရောင်းအဝယ်ကို ဆက်လက်ပြီး အပြီးတိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဒေါ်လှဲ့လှဲ့ဝင်း [၁၂/မဂတ(နိုင်)၀၆၈၉၂၆]**
**အမှတ် ၁၈၂/၂၀၂၊ အခန်းအမှတ်(၁)၊ အမှတ်(၂)ရပ်ကွက်**
**၃၄ လမ်း၊ ၊ ကျောက်တံတားမြို့နယ်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း


ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ သောက်တော်တွင်းရပ်ကွက်၊ ဦးအောင်ဘလမ်း၊ အမှတ်(၅၇)တွင် တည်ရှိသည့် အညာစု၊ ဦးပိုင်အမှတ်(၇၉/ခ)၊ ဦးထွန်းထွန်းဦး အမည်ပေါက်ပြေစာရှိ ဧရိယာ(၀. ၀၅၃)ဧက၊ အရှေ့(၃၀)ပေ၊ အနောက် (၄၀ပေ×၇၀ပေ)ရှိ မြေကွက်နှင့် မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့အား ဦးထွန်းထွန်းဦး၏ဇနီး ဒေါ်မာမာထွေးထံမှ ကျွန်ုပ်မိတ်ဆွေ ဒေါ်စိုးစိုးမြတ် [၁၀/မလမ(နိုင်) ၀၉၇၈၆၂] မှအပြီးအပိုင် ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးထွန်းလှ(LL.B)** | **ဒေါ်သီရိဦး(LL.B)(LL.M)** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၉၃၁၄)** | **တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၂၃၀)** |

**(၉)၊ မဂ္ဂင်လမ်း၊ ပဲခူးစုရပ်ကွက်၊ သန်လျင်မြို့။ ဖုန်း ၀၉-၄၂၁၀၁၉၇၈၆**

ရာနှုန်းပြည့်တည်ဆောက်ပြီးစီးသည့်အပြင် လူနေထိုင်ခွင့် (BCC) ကျပြီးဖြစ်၍ အဆင်သင့်တက်ရောက်နေထိုင်နိုင်ပါပြီ



ပေးချေရသည့်
ငွေတန်ဖိုးထက်မက
ပိုမိုထိုက်တန်စွာ ရရှိနိုင်မည့်
အထူးအခွင့်အရေး

တစ်ပေပတ်လည်လျှင်
၉၀၀၀၀/- နှုန်း
မှစတင်၍..
ရောင်းချပေးနေပါပြီ

# စွယ်တော်စီးတီး အိမ်ရာ

မင်္ဂလာဒုံမြို့နယ်




■ ရန်ကုန်မြို့တော်၏ မြောက်ဖက် အဝိကာဝင်ပေါက်၊ အမှတ်(၃)လမ်းမကြီးအနီး၊ အောင်မင်္ဂလာ အဝေးပြေး ကားဂိတ်၊ သိရိရတနာလက်လီ လက္ကားဈေး၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တို့နှင့် အနီးဆုံးနေရာဖြစ်ပြီး မင်္ဂလာဒုံစက်မှုဇုန်၊ Royal Mingalardon Golf Resort တို့ တည်ရှိသော မင်္ဂလာဒုံဥယျာဉ်မြို့တော်၏ အလယ် မြေဧက(၃၀)ပေါ်တွင် တည်ဆောက်ထားပြီး တိုက်ခန်းပိုင်ရှင်များ အနေဖြင့်အချိန်ကျ မြေပိုင်ဆိုင်မှု ရှိမည့် စီးပွားရေးအရ အချက်အခြာကျသည့်နေရာရှိ အဆင့်မြင့်ဇုပေါင်းအိမ်ရာ ဖြစ်ပါသည်။

■ Thai နိုင်ငံ G4 Architects မှ ရေးဆွဲသောဗိသုကာဒီဇိုင်း၊ Pile-Foundation၊ ခေတ်မီ Post-Tensioned စနစ်ဖြင့် 10" Concrete Slab၊ ငလျင်ဒဏ်ခံနိုင်သည့် Shear wall များ ထည့်သွင်း ဆောက်လုပ်ထားသည့် (၈)ထပ် အဆင့်မြင့်ကွန်ဒိုမီနီယံဖြစ်ပြီး အဆောက်အဦတိုင်းတွင် 2500 sq-ft ခန့် ကျယ်ဝန်းသော Lobby ပါရှိသည့်အပြင် Schindler အမျိုးအစား ဓာတ်လှေကား (၄)စီး၊ Security System, CCTV, Fire Protection & Fire Alarm System, Back up Generator System များပါဝင်ပြီး အိမ်ရာဝင်း တစ်ခုလုံး အတွင်း Underground Cable များကိုသာ အသုံးပြုထားပါသည်။







■ ရေကူးကန်၊ စားသောက်ဆိုင်၊
Fitness Center, SPA,
Convenience Store,
လူဦးရေ(၃၀၀)ခန့် စုဝေးနိုင်သည့်
မြက်ခင်းပြင်ကျယ်နှင့် ခန်းမများ ပါဝင်သော
Clubhouse တစ်ခု ထည့်သွင်း
တည်ဆောက် ထားပါသည်။

■ (၃)ဧကခန့် အကျယ်အဝန်းရှိ သဘာဝရေကန်ပတ်လည်တွင် လမ်းလျှောက်လေ့ကျင့်ခန်းနှင့် စက်ဘီးစီးခြင်းများ ပြုလုပ်နိုင်သည့် လမ်းများနှင့် အဆောက်အဦး ပတ်လည်တွင် သာယာလှပသော ပန်းခြံ ဥယျာဉ်၊ ကလေးကစားကွင်းများ အပါအဝင် ယာဉ်ရပ်နားရန် Car Parking နေရာများ အလုံအလောက် ပါဝင်ပါသည်။

အထူးအစီအစဉ်အနေဖြင့် AYA BANK, MOB BANK နှင့် ချိတ်ဆက်၍ (၅)နှစ်မှ (၁၀)နှစ်အထိ အရစ်ကျ ငွေပေးချေမှုစနစ်ဖြင့် ဝယ်ယူနိုင်ရန် အတွက်လည်း စီစဉ်ဆောင်ရွက်ထားပါသည်။

DEVELOPER-

GRAND STYLE CO.,LTD.
အမှတ်(၂၄၅)၊ ဗားကရာလမ်း (ဂမုန်းပွင့် မြေနီကုန်း)၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

TEL : 09 799-332211, 09 797-221133
09 799-221133

# (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေး ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြား



(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေ အမှာစကား ပြောကြားစဉ်။

**နေပြည်တော် ဇန်နဝါရီ ၁၉**

(၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေးဗဟိုကော်မတီ ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံး ရုံးအမှတ်(၁၈) အစည်းအဝေးခန်းမ၌ ကျင်းပရာ ၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေ တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးမြင့်ဆွေက အမှာစကားပြောကြားရာ၌ ယနေ့အစည်းအဝေးသည် ၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားကို အောင်မြင်စွာ ကျင်းပနိုင်ရန် ပြုလုပ်သည့် ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေးဖြစ်ပါကြောင်း။

ပြည်ထောင်စုနေ့အခမ်းအနားကို အမျိုးသားရေး ဦးတည်ချက်(၄)ရပ်နှင့်အညီ နိုင်ငံရေးအနှစ်သာရရှိစွာဖြင့် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ၂၀၁၈ခုနှစ် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီကို ဥက္ကဋ္ဌအဖြစ် ဒုတိယသမ္မတ(၁)ဦးဆောင်ပြီး အဖွဲ့ဝင် ၁၃ ဦးဖြင့်လည်းကောင်း၊ စီမံခန့်ခွဲမှုကော်မတီကို ဥက္ကဋ္ဌအဖြစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးဆောင်၍ အဖွဲ့ဝင် ၁၇ ဦးဖြင့်လည်းကောင်း ဖွဲ့စည်းခဲ့သည့်အပြင် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ဆပ်ကော်မတီ ၁၄ ခုကိုလည်း ဖွဲ့စည်းခဲ့ပြီးဖြစ်ပါကြောင်း။

၂၀၁၈ ခုနှစ် (၇၁)နှစ်မြောက် ပြည်ထောင်စုနေ့၏ အမျိုးသားရေး ဦးတည်ချက်(၄)ရပ်မှာ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

## တိုက်စစ်မှူး ခရစ္စတိုဖာ၏ ဟက်ထရစ်ဖြင့် ရှမ်းယူနိုက်တက်နိုင်

**ရန်ကုန် ဇန်နဝါရီ ၁၉**

၂၀၁၈ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၂) ပထမနေ့ကို ယနေ့ ညနေပိုင်းက သုဝဏ္ဏကွင်း၌ ကျင်းပရာ ရှမ်းယူနိုက်တက်အသင်း နိုင်ပွဲစရခဲ့သည်။

ရှမ်းယူနိုက်တက် - သုံးဂိုး

မကွေး - နှစ်ဂိုး

ရှမ်းယူနိုက်တက်အသင်းသည် တိုက်စစ်မှူး ခရစ္စတိုဖာ၏ ဟက်ထရစ်ဖြင့် ပထမဆုံးနိုင်ပွဲရယူနိုင်ခဲ့သည်။ ပြည်တွင်းကစားသမားများဖြင့် ဖွဲ့စည်းထားသည့် မကွေးအသင်း၏ ရုန်းကန်မှုကြောင့် ရှမ်းယူနိုက်တက်အသင်း ခက်ခက်ခဲခဲကစားခဲ့ရပြီး ပွဲပြီးခါနီးဂိုးဖြင့် အမှတ်ပြည့်ရခဲ့ခြင်းဖြစ်သည်။

ရှမ်းယူနိုက်တက်အသင်းသည် ဘယ်နောက်ခံလူ ဟိန်းသီဟဇော်ကို အနားပေးထားပြီး သီဟစည်သူ၊ ရန်နိုင်ဦး၊ ဝင်းမင်းထွဋ်၊ ဝီလျံတို့ အပါအဝင် နိုင်ငံခြားသား တိုက်စစ်မှူးများဖြစ်သည့် ပက်ထရစ်နှင့် ခရစ္စတိုဖာကို တစ်ပြိုင်နက်အသုံးပြုခဲ့သည်။ မကွေးအသင်းမှာမူ မြဝတီအသင်းနှင့် သရေကျခဲ့သည့် ပွဲထွက်လူစာရင်းအတိုင်း ပွဲထွက်ခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းကို ရင်ဆိုင်ခဲ့သည်။

မဖြစ်မနေ နိုင်ပွဲလိုအပ်နေသည့် ရှမ်းယူနိုက်တက်အသင်းသည် ပွဲစကတည်းက ဖိကစားခဲ့သော်လည်း ဖိအားများနေ၍ ပုံစံကောင်းမပြနိုင်ဘဲ ပထမပိုင်း ၁၄ မိနစ်တွင် ဂိုးစပေးခဲ့ရသည်။ နောက်ခံလူဝီလျံအမှားမှ မကွေးတိုက်စစ်မှူး အောင်မြင့်ထွန်းရသွားပြီး မကွေးအတွက် ဦးဆောင်ဂိုးသွင်းခဲ့ခြင်းဖြစ်သည်။ ဂိုးပေးလိုက်ရ၍ ရှမ်းယူနိုက်တက်အသင်း ပိုမိုရုန်းကန်ခဲ့ရပြီး ၃၃ မိနစ်တွင် ပင်နယ်တီရခဲ့၍ ကံကောင်းခဲ့ရသည်။ ယင်းပင်နယ်တီကို ခရစ္စတိုဖာ ကန်သွင်းခဲ့၍ ရှမ်းယူနိုက်တက်အသင်း ချေပဂိုးရကာ ပထမပိုင်းတွင် တစ်ဂိုးစီသရေကျနေသည်။

**စာမျက်နှာ ၃ ကော်လံ ၅ သို့** ❍



**ရှမ်းယူနိုက်တက်အသင်း မကွေးဘက်သို့ တိုက်စစ်ဆင်နေစဉ်။**

GRAND HANTHA INTERNATIONAL HOSPITAL

အမေရိကန်နိုင်ငံနှင့် နိုင်ငံတကာမှ MMPGA အဖွဲ့ဝင် အထူးကုသမားတော်ကြီးများသည်
ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီးတွင် တစ်နှစ်ပတ်လုံး စဉ်ဆက်မပြတ်
အလှည့်ကျ လာရောက်ကုသ ဆွေးနွေးပေးသွားမည်ဖြစ်ပါသည်။

MMPGA

အရိုး၊ အကြော၊ အဆစ်ဆေးပညာ
အထူးကုသမားတော်ကြီး
ဒေါက်တာမြင့်မြတ်သွေး
MBBS, MD,
Internal Medicine/Rheumatology
Florida, USA
၁၇.၁.၂၀၁၈ မှ ၃၁.၁.၂၀၁၈ ထိ

အထွေထွေရောဂါ
အထူးကုသမားတော်ကြီး
ဒေါက်တာဝင်းမြင့်အောင်
MBBS,MD, DM, MBA, FRCP, Assistant Professor of Medicine
Internal Medicine, Hospice and Palliative Care
University of Florida, Jacksonville, USA
၁၅.၁.၂၀၁၈ မှ ၂၈.၁.၂၀၁၈ ထိ

အထွေထွေရောဂါ
အထူးကုသမားတော်ကြီး
ဒေါက်တာတင့်ဝေ
MBBS, MD, FAAFP
Family Medicine,
California, USA
၂၇.၁.၂၀၁၈ မှ ၉.၂.၂၀၁၈ ထိ

တနင်္လာနေ့မှ သောကြာနေ့တိုင်း နံနက် (၉)နာရီမှ ညနေ(၅)နာရီအထိလူနာများကို လက်ခံကြည့်ရှု ဆွေးနွေးမှုများ ပြုလုပ်ပေးသွားပါမည်။

အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၅၂၃၀၀၀၊ ၀၁ ၅၂၃၁၁၁၊ ၀၁ ၅၂၃၂၂၂



ဓာတ်ပုံ - အင်တာနက်

# အင်းလေးနှင့် အင်းသားလူမျိုး


● မာန်သစ်ငြိမ်း(ရှေးဟောင်းသုတေသန)


အင်းလေးဟုဆိုလျှင် မြန်မာပြည်သူလူထု အကုန်နီးပါး သိရှိကြပေလိမ့်မည်။ အင်းလေးဒေသ ညောင်ရွှေမြို့သို့ စာရေးသူ တစ်နှစ်တစ်ခေါက် ပုံမှန်ရောက်နေကျဖြစ်သည်။ ညောင်ရွှေမြို့ရောက်သည့်အချိန်တိုင်း အင်းလေးကန်နှင့် အင်းသားလူမျိုးတို့အကြောင်းကို လေ့လာစူးစမ်းမိပေသည်။ အင်းလေးဒေသတွင် ရှေးမြို့ဟောင်းနေရာများ၊ လက်မှုလုပ်ငန်းများ၊ စိုက်ပျိုးရေးလုပ်ငန်းများ ပေါများကြွယ်ဝစွာရှိနေသော ဒေသဖြစ်ပေသည်။

ညောင်ရွှေမြို့နယ်ရှိ အင်းလေးသည် ကချင်ပြည်နယ် မြစ်ကြီးနားခရိုင်ရှိ အင်းတော်ကြီးမှလွဲလျှင် မြန်မာနိုင်ငံ၌ ဒုတိယအကြီးဆုံးသော သဘာဝအင်းအိုင်ကြီးဖြစ်သည်။ အကျယ်အဝန်းတွင် ဒုတိယဖြစ်သော်လည်း အင်းတော်ကြီးထက် ပို၍ထင်ရှားကျော်ကြားပြီးလျှင် ပို၍အရေးပါအရာရောက်ပေသည်။ တောင်နှင့်မြောက် တန်းလျက်ရှိသော တောင်တန်းကြီးနှစ်ခုအကြား ခွက်ဝင်နေသော ညောင်ရွှေချိုင့်ဝှမ်းကြီး၏အလယ်အနက်ရှိုင်းဆုံးသောအပိုင်း၌ တည်ရှိသော်လည်း အင်းလေးတည်ရှိရာအရပ်သည် ပင်လယ်ရေပြင်မှ ပေ ၂၉၀၀ ကျော်မြင့်သည်။

တောင်ပေါ် အင်းအိုင်ကြီးတစ်ခုဖြစ်သော အင်းလေးသည် အရှေ့ဘက်နှင့် အနောက်ဘက်တို့တွင် တောင်ရိုးတောင်တန်းများ ဝန်းရံလျက် ကြည်လင်ပြာလဲ့သော ရေပြင်ကျယ်ကြီးတို့ဖြင့် အလွန်သာယာ ရှုမောဖွယ်ကောင်းသောကြောင့် ဒေသန္တရခရီးသည် ပြည်တွင်း၊ ပြည်ပ ဧည့်သည်များ သွားလာလေ့လာမှု ပြုကြရာအဖြစ် မြန်မာနိုင်ငံတွင်သာမက ကမ္ဘာ၌လည်း ကျော်ကြားလျက်ရှိနေသည်။

အင်းလေးသည် တောင်နှင့်မြောက် အလျား ကိုးမိုင်ခန့်ရှိ၍ အကျယ်ဆုံးနေရာ၌ အရှေ့နှင့်အနောက် သုံးမိုင်ခွဲခန့်ရှိမည်ဟု ခန့်မှန်းရသည်။ နွေရာသီ၊ မိုးရာသီကိုလိုက်၍ ရေပြင်၏အကျယ်အဝန်းသည် အလျော့၊ အတိုးရှိသဖြင့် အင်းလေးရေပြင်၏ အကျယ်အဝန်းကို အတိအကျ မပြောနိုင်ပေ။ သို့သော် ပျမ်းမျှအားဖြင့် လက်ရှိ ရေပြင်အကျယ်အဝန်းသည် ၂၅ ဒသမ ၈ စတုရန်းမိုင်ရှိ၍ ဘေးပတ်လည် ကမ်းစပ်ရှိ ညွန်ပျောင်းမြေများကိုပါ ထည့်သွင်းလျှင်မူ ၇၅ ဒသမ ၄ စတုရန်းမိုင်ရှိသဖြင့် အင်းတော်ကြီး၏ ရေပြင်အကျယ်အဝန်း ၄၄ ဒသမ ၉ စတုရန်းမိုင်ထက်ပင် ကျယ်ဝန်းသည်ဟု ဆိုနိုင်သည်။

အင်းလေးသည် ရေတိမ်အင်းဖြစ်ရာ ယင်းကို အချို့က အင်းတိမ်ဟုလည်း ခေါ်ကြပေသည်။ ရေအနက်ဆုံးအပိုင်းတွင် ပေ ၃၀ ထက် မပိုပေ။ တောင်ဘက်ပိုင်းတွင် လေးပေ၊ ငါးပေခန့်ပင် မနက်ကြောင်း တွေ့ရသည်။ သို့သော် ရေတိမ်အနက်သည်လည်း ရာသီဥတု အချိန်အခါကိုလိုက်၍ အတိုး၊ အလျော့ ရှိလေသည်။ နွေရာသီတွင် ရေအနက်သည် ပျမ်းမျှ ခုနစ်ပေသာဖြစ်၍ အနက်ဆုံး ၁၂ ပေဖြစ်ကာ မိုးရာသီအခါတွင်မူ ပေ ၂၀ အထိပင် ရေနက်သည်။ အင်းလေးအတွင်းသို့ အရှေ့ဘက်၊ အနောက်ဘက်နှင့် မြောက်ဘက်တို့မှ မြစ်ချောင်းများ စီးဝင်သည်။ နမ့်လက်ချောင်းသည် ညောင်ရွှေရေဆင်းဒေသကို ဖြတ်သန်းလာသော ဟိုနန်ချောင်းနှင့်ပေါင်းလျက် ညောင်ရွှေမြို့အနီးတွင် မြေနုကျွန်းပေါ်ကို ဖြစ်စေပြီးလျှင် အင်းလေးအတွင်းသို့ မြောက်ဘက်မှ စီးဝင်သည်။ ထိုမြေနုကျွန်းပေါ်သည် ရေပြင်ထဲသို့ တစ်စတစ်စ ကျယ်ပြန့်ထိုးထွက်လာလျက်ရှိလေသည်။


အထူးကဏ္ဍ [ ခ ] သို့ »»


# ရှေ့ကျင်ငါးချဉ်နှင့် "အဟမ်း" ဟင်း



ရှေ့ကျင်မြို့ကထွက်တဲ့ ငါးချဉ်က မန္တလေးထိုးမုန့်၊ ပုသိမ်ဟာလဝါတို့လိုပဲ နာမည်ကြီးတဲ့ဒေသအစားအစာပါ။ ရှေ့ကျင်ငါးချဉ်ဆိုတာက ရှေ့ကျင်ချောင်းထဲကရတဲ့ ငါးလူး၊ ငါးသိုင်းငါးလေးတွေကို ရေမိုးသန့်စင်ခုတ်စဉ်းပြီး ဆားအနေတော်ထည့်ကာ ထမင်းမာမာနဲ့သိပ်ထားတဲ့ ခေါက်ဆွဲ... ဓားလှီးအသားချဉ်ပါ။ ပဲခူးသနပ်ပင်ဘက်ကထွက်တဲ့ ငါးချဉ်ကတော့ ငါးတောင်စင်း၊ ငါးခုံးမ စတဲ့ ငါးအသေးလေးတွေကို အကောင်လိုက်သိပ်တဲ့ ငါးလေးချဉ်ပေ့ါ။

ရှေ့ကျင်သူ ရှေ့ကျင်သားများဟာ ဘယ်နေရာ ဘယ်ဒေသရောက်ရောက် သူတို့ရဲ့ဒေသထွက် ရှေ့ကျင်ငါးချဉ်ကို မေ့မသွားကြပါဘူး။ ရှေ့ကျင်မှာဆိုရင် တရုတ်တန်းတစ်ရပ်လုံး ငါးချဉ်လုပ်ကြတာပါ။ အဲသည် ရပ်ကွက်ဘက်သွားရင် ငါးချဉ်ငါးစဉ်းတဲ့ တတောက်တောက်အသံတွေ ညံနေတာပါပဲ။ အဲသည်ခေတ်အခါက ဒေါ်ပိန်သေး ငါးချဉ်က နာမည်ကြီးပါ။ ငါးချဉ်ဝယ်ရင် ဓားနဲ့အတုံးငယ်ကလေးတွေလှီးပြီး အမြည်းပေးတတ်ပါတယ်။ ငါးချဉ်သုပ်တော့မယ်ဆိုရင် ငါးချဉ်တုံးကို အနေတော်လှီး၊ ကြက်သွန်နီ၊ နံနံပင်နဲ့ ငရုတ်သီးအလှော်မှုန့်ဖြူးပြီး ဆီအနေတော်လောင်းသုပ်ရတာမို့ အင်မတန်ကို လွယ်ကူပါတယ်။



ရှေ့ကျင်သူ ရှေ့ကျင်သားများဟာ ငါးချဉ်သုပ်ပြီဆိုရင် တွဲဖက်ပြီး ချက်လေ့ရှိတာက "အဟမ်း"လို့ ခေါ်တဲ့ အရွက်စုံအရည်သောက်ဟင်းပါ။ အရွက်စုံလို့ဆိုပေမယ့် ရှေ့ဖရုံညွန့်နဲ့ ဆူးပုပ်ကိုတော့ မပါမဖြစ်ထည့်ရပါမယ်။ ပဲညွန့်တို့လို အညွန့်မျိုးတွေနဲ့ ငရုတ်ပင်က အညွန့်လေးတွေကိုလည်း ထည့်နိုင်ပါတယ်။ ရှေးကတော့ မြေအိုးလေးနဲ့ ချက်ကြတာပါ။ "အဟမ်း"ဟင်းချက်တော့မယ်ဆိုရင် လတ်လတ်ဆတ်ဆတ်ငါးပေါက်ကလေးတွေကို သန့်စင်ပြီး ဆား၊ နနွင်းနဲ့ ငံပြာရည် သင့်ရုံထည့်


အထူးကဏ္ဍ [ ခ ] သို့ »»

**အထူးကဏ္ဍ [ က ] မှ »»**



အရှေ့ဘက်မှစီးဝင်သော ချောင်းများသည် တောင်ရိုးတောင်တန်းများမှလာသော တောင်ကျချောင်းများဖြစ်၍ နွေတွင် ရေခန်းခြောက်သော ချောင်းဦးတိုများလည်း ဖြစ်သည်။ ကန်းရိုးတန်းသည် အတန်ငယ်မတ်စောက်၍ တောင်ကျချောင်းများမှ အနည်အနှစ် ပို့ချမှုနည်းပါးသဖြင့် ထိုဘက်တွင် ရေပို၍ နက်ပေသည်။ သာမိုင်ခမ်းချိုင့်ဝှမ်းမှ စီးဆင်းလာသော ကလောချောင်း၊ အင်းလေး၏ အနောက်ဘက်ကမ်းဖြစ်သည့် တောင်ရိုးတောင်တန်းများမှ ချောင်းလက်တက်များစွာနှင့် အရှိန်ပြေပြေစီးဆင်းလာသော နမ့်ဘီလူးချောင်းတို့သည် အနည်အနှစ်များကို သယ်ယူလာကာ အောက်ပိုင်းတွင် မြေနုကျွန်းပေါ်ကို ဖြစ်စေလျက် ချောင်းဝများ ခွဲထွက်ပြီးလျှင် အင်းလေးအတွင်းသို့ အနောက်ဘက်မှ စီးဝင်သည်။

အင်းလေး၏ တောင်ဘက်စွန်းတွင်မူ အင်းလေးအတွင်းသို့စီးဝင်သော မြစ်ချောင်းမရှိပေ။ ၎င်း၏အတွင်းသို့ စီးဝင်သော ရေများသည် ထိုမှာဘက်တွင် မြစ်ကြောင်းတစ်ဖန်ပြန်၍ပေါ်သော နမ့်ဘီလူးချောင်းအားဖြင့်ပြန်၍စီးထွက်ကြသည်။ နမ့်ဘီလူးချောင်းသည် ကယားပြည်နယ် လွိုင်ကော်မြို့ကိုဖြတ်သန်းကာ နမ့်ပေါင်မြစ်အတွင်းသို့ စီးဝင်သည်။ ယင်းမှတစ်ဖန် သံလွင်မြစ်အတွင်းသို့ ဝင်ရောက်လေသည်။ ထို့ကြောင့် အင်းလေးသည် သာမန်အားဖြင့်ကြည့်လျှင် မြန်မာနိုင်ငံ၏ အရေးပါသော မြစ်ကြီးများနှင့် အဆက်အသွယ်မရှိ၊ သီးသန့်တည်နေသည်ဟု ထင်မြင်ရသော်လည်း စင်စစ် သံလွင်မြစ်ကြောင်းနှင့် ဆက်သွယ်လျက်ရှိသည်ကို တွေ့ရပေသည်။

အင်းလေးဟု ခေါ်တွင်ရခြင်းမှာ မူလအစက ထိုအင်းအိုင်ကြီးထဲတွင် ရွာကြီးလေးရွာရှိသဖြင့် ထိုအင်း၏ ဒေသတစ်ဝိုက်သည် အင်းလေးရွာဒေသဟုခေါ်တွင်ခဲ့ဟန်တူပေသည်။ နောက်ဆုံးစကားလုံး ‘ရွာ’ကို ချန်လှပ်၍ ထိုအင်းအိုင်ကြီးကိုပင် ‘အင်းလေး’ ဟု ခေါ်တွင်လာကြသည်ဟု ယူဆကြကြောင်း အချို့က ဆိုကြပေသည်။ ထိုရွာကြီးလေးရွာတို့မှာ (၁) နောင်တော၊ (၂) နန်းပန်၊ (၃) ရွာကြီးရွာနှင့် (၄) ရွာမတို့ ဖြစ်ကြသည်။ ယခုအခါတွင် အင်းလေး၏ ကမ်းနှင့်နီးစပ်ရာ ရေပြင်ပေါ်တွင်လည်းကောင်း၊ ကမ်းစပ်ရေတစ်ဝက် ကုန်းရေတစ်ဝက်တွင်လည်းကောင်း ရွာကြီးရွာငယ်များ၊ အိမ်ကြီးအိမ်ကောင်း၊ ဟိုတယ်များနှင့် ဘုရား၊ တန်ဆောင်း၊ သိမ်ကျောင်း၊ ဇရပ်တို့ဖြင့် သိုက်မြိုက်စွာတွေ့ကြရသည်။ အင်းလေး၏ ထူးခြားချက်မှာ ရေပြင်ပေါ်တွင် ရွာကြီးရွာငယ်များ တည်ဆောက်ထားကြကာ တစ်နေရာမှတစ်နေရာသို့ ကူးသန်းသွားလာရာ၌ လှေကို ခြေဖြင့် လှော်ခတ်၍လည်းကောင်း၊ စက်များဖြင့်လည်းကောင်း သွားလာကြပြီးလျှင် ကျွန်းမျောများပေါ်တွင် စိုက်ခင်းပျိုးခင်းများကို စိုက်ပျိုးလုပ်ကိုင်ကြခြင်း ဖြစ်လေသည်။

ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေနယ် အင်းလေးဒေသတစ်ဝိုက်၌ အခြေစိုက်နေထိုင်လျက်ရှိသော လူမျိုးစုတစ်စုကို အင်းသားလူမျိုးဟုခေါ်သည်။ အင်းရေပြင်တွင်လည်းကောင်း၊ အင်းလေးကမ်းစပ် ရေတစ်ဝက်ကုန်းတစ်ဝက်တွင် လည်းကောင်း ရွာများကို တည်ထောင်နေထိုင်သူများ ဖြစ်ကြသဖြင့် ထိုသို့ခေါ်ဝေါ်ခြင်း ဖြစ်ပေသည်။ အင်းသားလူမျိုးတို့သည် ထိုဒေသ၏ မူလတိုင်းရင်းသားများ မဟုတ်ပေ။ ၎င်းတို့သည် ရှမ်းပြည်နယ်၏ လူမျိုးစုတစ်စုဖြစ်သော်လည်း ရှမ်းထက်မြန်မာပို၍ဆန်သည်။ အင်းသားတို့၏ စကားလေသံ လေယူလေသိမ်းတို့သည် အလွန်ရှေးကျသော မြန်မာစကားသံတို့နှင့်တူသည်။ မျက်နှာပုံပန်း၊ ကိုယ်ခန္ဓာအချိုးအဆစ်တို့ကလည်း မြန်မာတို့နှင့် ဆင်သည်။ ထို့ကြောင့် အင်းသားတို့သည် တိဘက်-မြန်မာအနွယ်ဝင် လူမျိုးစုတစ်စုဟု ဆိုကြသည်။

အင်းသားတို့၏ စကားလုံးဝေါဟာရများတွင် ရခိုင်လူမျိုး၊ ထားဝယ်လူမျိုးတို့၏ စကားလုံးများနှင့်ဆင်တူသော ဝေါဟာရများလည်းရှိသည်။ ထို့ကြောင့် အင်းသားတို့သည် ရခိုင်အုပ်စုခွဲ၊ ထားဝယ်အုပ်စုကွဲတို့နှင့် နီးစပ်သော လူမျိုးစုတစ်စုဟုလည်း ဆိုကြသည်။ အချို့ကမူ အင်းသားလူမျိုးသည် ထားဝယ်လူမျိုးမှ ဆင်းသက်ဆက်နွယ်လာသည်ဟု ဆိုကြပေသည်။

အင်းသားတို့သည် ထားဝယ်လူမျိုးအဆက်ဟု ဆိုကြသော်လည်း အင်းလေးဒေသသို့ မည်သို့မည်ပုံ ရောက်ရှိလာသည်ဟူသော အချက်၌မူ အယူအဆ အမျိုးမျိုးရှိနေလေသည်။ အင်းသားလူမျိုးတို့၏ မူလဘူတနှင့် စပ်လျဉ်း၍ အချို့သုတေသီတို့၏ အယူအဆမှာ ရှေးအတိတ်ကာလမှ တိဘက်-မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာသောအခါ မူလပင်ရင်းအုပ်စုကြီးမှ အုပ်စုခွဲများ ခွဲထွက်ပြီးလျှင် အရှေ့၊ အလယ်၊ အနောက်စသည်ဖြင့် အရပ်ရပ်သို့ ပျံ့နှံ့သွားကြသည်။ အလယ်ပိုင်းသို့ ခွဲထွက်လာသော တိဘက်-မြန်မာအစုတွင် ရခိုင်အုပ်စုခွဲ၊ ထားဝယ်အုပ်စု၊ အင်းသားအုပ်စုကွဲတို့ ပါဝင်သည်။ ၎င်းမှတစ်ဖန် လမ်းခွဲခဲ့ကြပြန်ရာ ရခိုင်အုပ်စုကွဲသည် ဧရာဝတီမြစ်အနောက်ဘက်သို့ကူးကာ ရခိုင်ပြည်သို့ ရောက်သွားကြသည်။ အင်းသားအုပ်စုသည် အင်းလေးဒေသဘက်သို့ ရောက်ရှိလာကြသည်။ ရခိုင်၊ ထားဝယ်၊ အင်းသားတို့၏ စကားသံ၊ ဝေါဟာရအသုံးအနှုန်းများစွာတို့၌ တူညီနေခြင်းဖြစ်သည်ဟု ဆိုကြလေသည်။

ယခုအခါ အင်းသားလူမျိုးတို့သည် ညောင်ရွှေမြို့မှစ၍ အင်းလေး၏ အရပ်ရှစ်မျက်နှာတစ်ဝိုက်တွင် ပျံ့နှံ့နေထိုင်လျက်ရှိကြသည်။ ညောင်ရွှေမှ ကယားပြည်နယ် လွိုင်ကော်မြို့အထိ၊ ဘီလူးချောင်းတစ်လျှောက် ဘေးတစ်ဖက်တစ်ချက်၌လည်း အင်းသားလူမျိုးများကို တွေ့ရသည်။ ၁၉၅၅ ခုနှစ် အစီရင်ခံစာအရဆိုလျှင် အင်းသားလူမျိုးစုစုပေါင်း ရှစ်သောင်းခန့်ရှိမည်ဟု ခန့်မှန်းထားလေသည်။ ၂၀၁၀ ခုနှစ် လူဦးရေစစ်တမ်းကောက်နုတ်ချက်အရ အင်းသားလူမျိုးစုစုပေါင်း တစ်သိန်းနှစ်သောင်းရှစ်ထောင်ကျော်ခန့်ရှိကြောင်း သိရှိရပေသည်။ အင်းသားလူမျိုးတို့သည် ရှမ်းပြည်နယ် လူမျိုးစုများအနက် လူနေမှုအဆင့်အတန်း အတော်အတန်မြင့်သူများ ဖြစ်ကြသည်။ လုံ့လဝီရိယနှင့်ပြည့်စုံသူများဖြစ်သဖြင့် စီးပွားရေးလုပ်ငန်း၊ အသက်မွေးမှုလုပ်ငန်းတို့ကို တစ်မျိုးမကလုပ်ကိုင်နိုင်ကြသူများဖြစ်ကြရာ စီးပွားရေးခိုင်လုံတောင့်တင်းသူ များပြားလေသည်။

***ဆက်လက်ဖော်ပြပါမည်။***

**အထူးကဏ္ဍ [ က ] မှ »»**

ကြက်သွန်ဖြူနီ၊ ငရုတ်ပွခြောက် လေးစိတ်ခွဲထောင်းပြီး နယ်ဖတ်နှပ်ထားရပါမယ်။

နယ်ဖတ်ထားတဲ့ ငါးလေးတွေ အကြောတင်းလောက်ပြီဆိုရင် ရေစပ်စပ်ထည့်ပြီး ဖိုပေါ်တင်လို့ရပါပြီ။ ခုနောက်ပိုင်းမှာတော့ ငါးအကောင်ကြီးသားတွေကို ခုတ်ထစ်ပြီး သုံးကြပါတယ်။ ရေဆူစပြုလာရင် ကုလားအော်ငရုတ်သီးတောင့် မညက်တညက်ထောင်းနဲ့ စပါးလင်အပင်လိုက်ထုပြီး ထည့်ရပါမယ်။ အရည်သောက်ချက်မှာမို့ ရေအနေတော်ထပ်ထည့်ပြီး ဟင်းရည်ဆူအောင် တည်ရပါမယ်။ ပွက်ပွက်ဆူလာရင်တော့ အပေါ့အငန်မြည်းပြီး အသင့်ပြင်ဆင်ထားတဲ့ ဖရုံညွန့်၊ ဖရုံပွင့်၊ ပဲညွန့်နဲ့ ဆူးပုပ်ခတ်လိုက်ရင် စိမ်းစိမ်းစပ်စပ် အရောင်နဲ့ အရသာရှိတဲ့ အဟမ်းဟင်းအရည်သောက်ရပါပြီ။

အဟမ်းဟင်းရဲ့ ထူးခြားချက်ကဆီသုံးဖို့လုံးဝမလိုတာပါပဲ။ ရွှေကျင်ငါးချဉ်သုပ်ရဲ့ အချဉ်အရသာနဲ့ စိမ်းစိမ်းစပ်စပ် အဟမ်းဟင်း ပူပူလောလောလေး သောက်လိုက်လို့ကတော့ အဟမ်း. . . အဟမ်းဆိုပြီး လည်ချောင်းရှင်းလိုက်ရတဲ့ အရသာက ဘယ်အရာနဲ့မှ မတူလောက်အောင် စွဲမက်စရာကောင်းတယ်လို့ ရွှေကျင်သူရွှေကျင်သားများက ဆိုကြပါတယ်။

**စံလွင် (ငါးဦးစီး)**

# နာဂရိုးရာနှစ်သစ်ကူးပွဲတော် မိုပိုင်းလွတ်မြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပ

**မိုပိုင်းလွတ် ဇန်နဝါရီ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ခန္တီးခရိုင် လေရှီးမြို့နယ် မိုပိုင်းလွတ်မြို့တွင် နာဂတိုင်းရင်းသားရိုးရာ နှစ်သစ်ကူးပွဲတော်အခမ်းအနားကို ဇန်နဝါရီ ၁၅ ရက် နံနက် ၉ နာရီက မိုပိုင်းလွတ်မြို့မအားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ အဆိုပါပွဲတော်သို့ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ နာဂစာပေနှင့် ယဉ်ကျေးမှုကော်မတီဝင်များ၊ ရပ်နီးရပ်ဝေးမှ နာဂတိုင်းရင်းသားများ တက်ရောက်ပါဝင်ဆင်နွှဲခဲ့သည်။ ရှေးဦးစွာ တက်ရောက်လာသူများကို သဘာပတိအဖွဲ့က အမှာစကားပြောကြားပြီး နာဂရိုးရာ နှစ်သစ်ကူးပွဲတော် ဖြစ်ပေါ်လာပုံသမိုင်းအကျဉ်းကို နာဂယဉ်ကျေးမှုကော်မတီဝင် တစ်ဦးက ရှင်းလင်းပြောကြားပြီး ကိုကာ့နာဂနှင့် တန်ကွန်နာဂများက တိုင်းရင်းသားရိုးရာ မြေဝိုင်းအကများ၊ တေးသရုပ်ဖော်အကများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။



နာဂတိုင်းရင်းသား မျိုးနွယ်စုများ၏ ပွဲတော်များအနက် နှစ်သစ်ကူးပွဲတော်သည် အကြီးကျယ်ဆုံးသောပွဲတော်ဖြစ်ပြီး အဆိုပါနှစ်သစ်ကူးပွဲတော်ကို ကောက်ပဲသီးနှံရိတ်သိမ်းပြီးစ နောက်တစ်နှစ် တောင်ယာလုပ်ငန်းမဝင်မီ ဇန်နဝါရီ ၁၅ ရက်တွင် တစုတပေါင်းတည်း စည်ကားသိုက်မြိုက်စွာ ကျင်းပကြသည်။ နှစ်သစ်ကူးပွဲတော်ကို နာဂတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုး၍ သားစဉ်မြေးဆက် လက်ဆင့်ကမ်းထိန်းသိမ်းနိုင်စေရန် ရပ်နီးရပ်ဝေးရှိ နာဂတိုင်းရင်းသားအားလုံး ပြန်လည်ပေါင်းစည်းတွေ့ဆုံချစ်ကြည်ရင်းနှီးမှုရှိစေရန်၊ အခြားသောတိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့် ရင်းနှီးကျွမ်းဝင်မှုရရှိစေပြီး သွေးစည်းညီညွတ်မှုကို အစဉ်ဖော်ဆောင်နိုင်ရန် ရည်ရွယ်၍ နှစ်စဉ်အထွတ်အမြတ်ထားပြီး ကျင်းပလျက်ရှိကြောင်း သိရသည်။

**ရှိန်းလေး(မိုပိုင်းလွတ်)**

## ဖိတ်ခေါ်ပါသည်

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့်စပ်ဆိုင်သော အကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအနေဖြင့် အပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို **mirrormyosathit@gmail.com** သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။ [စာတည်း]

# လားဟူတိုင်းရင်းသားများ စုပေါင်းနှစ်သစ်ကူးပွဲတော် ကျင်းပ



**ကျိုင်းတုံ ဇန်နဝါရီ ၁၉**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ (၁၇)ကြိမ်မြောက် လားဟူတိုင်းရင်းသားများ စုပေါင်းနှစ်သစ်ကူးပွဲတော်ကို ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းက မြို့မအားကစားကွင်း၌ စည်ကားသိုက်မြိုက်ပျော်ရွှင်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ နှစ်သစ်ကူးပွဲတော်သို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်၊ ပြည်နယ်ဝန်ကြီးများဖြစ်သည့် လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ဘဏ္ဍာရေးဝန်ကြီး ဦးစိုင်းရှဲန်တစ်လုံ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဒေါက်တာညီညီအောင်၊ လားဟူတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဦးယောသပ်နှင့် တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ တက်ရောက်သည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က နှစ်သစ်ကူး ဂုဏ်ပြုအမှာစကားပြောကြားပြီး လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးယောသပ်က မြန်မာဘာသာနှင့် လားဟူဘာသာတို့ဖြင့် အမှာစကားပြောကြားသည်။ ထို့နောက် နှစ်သစ်ကူးပွဲတော်အတွက် ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ ငွေကျပ်သိန်း ၃၀၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်မှ ငွေကျပ် ငါးသိန်းနှင့် လားဟူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးယောသပ်က အလှူငွေများ ပေးအပ်သည်။

ယင်းနောက် တက်ရောက်လာသည့် ဘိုးဘွားမိဘ၊ ဆရာသမားများ၊ အကြီးအကဲများအား ရိုသေလေးစားဂါရဝပြုခြင်းနှင့် နှစ်ဟောင်းမှ အညစ်အကြေးများ နှစ်သစ်တွင် စင်ကြယ်စေရန် ရိုးရာဓလေ့ဖြစ်သည့် လက်ဆေးခြင်းမင်္ဂလာပြုလုပ်ပေးပြီး လားဟူတိုင်းရင်းသားရိုးရာ မြေဝိုင်းအကနှင့် အိုးစည်ဗုံမောင်းအကများဖြင့် ပျော်ရွှင်စွာ ကပြဖျော်ဖြေကြသည်။

အဆိုပါ နှစ်သစ်ကူးပွဲတော်ကို လားဟူတိုင်းရင်းသားများ ရိုးရာယဉ်ကျေးမှုကို ချစ်ခင်မြတ်နိုး၍ ဆက်လက်ထိန်းသိမ်းမြှင့်တင်နိုင်စေရန်၊ ရပ်ဝေးရပ်နီးမှ လားဟူတိုင်းရင်းသားများ တွေ့ဆုံချစ်ကြည်ရင်းနှီးမှုရရှိစေရန် ရည်ရွယ်ကျင်းပလေ့ရှိရာ ယင်းနှစ်သစ်ကူးပွဲတော်မှာ လားဟူတိုင်းရင်းသားများ ကျင်းပသည့် ပွဲတော်များအနက် အကြီးကျယ်ဆုံးပွဲတော်ဖြစ်ကြောင်း သိရသည်။

**ဝေယံလင်း(ပြန်/ဆက်)**



# (၆၆)နှစ်မြောက် ကယားပြည်နယ်နေ့ အထိမ်းအမှတ် တိုင်းရင်းသားရိုးရာအကပြိုင်ပွဲများ ကျင်းပ

**လွိုင်ကော် ဇန်နဝါရီ ၁၉**
ကယားပြည်နယ်နေ့ အထိမ်းအမှတ်ပွဲတော်တွင် နှစ်စဉ်နှစ်တိုင်း တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်တတ်စေရန် ရည်ရွယ်၍ ရိုးရာအကပြိုင်ပွဲများ ကျင်းပပေးလျက်ရှိရာ ဇန်နဝါရီ ၁၀ ရက် ည ၇ နာရီက (၆၆)နှစ်မြောက် တိုင်းရင်းသားရိုးရာအကပြိုင်ပွဲအား ကယားပြည်နယ်နေ့ပွဲတော်ကွင်းရှိ ရိုးရာယဉ်ကျေးမှုအကစင်မြင့်၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုနှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးလှုထွေး၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဥပဒေချုပ်၊ ဌာနဆိုင်ရာများ၊ မိဘပြည်သူများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များ တက်ရောက်အားပေးကြည့်ရှုကြသည်။

တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကပြိုင်ပွဲတွင် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအက အဖွဲ့ ၅၇ ဖွဲ့ ပါဝင်ယှဉ်ပြိုင်ကြပြီး ပထမဆု ငွေကျပ် ငါးသိန်း၊ ဒုတိယဆု ငွေကျပ် လေးသိန်း၊ တတိယဆု ငွေကျပ် သုံးသိန်းချီးမြှင့်ခဲ့ကြောင်း သိရသည်။ ပထမနေ့အနေဖြင့် လွိုင်ကော်မြို့နယ် ထေးငှားလျားစံပြကျေးရွာမှ ကယားကေ့အမိုးလားအက၊ ကယားစာပေနှင့်ယဉ်ကျေးမှုကော်မတီမှ စုပေါင်းညီညာ အောင်ကြောင်းဖြာအက၊ လွိုင်ကော်မြို့နယ် ဒေါဥခူရပ်ကွက်မှ အေးအေးယာအက၊ လွိုင်ကော်မြို့နယ် နောင်ယား (က) ရပ်ကွက်မှ နှလုံးသားအိမ်အက၊ S.Y.O ရှမ်းလူငယ်အသင်းမှ ရွှင်မြူးလှပ ကိန္နရီ၊ ကိန္နရာအက၊ ကယားလူငယ်ပရဟိတမှ ပယ်ကယားအမော့ဆေးအက၊ ဒီးမော့ဆိုမြို့နယ် ဟိုဝမ်(အထက်)ကျေးရွာမှ စည်းလုံးခြင်းအကတို့ဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**ကိုစိုင်း(လွိုင်ကော်)**





# ရိုးရာဝတ်စုံများ ကွယ်ပျောက်မသွားစေရေး ထိန်းသိမ်းရန်လိုအပ်

● ရာမည

တိုင်းရင်းသားလူမျိုးတိုင်းတွင် အမြတ်တနိုး တန်ဖိုးထားဝတ်ဆင်ကြသော ကိုယ်ပိုင် ရိုးရာဝတ်စုံများရှိကြသည်။ ရှေးအခါက လက်ဖြင့်ရက်လုပ်သော လက်ရက်ကန်းကို အသုံးပြုထုတ်လုပ်ရာမှ ခေတ်ကာလနှင့် ဈေးကွက်အခြေအနေအရ စက်ရက်ကန်းဖြင့် ပြောင်းလဲထုတ်လုပ်လာကြသည်။

ကိုယ်တိုင်စိုက်ပျိုးသော ဝါကို ဗိုင်းငင်၊ ချည်ရစ်၍ ထုတ်လုပ်ခဲ့ရာမှ နိုင်ငံခြားဖြစ် နိုင်လွန်နှင့် အဆင့်မြင့်ချည်များ သုံးစွဲရက်လုပ်လာကြသည်။ သို့သော် ရိုးရာအဆင်၊ ရိုးရာ အရောင်အသွေးနှင့် ဒီဇိုင်းများကို လုံးဝ မပြောင်းလဲဘဲ ထိန်းသိမ်းကာ ကယားမျိုးနွယ်စု များအတွက် ဝတ်စုံများထုတ်လုပ်ပေးနေသော ရိုးရာရက်ကန်းနှင့် ကျား၊ မ အင်္ကျီများ၊ စလင်းဘက်၊ ပိုက်ဆံအိတ်၊ ကျောပိုးအိတ် စသည်တို့ ဖြန့်ဖြူးရောင်းချပေးနေသည့် ကယားရိုးရာအထည်ဆိုင်တစ်ခုကို လွိုင်ကော်မြို့ ချိကယ်ရပ်ကွက်တွင် တွေ့ရှိနိုင်သည်။

"၁၉၇၇ ခုနှစ်မှာ လက်ရက်ကန်းနဲ့ လုပ်ငန်းစတင်ခဲ့တာ အခုဆို နှစ် ၄၀ သက်တမ်း ရှိပါပြီ၊ ကယားပြည်က ကယားလုံချည်တွေ ထွက်ဖို့ ရည်ရွယ်ပြီးလုပ်ခဲ့တာပါ၊ ဟိုအရင်က ကယားလုံချည်ကို အင်းလေးနဲ့ အမရပူရကနေ မှာယူခဲ့ရပါတယ်၊ အဲဒါနဲ့ ကိုယ့်ပြည်နယ်မှာပဲ ထုတ်လုပ်မယ်ဆိုတဲ့ စိတ်ကူးရပြီး လုပ်ဖြစ်သွား တာပါ၊ စလုပ်တုန်းကတော့ အခက်အခဲတွေ ရှိခဲ့ပြီး အောင်မြင်မှု သိပ်မရခဲ့ဘူး၊ ၁၉၉၅ ခုနှစ် ကျောင်းသားပွဲတော်မှာ အနယ်နယ် အရပ်ရပ်က ဧည့်သည်တွေရောက်ရှိလာပြီး ဝယ်ယူကြ၊ လက်ဆောင်ပေးကြတာကြောင့် တစ်နိုင်ငံလုံးပျံ့နှံ့ပြီး လုပ်ငန်းတွင်ကျယ်ခဲ့ပါ တယ်"ဟု လွိုင်ကော်မြို့ ချိကယ်ရပ်ကွက်ရှိ ကိန္နရီကိန္နရာ ကယားရိုးရာအထည် ရက်လုပ်ငန်းမှ ပိုင်ရှင်ဖြစ်သူ ကယား ညွှန့်တင်လေးက ပြောသည်။

ရှေးယခင်က ကယားလုံချည်ကို အဓိက အားဖြင့် အရောင် အနီနှင့် အနက် နှစ်မျိုးသာ ထုတ်လုပ်ခဲ့ပြီး ယခုအချိန်တွင် အရောင် အသွေး စုံလင်လာသော်လည်း လက်လှမ်း မီရာ အနီးစပ်ဆုံး ၁၉၇၀ ဝန်းကျင်ခန့်က ထုတ်လုပ်သော ကယားဂျပ်ခုတ်ထည်များကို ပြန်လည်လေ့လာ နမူနာယူ၍ ရိုးရာအစစ် အမှန်ကို အနီးစပ်ဆုံးရအောင် ထိန်းသိမ်း ထုတ်လုပ်ကြောင်း၊ ရိုးရာဒီဇိုင်းကို အပျောက် အပျက်မခံနိုင်ပါကြောင်း ၎င်းက ဆိုသည်။

မိဘထံမှရရှိသော ရိုးရာရက်ကန်းပညာ ကို သားသမီးများထံသို့ လက်ဆင့်ကမ်းပြီး ကျွမ်းကျင်ဝန်ထမ်းများကိုလည်း ပျိုးထောင် ပေးလျက်ရှိကြောင်း၊ ရိုးရာအထည်များ ရေရှည်တည်တံ့စေရန်အတွက် အမြတ်တနိုး သုံးစွဲဝတ်ဆင်သူများ ရှိရမည်ဖြစ်ကြောင်း၊ သုံးစွဲသူများကြိုက်နှစ်သက်စေရန် အရည် အသွေး စံချိန်စံညွှန်းကောင်းမွန်ရန်လိုကြောင်း၊ မြတ်နိုးဂုဏ်ယူစွာ ဝတ်ဆင်ထိုက်သော ရိုးရာ အထည်ဖြစ်ရန်လိုအပ်ပြီး ရိုးရာလက္ခဏာ မပျောက်စေရန်ထိန်းသိမ်းလုပ်ဆောင် သွားကြ ရမည်ဖြစ်ကြောင်း၊ ရိုးရာဒီဇိုင်းကို အဆင့်ဆင့် တီထွင်ရင်း နောင်တစ်ချိန်တွင် ရိုးရာဝတ်စုံ များ ကွယ်ပျောက်သွားသည်မျိုးမဖြစ်စေရေး ထိန်းသိမ်းရန်လိုအပ်ကြောင်း ကယား ညွှန့်တင်လေးက ပြောသည်။

"ရိုးရာထည်ဖြစ်တဲ့အတွက်ကြောင့် ဒီဇိုင်းကို ထွင်လို့မရပါဘူး၊ ကျွန်တော်ဆိုရင် ရွှေချည်၊ ငွေချည်ထည့်တာ၊ သုံးတာကအစ ယဉ်ကျေးမှုက တာဝန်ရှိသူတွေနဲ့ ညှိနှိုင်းဆောင်ရွက်ရပါတယ်၊ သူတို့ဘက်ကလည်း တတ်နိုင်သလောက် လိုက်လျောမှုရှိပါတယ်၊ သူတို့ဘက်က တောင်းဆိုတဲ့အတိုင်းလည်း ကျွန်တော်တို့ဘက်က ဆောင်ရွက်ပေးခဲ့ပါတယ်၊ အဓိကကတော့ ရိုးရာမပျက်ဖို့ပါပဲ၊ ကျွန်တော်ကတော့ ကယားထည်ချည်းပဲ သီးသန့် ရက်လုပ်ပါတယ်၊ ဒါပေမယ့် ကယန်း(ပဒေါင်)အစရှိတဲ့ ကယားနွယ်ဖွားတိုင်းရင်းသားတွေရဲ့ဝတ်စုံတွေ လာအပ်ရင်လည်းပဲ လုပ်ကိုင်ဆောင်ရွက်ပေးပါတယ်"ဟု ၎င်းက ဆိုသည်။

ကိန္နရီကိန္နရာ ကယားရိုးရာအထည် ရက်လုပ်ငန်းတွင် စက်ရက်ကန်းစင်ပေါင်း ၂၄ စင်၊ ချည်ခုံ ခြောက်ခုတို့ဖြင့် ကယားရိုးရာ အထည်များ ထုတ်လုပ်လျက်ရှိပြီး တစ်ရက် လျှင် ရိုးရာအဆင် ကွင်း(အစ)ပေါင်း ၃၀၀ ခန့် ထုတ်လုပ်နိုင်ကြောင်း၊ ယခင်က ကယား ရိုးရာအထည်များကို အဆိုပါလုပ်ငန်းမှသာ ထုတ်လုပ်ခဲ့သော်လည်း ယခုအခါ အခြားသော သူများလည်း လုပ်ကိုင်လာကြကြောင်း သိရသည်။

●●●





ဓာတ်ပုံ - ခွန်းဆက်နေ



လွိုင်ကော်မြို့ ချိကယ်ရပ်ကွက်ရှိ ကိန္နရီကိန္နရာ ကယားရိုးရာအထည်စက်ရုံ လုပ်ငန်းခွင်။ ဓာတ်ပုံ - ခွန်းဆက်နေ

## ရောင်းမည်

STAR CITY CONDO
ZONE-B , 2 BED ROOM
THANLYIN (ကြော်ငြာမလိုပါ)
**ဖုန်း-၀၉-၂၀၀၅၅၆၇**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ ကွမ်းခြံကုန်း မြို့နယ်၊ အထက-တော်ကလိပ် တက္ကသိုလ်ဝင်တန်းမှ မနှင်းပပ လင်း၏ ဖခင်အမည်မှန်မှာ ဦးအောင်နိုင် [၁၂/ကခက(နိုင်)၀၉ ၂၅၇၆]ဖြစ်ပါကြောင်း။ **ဦးအောင်နိုင်**

# အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ပြုခြင်း

၂၀၁၈ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်၊ နှစ် (၇၀)ပြည့် လွတ်လပ်ရေးနေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတရုံး၊ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၈ ဖြင့် နိုင်ငံတော်သမ္မတမှ ထိုက်တန်စွာ ပေးအပ်ချီးမြှင့်သော သာသနာတော်ဆိုင်ရာ

ဘွဲ့တံဆိပ်တော်မှ **သုဓမ္မ မဏိဇောတဓရဘွဲ့** ရရှိသည့်

ဗဟန်းမြို့နယ်၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်၊ အမှတ် ၅၂၀၊ ဘီ (၃)၊ ကမ္ဘာအေးဘုရားလမ်း နေ

**ဦးစိုးသန်းထွန်း (လူမှုထူးချွန် တတိယဆင့်)**

**(ပွင့်သစ်စမ်း Food Centre & Family Entertainment) အား**

အမျိုးဘာသာ သာသနာအကျိုး ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်း၍ အထူးလှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ပြုအပ်ပါသည်။

- ဖခင်ကြီး (ဦးကြာအုံ့) – မိခင်ကြီး ဒေါ်ဆက်ကိုး (ရန်ကုန်)
- ဖခင်ကြီး ဦးရွှေကောင်း – မိခင်ကြီး ဒေါ်ခင်စန်းရီ မိသားစု (ကျောက်မဲ)
- ဇနီး ဒေါ်ခင်မေသန်း နှင့် သားသမီးများ (ပွင့်သစ်စမ်း မိသားစု)
- ဦးဝင်းမြင့် – ဒေါ်ခင်သန်းကြူ မိသားစု (ကောလင်း)
- (ဦးလှရွှေ) – ဒေါ်မြင့်မြင့်ကြူ မိသားစု (ရွှေရပ်လွှာအထည်ရောင်းဝယ်ရေး၊ ရတနာပုံဈေး၊ မန္တလေး)
- ဦးရမ့်စန်းချမ်း – ဒေါ်စိန်စိန်ကြူ မိသားစု (ထိုင်ဝမ်)
- ဦးဝင်းမြင့် – ဒေါ်ထွန်းထွန်းကြူ မိသားစု (မန္တလေး)
- ဦးရဲကျော်စွာ – ဒေါ်သီတာ မိသားစု (Queen Entertainment ရန်ကုန်)
- ဦးကျော်လှိုင် – ဒေါ်နန်းအေးစော မိသားစု (မိုင်ရွှေဝါ စားသောက်ဆိုင်၊ ရန်ကုန်)
- ဒေါက်တာတင်ဘိုဘို – ဒေါ်ကြူကြူသိန်း မိသားစု (ကွန်ပျူဗေဒသုခမ၊ ရန်ကုန်)
- ကိုလိနိဝမ် – မရွှေထား မိသားစု (တစ်ပြည်သူ အထည်ရောင်းဝယ်ရေး၊ မန္တလေး)
- ကိုအားမြင့် – မစန္ဒာဝင်း မိသားစု (Flower Queen Co.,Ltd မန္တလေး)
- ဦးခိုင်မိုရ်မင်း – ဒေါ်ခိုင်ဇာလင်း မိသားစု (Shwe Eain Thit Entertainment ရန်ကုန်)
- ကိုကျော်ဇင်သူ မိသားစု (အောင်စေညွှန်း ကုမ္ပဏီ၊ မကွေး)

**KEMBANGAN**
GROUP OF MEDICAL CENTRES



ဆံပင်နှင့် ဦးရေပြား ကျန်းမာရေး ဝန်ဆောင်မှုများ

Hair Transplant Surgery

Hair Laser Therapy

Medications

PRP Treatment

50% OFF
20th – 31th Jan 2018



Kembangan Group Of Medical Centres facebook ကို Like လုပ်ခြင်းဖြင့် သတင်းများ ရယူနိုင်ပါတယ်...

Kembangan UHC Hospital
Ph: 09 772 458 811 , 795 899 534
Kembangan Group of Medical Centres

Kembangan Thuwunna
Ph: 9 778 527 793~4
Kembangan-thuwunna

Kembangan Mandalay
Ph: 09 962 565 561~2
Kembangan-Mandalay

Kembangan Aesthetic (MDY)
Ph: 09 402 713 738, 09 951 358 805
Kembangan-Mandalay

## ကန့်ကွက်နိုင်ပါကြောင်း

ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁/ရွှေအင်ကြင်းရပ်)၊ မြေကွက်အမှတ်(ဒ-၃၃၃၀၈)၊ ဧရိယာ(၀. ၁၄၆) ဧက ဒေါ်တင်ဝေ(ဘ)ဦးမောင်သိန်း[၁၄/အဂပ (နိုင်)၀၂၃၉၂၇]အမည်ပေါက် ပါမစ်မြေကွက်အား ဒေါ်မြမြစန်း(ဘ)ဦးဝင်းမြင့်[၁၃/လလန (နိုင်)၀၀၆၄၃၄]မှ မြေပေးမိန့်ပါမစ်မူရင်း၊ မြေကွက် အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူ ကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်ထောက်ခံချက်မူရင်း၊ ရဲစခန်း ထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံ ကတိပြုချက် မူရင်းများတင်ပြ၍ မြေငှား စာချုပ်သစ် လျှောက်ထားလာရာ ကန့်ကွက် လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်း အထောက်အထားများ၊ တရားရုံးအမိန့်ဒီကရီများ ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ တွံတေး မြို့နယ်၊ ကွမ်းခြံရပ်ကွက်၊ ကန်သာယာ လမ်းမကြီးနေ ကျွန်တော် ဦးအောင် ကိုကို(ခ)ဖရန်စစ် မှတ်ပုံတင်အမှတ် [၁၂/တတန(နိုင်)၀၀၈၃၅၆] ကိုင်ဆောင် သူ၏ဇနီးဖြစ်သူ ဒေါ်ရိုဘီ မှတ်ပုံတင် အမှတ်[၁၂/တတန(နိုင်)၁၇၈၇၄၈] ကိုင်ဆောင်သူသည် ကျွန်တော်အား အကြိမ်ကြိမ် စိတ်အနှောင့်အယှက်ဖြစ် အောင်ပြုလုပ်ပြီး ၎င်း၏သဘောဆန္ဒ အလျောက် နေအိမ်မှ ဆင်းသွားပါသော ကြောင့်၁၆-၁-၂၀၁၈ရက်မှစ၍ နောက်နောင် ၎င်းနှင့်ပတ်သက်သော မည်သည့် အရှုပ် အရှင်းကိစ္စအဝဝကိုမှ တာဝန်ယူဖြေရှင်း ပေးတော့မည်မဟုတ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

**ကြေညာသူ**
**ဦးအောင်ကိုကို(ခ)ဖရန်စစ်**
**၁၂/တတန(နိုင်)၀၀၈၃၅၆**
**Ph-09-5075662**

ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင်

ရွှေချစ်သူများအတွက် ကံစမ်းရန်မလိုပါ၊ ဝင်းညွန့်ညွန့် စိန်ရွှေရတနာဆိုင် မှ

Happy New Year Promotion အထူးအစီအစဉ် (1.1.2018 မှ 31.3.2018)

အတွင်း ကြိုက်နှစ်သက်သော ရွှေထည်ပစ္စည်း (၂)မျိုးဝယ်ယူအားပေးသော မိတ်ဟောင်း ၊ မိတ်သစ်

Customer များကို အခမဲ့ရွှေကလစ် (၁)ခု မေတ္တာလက်ဆောင်ပေးသွားပါမည်။

PH: ၀၉-၄၄၃၀၀၂၆၉၇၊ ၀၉- ၂၅၄၂၈၈၈၀၂



စိန်ပင်လယ် ကားကံထူးရှင်

(4-1-2018) လွှတ်လပ်ရေးနေ့တွင်

ကံထူးသွားသော ကံထူးရှင်

၁၀/ပမန(နိုင်) ၀၉၅၅၉၆

မဝါဝါဝင်းအား

အထူးပင်ဂုဏ်ယူဝမ်းမြောက်ပါသည်။



09-443008800

စိန်ပင်လယ် စိန်ရွှေရတနာဆိုင် မိသားစု



KN tech Engineering Group

Air-Con [illegible]

Ph: 09-400788135

09-762276128


## (အထက)သုံးဆယ်မှ အငြိမ်းစား
### ဆရာကြီး/ဆရာမကြီးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုအသင်း

၉-၁-၂၀၁၈ရက်တွင် ဖွဲ့စည်းပြီးကြောင်း ဆရာကြီး/ဆရာမကြီးများ ရပ်ဝေးရပ်နီးမှ ကျောင်းသားဟောင်းကြီးများ စိတ်ပါဝင်စားသူ စေတနာရှင် မိဘပြည်သူများအား သိသာပါရန်နှင့် ရန်ပုံငွေ လှူဒါန်းလိုသူများ အောက်ဖော်ပြပါ အကျိုးဆောင်များနှင့် ဆက်သွယ်ပါရန် ရိုသေလေးစားစွာဖြင့် ပန်ကြားအစီရင်ခံအပ်ပါသည်။

**အကျိုးဆောင်များ**

| | |
|---|---|
| **ဦးလှမြင့်** | **ဦးကျော်ဝင်း** |
| **ဖုန်း-၀၉-၄၂၃၆၈၁၇၂၀** | **ဖုန်း-၀၉-၂၅၆၁၄၄၄၈၈** |
| **Dr.ဇော်ဝင်းထက်** | **Dr.စိုးလင်းအောင်** |
| **၀၉-၄၃၀၃၉၃၅၀** | **၀၉-၇၈၈၂၄၀၅၅၈** |
| **ဒေါ်ရီရီဝင်း** | **ဒေါ်သိန်းစုမြတ်(ရန်ကုန်)** |
| **၀၉-၅၃၆၀၅၆၈** | **၀၉-၅၁၀၈၅၃၇** |

## ဖခင်အမည်မှန်

ဇေယျာသီရိမြို့နယ်၊ ကျောက်ချက်အုပ်စု၊ အိုင်စောက်ကျေးရွာနေ ကျောက်ချက် အထက (ခွဲ)အဌမတန်းမှ မောင်စည်သူ၊ အိုင်စောက်၊ အမှတ်-၈၀၊ မူလွန်ကျောင်း ပဉ္စမတန်းမှ မောင်နေသူ၊ KG တန်းမှ မောင်ချစ်မင်းသူ၏ ဖခင်အမည်မှန်မှာ ကိုနိုင်[၉/ပမန(နိုင်)၁၈၀၃၆၅] ဖြစ်ပါကြောင်း။


ရောင်းမည်

[illegible] Commercial [illegible] (96' × 73') [illegible] (77'x47') [illegible] (100KVA) [illegible]

ဆက်သွယ်ရန်ဖုန်း - 09-5131294,09-2000866



GW 0973226006 0973133528 0973077569

အိမ်ပြောင်းအိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း

09401505559



ဆက်ဆွယ် (SUD SUAI)

ကြိုက်နှစ်သက်ရာဖြင့် ပေါင်းနိုင်ပါသည်။



မြေ နှင့် အိမ် ရောင်းမည်

အမှတ်(၂)လမ်းမပေါ်

မြေဂိုဗြိုဟ်ပြိုင် (ဝ.ဝ၂)တော

သိန်း (4700)ညှိနှိုင်း

PH: (09-775145070)



"ရွှေစည်"

အိမ်ပြောင်း အိမ်ရွှေ့နှင့် ကုန်စည်ပို့ဆောင်မှု

လုပ်သားပါ ညှိနှိုင်းဈေးဖြင့် ဝန်ဆောင်မှုပေးသည်။

09-73122020,09-795580534



အခန်းကျယ်

ငှားရန်ရှိသည်

ကျွန်းတောလမ်းမ၊ စမ်းချောင်း။

ဖုန်း ၀၉-၅၀၀၇၆၇၃

၀၉-၉၆၅၀၀၇၆၇၃



ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

(၄၀ × ၆၀)၊ ရေမီးအစုံ၊

(၆၇ သိန်း)၊ ညှိနှိုင်း။

၀၉ ၇၈၅၅၅၄၈၀၀၉



သွေးသည်

အသက်


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

[illegible]

[illegible]


မြန်မာအင်တာနေရှင်နယ် ပရိဘောဂပြပွဲ ၂၀၁၈





နေ့စဉ် Special Discount, Lucky Draw နှင့် Promotion အစီအစဉ်များ ပါဝင်ပါသည်

တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။

၂၀၁၈၊ ဖေဖော်ဝါရီ (၈) မှ (၁၁) ရက်နေ့အထိ

2018, February 8 - 11


## ဦးတင့်အောင်[၁၂/တမန(နိုင်)၀၇၂၂၅၀]နှင့် အများသိစေရန် သတိပေးကြေညာခြင်း

ဦးအော်လီဗာ၊ ဒေါ်လုရီတို့၏သားသမီးများဖြစ်ကြသော

(၁) ဒေါ်ရင်မေ[၁၂/တမန(နိုင်)၀၇၂၂၃၁]
(၂) ဦးသိန်းအောင်[၁၂/တမန(နိုင်)၀၂၁၆၇၀]
(ဒေါ်မေသိန်းကွယ်လွန်၏သားကြီး)
(၃) ဦးအောင်ကြီး[၁၂/ဥကမ(နိုင်)၁၈၁၃၁၄]
(၄) ဦးစိုးဝင်း[၁၂/တမန(နိုင်)၀၄၉၁၅၆]
(၅) ဦးအောင်ငွေးဝင်း[၁၂/တမန(နိုင်)၀၇၁၀၆၃]
(၆) ဒေါ်ခင်စန်းတင့်[၁၂/တမန(နိုင်)၀၆၆၈၅၃]
(၇) ဦးသန်းအောင်[၁၂/မဂတ(နိုင်)၀၄၄၉၆၇]

တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ-

ဖခင်ကြီး ဦးအော်လီဗာ ကွယ်လွန်ပြီးနောက်မှ ကွယ်လွန်သူ မိခင်ကြီး ဒေါ်လုရီ အမည်ပေါက် တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃စီ/၅၊ ဂရန် မြေကွက်အမှတ်(V5)နှင့် မြေကွက်ပေါ်ရှိ တာမွေမြို့နယ်၊ မအူကုန်းရပ်ကွက်၊ မအူကုန်းလမ်းကျယ်၊ အမှတ်(၆)ဟုခေါ်တွင်သော အဆောက်အအုံတို့နှင့်ပတ်သက်၍ အထက်ပါ အမွေစား အမွေခံသားသမီးများ သဘောတူပါဝင်ခြင်းမရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမှ ရောင်းချခွင့်၊ ပေးကမ်းခွင့်၊ ငှားရမ်းခွင့်၊ ပေါင်နှံခွင့် တစ်နည်းနည်း လွှဲပြောင်းခွင့်မရှိကြောင်း ဦးတင့်အောင်[၁၂/တမန(နိုင်)၀၇၂၂၅၀]နှင့် အများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမင်းဆွေ (B.A. R.L) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၇၀/၁၉၇၉)**
**အမှတ်-၈၃၊ အခန်း-၁၄၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်/နောက်ရပ်ကွက်၊ မန္တလေးလမ်း၊ အမှတ်(၇၇/၈၃)တွင်တည်ရှိသော နံပါတ်(၃)လွှာ၊ အခန်းအမှတ်(၂၈)၊ ဧရိယာ(၁၅×၆၀) ပေခန့်အကျယ်အဝန်းရှိ (ရေ၊ မီး၊ လျှပ်စစ်မီတာ၊ ရေစက်မော်တာအပါအဝင်) တိုက်ခန်းတစ်ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်ဆက်စပ်သမျှ အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်ဝယ်ယူထားသူ ဦးကာလာမြား(EF-၀၄၈၅၀၀)၏ သားသမီးများဖြစ်ကြပြီး လက်ရှိထားနေထိုင်ပိုင်ဆိုင် အကျိုးခံစားလျက်ရှိကာ တစ်ဆင့်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်စန်းစန်းဝင်း(ခ)ပြာရီနှင့် ဦးခင်မောင်ကျော်တို့ထံမှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီးဖြစ်၍ ကျွန်ုပ်၏မိတ်ဆွေက ပစ္စည်းတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သောငွေကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ တိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ၊ အရောင်းအဝယ်ပြုလုပ်ခြင်းအား ကန့်ကွက်အရေးဆိုလိုသူမည်သူမဆို ဤကြော်ငြာပါသည့်နေ့ရက်မှ(၇)ရက်အတွင်း ကျွန်ုပ်ထံစာရွက်စာတမ်း အထောက်အထားခိုင်လုံစွာဖြင့် ကိုယ်တိုင်လာရောက်ကန့်ကွက်တင်ပြနိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည်အထိ ကန့်ကွက်အရေးဆိုသူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသန်းအောင်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၂၀၁၈၅)**
**အမှတ်(၇၉)၊ ၁၀၁လမ်း၊ ကန်တော်ကလေး၊ ရန်ကုန်။**
**ဖုန်း-၀၉-၇၃၀၃၅၇၄၉၊ ၀၉-၄၄၃၀၃၅၇၄၉**

တောတောင်ပျက်ပြုန်း မြေဆီသုဉ်း၏

